The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 13 တနင်္လာနေ့တိုင်းထုတ်ဝေသည် March 26, 2018

# မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဈေးကွက်မှသည် နိုင်ငံတကာဈေးကွက်သစ်များသို့တင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

စာမျက်နှာ - ၈ ➢





## ကုန်သွယ်မှုကဏ္ဍမှ မွေးမြူရေးတောင်သူများ အကျိုးစီးပွား မြှင့်တင်ရေးဆောင်ရွက်



စာမျက်နှာ - ၁၂ ➢

## EIF လုပ်ငန်းစဉ်၏ Tier 1 အဆင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

စာမျက်နှာ - ၃ ➢

## ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ဈေးကွက်ဝင် ကော်ဖီပင်များ စတင်စိုက်ပျိုး

စာမျက်နှာ - ၁၅ ➢

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သစ်သီးဝလံများ တန်ဖိုးမြှင့် ထုတ်လုပ်တင်ပို့ရေးနှင့် ဈေးကွက်ဝင်ရောက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ - ၁၅ ➢





Golden Thurain Linn Agricultural Machinery And Technology Trading Co., Ltd.
တိုက်အမှတ်-၁၁၀(ဘီ)၊အခန်း(စ)၊ငှထပ်ဆောင်၊နဝဒေးဥယျာဉ်အိမ်ရာ၊ပိမိုးနင်းလမ်းအနီး၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉၂၅၀၆၄၁၅၅၀၊၀၉၂၅၀၀၃၀၃၉၇၊၀၉၄၅၂၁၁၇၈၄၆-၄၇
Web: http://www.sunshen.com.tw
Email: goldensun103@gmail.com
PRODUCT SPECIFICATION
Oil-free chaff furnace 30 tons one to five dryer
MS-30
MS-38
MS-28
CL 423FAR120
CAPACITY:12T
HEIGHT:9095mm



SweMyoMae
ဆွေမျိုးမေ
Natural
Fruits
အမှတ်(၆၅၂/၆၅၃)၊မဟော်ဂနီလမ်း၊ အဆင့်မြင့်(၅)ရပ်ကွက်၊ လှိုင်သာယာ၊ရန်ကုန်။ဖုန်း-၀၉-၇၃၀၀၈၀၈၆၊၀၉-၇၃၀၃၀၂၂၃
Email:swemyomae1999@gmail.com
(FDA No.Sa2/11039/Hta La)



SPEEDY SHINE
Elevator
သီးသန့်ပါဝါမီတာ မလိုအပ်ပဲ အိမ်သုံးလျှပ်စစ်မီတာဖြင့်
သုံးစွဲနိုင်တဲ့ အကောင်းဆုံးအိမ်သုံး ဓာတ်လှေကား (၃/၄/၅ ယောက်စီး)
Hot Line
099 777 555 44



MYAWADDY
TRADING LIMITED
Vision
To be the leading organization in trading sector
Mission
To deliver best supports to achieve business goals by implementing the trading business in most efficient and effective way
MYAWADDY TRADING LIMITED

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပသော Informal WTO Ministerial Meeting သို့တက်ရောက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ကျင်းပသော Informal WTO Ministerial Meeting သို့တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းဆွေးနွေးလျက်ရှိသော Doha Development အစီအစဉ်များ၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် အထူးနှင့် သီးသန့်အခွင့်အရေးဆိုင်ရာကိစ္စရပ်အပါအဝင် Issue အသစ်များဖြစ်သည့် e-Commerce, Investment Facilitation အစရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက် သဘောထားများကို ထည့်သွင်းရှင်းလင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဒုတိယဝန်ကြီးသည် အခြားအဖွဲ့ဝင်နိုင်ငံများမှတက်ရောက်လာကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နရိန္ဒရာမိုဒီအားသွားရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။

အဆိုပါ Informal WTO Ministerial Meeting သို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Roberto Azevedo၊ အိန္ဒိယနိုင်ငံ၊ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Suresh Prabhu တို့နှင့်အတူနိုင်ငံပေါင်း ၅၂ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ အဆိုပါ ၅၂ နိုင်ငံအနက် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် နယူးဒေလီမြို့သို့ကြိုတင်ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်သည် မတ် ၁၉ ရက် ညနေပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည် များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့်အတူ နယူးဒေလီမြို့ရှိ ကူးသန်း ရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် အစားအသောက်၊ ဖြန့်ဖြူးရေးနှင့် စားသုံးသူရေးရာဝန်ကြီးဌာနတို့၏ Minister of State ဖြစ်သူ H.E. Shri C.R. Chaudhary ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံ ပိုမိုတင်ပို့နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

---

## ဒုတိယအကြိမ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်ထူးတက်ရောက်

ဒုတိယအကြိမ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးဆွေးနွေးပွဲကို မတ် ၂၂ ရက်က ရန်ကုန်မြို့ရှိ Hotel Pan Pacific ၌ပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အိန္ဒိယနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စားသုံးသူရေးရာဝန်ကြီး Shri C R Chaundary၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Shri Vikram Misri၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအခြေစိုက် India Myanmar Chamber of Commerce (IMCC) မှ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် Forging Partnerships For Economic Integration ခေါင်းစဉ်ဖြင့် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍ၊ စွမ်းအင်နှင့် အခြေခံအဆောက်အဦကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးနှင့် ဆေးဝါးကဏ္ဍတို့ကို သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများမှ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

"အခုလိုဆွေးနွေးပွဲကနေ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေး ဆက်နွယ်ဆောင်ရွက်မှုတွေတိုးတက်လာနိုင်သလို မြန်မာနိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ပေးနိုင်မယ်လို့ ယုံကြည်မိပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုသဘောတူညီချက်ကို ၁၉၇၀တွင် လက်မှတ်ရေးထိုးခဲ့သည်။

**သန်းထိုက်အောင်**

---

## EIF လုပ်ငန်းစဉ်၏ Tier 1 အဆင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော EIF လုပ်ငန်းစဉ်အောက်ရှိစွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော်ခြင်း အဆင့်-၁ စီမံကိန်း (Tier 1 Project)၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် Project Monitoring & Evaluation Management ဒုတိယအကြိမ်မြောက်သင်တန်းကို မတ် ၁၂ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ရှိ Park Royal Hotel ၌ လည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ နည်းပညာဆိုင်ရာ အထောက်အပံ့အနေဖြင့် ပေးအပ်သည့် Workshop on Tariff Rationalization and Data Related to Market Access in Goods ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၉ ရက် တွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌လည်းကောင်း အသီးသီး ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းမှ အဖွင့်အမှာစကားပြောကြားခဲ့ရာ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ပေးအပ်သည့် Aid for Trade ဆိုင်ရာ အကူအညီတစ်ခုဖြစ်သော Enhanced Integrated Framework (EIF) အစီအစဉ်မှာပါဝင်၍ အကူအညီများ ရယူခံစားနိုင်ဖို့အတွက် ဆောင်ရွက်ခဲ့ကြောင်း၊ EIF အစီအစဉ်သည် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပါဝင်ဆောင်ရွက်ကြမည့် အစိုးရဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ Stakeholder များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ အပါအဝင်

**စာမျက်နှာ ၁၅ သို့**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် နယ်စပ်နဲ့ရေကြောင်းမှဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ်လ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၀၃၇ သန်းတန်ဖိုးရှိ ဧည့်မထဆန်နဲ့ ငစိန်ဆန် ၃၄၈၂၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန်တန်ချိန် ၂၅၁၆၀နဲ့ ငစိန်ဆန် ၂၉၂ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၇၃၆၂ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၃၂ တန်ကျော်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၃၀ တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၅၆၀၊ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၁၈၅ တန်ကျော်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်ကုန်သွယ်ရေးစခန်းများရဲ့ ဆန်တင်ပို့မှုမှာ ယခင်တစ်ပတ်တင်ပို့မှုထက် ၄၃၅၆ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၇ သန်းတန်ဖိုးရှိ ဆန်ကွဲ ၉၀၅ တန်ကို တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၅၀၀ ခန့်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၄၀၅ တန်တင်ပို့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၄၁ တန်ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၇၅ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၄၀၈၂၇ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၁၆၃၇၅ တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဆန်တန်ချိန် ၁၃၅၆၀ တင်ပို့ခဲ့ပြီး ကင်မရွန်းနိုင်ငံသို့ တန်ချိန် ၄၇၅၀နဲ့ ရုရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊တရုတ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ၂၅၀၄၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅၇၈၁ တန်တင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၄၁ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၉၂၀၀ တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀၊ ဆီနီဂေါနိုင်ငံသို့ တန်ချိန် ၁၅၀၀၀ နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၄၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၂၂၇၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၉၂၂ တန်ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ဆန် ၂၀၁၃၇ တန်နဲ့ ဆန်ကွဲ ၁၆၃၃၃ တန်ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။ **ယဉ်ယဉ်အေး**



## ဟင်္သာတမြို့နယ်တွင် ဆန်ဈေးအနည်းငယ်ကျ ကျန်မြို့နယ်များ ပုံမှန်ရောင်းဝယ်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၏ ဆန်စပါးဈေးကွက်မှာ ယခုရက်ပိုင်းအတွင်း မြို့နယ်စုံ၌ ဆန်စပါးဈေးနှုန်းတည်ငြိမ်၍ ပုံမှန် အရောင်းအဝယ်ဖြစ်ပြီး ဟင်္သာတမြို့နယ်တွင် မိုးဧည့်မထဆန်ဈေးမှာ ယခင်က ၁၀၈ ပေါင် ဆန် တစ်အိတ် ကျပ် ၂၂၅၀၀မှ ယခုလက်ရှိဈေး ကျပ် ၂၂၀၀၀ ဈေးဖြစ်သွားသဖြင့် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ လျော့နည်းသွားပြီး ဆန်ဈေး အနည်းငယ်ကျဆင်းလျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရပါတယ်။

ဆန်စပါးဈေးကွက်မှာ လူအများစားသုံးနိုင်သော ဧည့်မထဆန်များ အရောင်းအဝယ်အများဆုံးဖြစ်နေပါတယ်။ ပေါ်ဆန်းဈေးကွက်မှာ ပုံမှန်ရှိ၍ ယခုလက်ရှိအချိန်အထိ ဒေသတွင်း ရောင်းလိုအားနှင့်ဈေးမှာ မြို့နယ်စုံနီးပါး၌ တည်ငြိမ်လျက်ရှိပြီး ရန်ကုန်နှင့် အညာဒေသမှ ဝယ်လိုအား မြင့်တက်လာလျှင် အရောင်းအဝယ်သွက်၊ ဈေးနှုန်းမြင့်တက်မှုရှိ၍ အရောင်းအဝယ် အေးလျှင် ဈေးနှုန်းတည်ငြိမ်မှုရှိကြောင်း ဆန်စပါးကုန်သည်အသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

## အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆန်တိုးမြှင့်တင်ပို့နိုင်ရန် ထိုင်းကြိုးစား

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ၎င်း၏တောင်သူလယ်သမားများကိုခိုင်မာစွာထောက်ပံ့နိုင်ရေးကြိုးပမ်းမှုတစ်ခုအဖြစ် အစိုးရအချင်းချင်းပူးပေါင်း၍ တိုက်ရိုက်ဆန်တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ ထိုသို့ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ထိုင်းအစိုးရအာဏာပိုင်များမှ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်သည်။

"အချို့အာရှနိုင်ငံတွေမှာ ဆန်တင်ပို့မှုကို အစိုးရကပဲ အဓိကလုပ်ဆောင်နေတာပါ။ ဒီနိုင်ငံတွေကို ထိုင်းနိုင်ငံကလည်း သွားရောက်ညှိနှိုင်းဖို့ စိတ်ဝင်စားနေတယ်။ ထိုင်းပုဂ္ဂလိကကုမ္ပဏီတွေ ဆန်ပိုမိုတင်ပို့ရောင်းချနိုင်အောင် အစိုးရက ကူညီပေးမှာဖြစ်သလို ထိုင်းအစိုးရကလည်း အစိုးရအချင်းချင်း ကုန်သွယ်မှုလမ်းကြောင်းကနေ ဆန်ရောင်းချလိုတယ်ဆိုတာကို သိစေချင်တယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Adul Chotinisakorn က ပြောခဲ့သည်။

ထိုင်းအစိုးရသည် အီရတ်၊အီရန်စသော အရှေ့အလယ်ပိုင်းဒေသများနှင့်ညှိနှိုင်းဆောင်ရွက်နိုင်ဖွယ်ရှိပြီး အဆိုပါနိုင်ငံများသို့ နှစ်စဉ် ဆန်တန်ချိန် ၁ မီလီယံခန့်စီ လောလောဆယ် တင်ပို့လျက်ရှိသည်။

လက်ရှိတွင် ထိုင်းအစိုးရသည် အစိုးရအချင်းချင်း ဆန်ကုန်သွယ်မှုပြုရန် စိတ်အားထက်သန်နေသော်လည်း တင်ပို့မည့်နည်းလမ်းများနှင့်ငွေပေးချေမှုပုံစံများသည် ညှိနှိုင်းဆောင်ရွက်မှုပြုရန် ခက်ခဲသည့်အနေအထားတွင်ရှိနေသေးကြောင်းသိရသည်။ **ကြည်သာသစ်နိုင်**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၃-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၁၅ | ၄၂၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၅ | ၄၁၀ | △ | ၄၁၂ | ၄၁၅ | △ | ၄၂၅ | ၄၃၀ | △ | ၃၉၈ | ၄၁၃ | △ |
| ဆန်ဖြူ ၁၀% | ၄၀၃ | ၄၀၈ | △ | ၄၀၈ | ၄၁၀ | △ | - | - | - | ၃၉၄ | ၄၀၉ | △ |
| ဆန်ဖြူ ၁၅% | ၄၀၀ | ၄၀၅ | △ | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၉၀ | ၄၀၅ | △ |
| ဆန်ဖြူ ၂၅% | ၃၈၉ | ၃၉၃ | △ | ၃၉၂ | ၃၉၂ | □ | ၃၈၅ | ၃၈၅ | □ | ၃၆၃ | ၃၇၀ | △ |
| ပေါင်းဆန် | ၄၄၀ | ၄၄၀ | □ | - | - | - | ၄၂၃ | ၄၂၃ | □ | - | - | |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂၃-၃-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၅၈၀ | △ | ၂၃၅၀၀ | □ | ၇၈၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၀၀၀ | □ | ၈၆၄၀ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၇၀၀ | □ | ၂၂၀၀၀ | ▽ | ၇၀၀၀ | □ | ၃၆၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | △ | ၂၇၀၀၀ | △ | ၁၄၅၀၀ | ▽ | ၄၆၀၀၀ | ▽ |
| စစ်တွေ | ၄၂၅၀ | □ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၂၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၉၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၄၀၀ | ▽ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၄၅၀၀ | △ | - | - | ၄၆၀၀၀ | △ |
| မော်လမြိုင် | ၅၈၀၀ | □ | ၂၂၀၀၀ | □ | ၇၈၀၀ | □ | ၃၄၀၀၀ | □ |
| လှိုင်ကော် | ၇၆၇၀ | □ | ၃၀၀၀၀ | □ | - | - | ၅၈၀၀၀ | ▽ |
| မြိတ် | ၅၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ဘားအံ | ၅၆၀၀ | △ | ၂၆၀၀၀ | ▽ | - | - | ၄၄၂၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၉-၃-၂၀၁၈ မှ ၂၃-၃-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1014 | 44,530,199.471 |
| 2 | Form D | 135 | 5,459,372.114 |
| 3 | Form E | 116 | 3,889,868.251 |
| 4 | Korea GSP | 8 | 161,179.100 |
| 5 | Form AK | 120 | 5,128,964.301 |
| 6 | Form AJ | 16 | 783,927.780 |
| 7 | Form AI | 48 | 2,600,063.610 |
| 8 | Form AANZ | 17 | 454,035.010 |
| 9 | Form DFTP | | |
| Grand Total | | 1474 | 63,007,609.637 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၃-၃-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၆/၃ | ၂၃/၃ | ပြောင်းလဲမှု | ၁၆/၃ | ၂၃/၃ | ပြောင်းလဲမှု | ၁၆/၃ | ၂၃/၃ | ပြောင်းလဲမှု | ၁၆/၃ | ၂၃/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၀၅ | ၇၉၅ | ▼ | ၇၁၇ | ၇၁၇ | ■ | ၇၆၅ | ၇၆၅ | ■ | ၇၅၀ | ၇၃၀ | ▼ |
| ပဲစင်းငုံ | ၆၂၇ | ၆၂၉ | ▲ | ၅၅၈ | ၅၇၅ | ▲ | ၅၂၅ | ၅၂၅ | ■ | ၅၇၀ | ၅၆၅ | ▼ |
| ပဲတီစိမ်း | ၁၂၀၀ | ၁၂၀၀ | ■ | ၁၉၀၂ | ၁၉၂၀ | ▲ | ၁၂၁၁ | ၁၂၁၁ | ■ | ၁၃၇၀ | ၁၃၇၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၂၆၆ | ၁၂၉၃ | ▲ | ၁၃၅၃ | ၁၂၈၉ | ▼ | ၁၃၄၀ | ၁၂၂၀ | ▼ |
| ပဲလွန်းဖြူ | ၁၀၅၀ | ၁၀၅၀ | ■ | ၁၂၆၇ | ၁၂၈၃ | ▲ | - | - | - | ၁၄၁၀ | ၁၃၀၀ | ▼ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၉၅၆ | ၁၉၀၂ | ▼ | - | ၁၆၅၈ | - | ၁၇၃၀ | ၁၇၆၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၃-၃-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၆/၃ | ၂၃/၃ | ပြောင်းလဲမှု | ၁၅/၃ | ၂၂/၃ | ပြောင်းလဲမှု | ၁၅/၃ | ၂၂/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၆၀ | ၃၇၅ | ▲ | ၆၀၁ | ၅၉၂ | ▼ | ၅၃၉ | ၅၃၈ | ▼ |
| ပဲစင်းငုံ | ၂၉၀ | ၂၉၅ | ▲ | ၆၀၄ | ၅၉၉ | ▼ | ၆၃၉ | ၆၃၄ | ▼ |
| ပဲတီစိမ်း | ၆၁၀ | ၆၁၀ | ■ | - | - | - | ၇၃၉ | ၇၃၈ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၆၀၀ | ၆၀၀ | ■ | ၅၇၄ | ၅၆၁ | ▼ | ၅၈၅ | ၅၇၃ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၁၀.၃.၁၈)ထိ | (၁၇.၃.၁၈)ထိ | (၁၇.၃.၁၈) ထိ |
| မတ်ပဲ | ၄၁၄၆၈ | ၄၀၁၅ | ၄၅၄၈၃ |
| ပဲတီစိမ်း | ၂၃၄၃၉ | ၅၃၂၀ | ၂၈၇၅၉ |
| ပဲစင်းငုံ | ၁၉၄၈၄ | ၁၂၅၉ | ၂၀၇၄၃ |
| ကုလားပဲ | ၄၄၈ | ၂၉၀ | ၇၃၈ |
| ပဲလွန်းဖြူ | ၁၀၄၃၄ | ၁၂၉၃ | ၁၁၇၂၇ |
| မြေထောက်ပဲ | ၂၄၃၈ | ၆၀၆ | ၃၀၄၄ |

## လက်လီသမားနဲ့အရောင်းအဝယ်ပိုဖြစ်နေတဲ့ ပြည်ပဲနီပြားသစ်

ပြည်ပဲဈေးကွက်အတွင်း ဆောင်းပဲသီးနှံမျိုးစုံအထွက်လှိုင်ချိန်ဖြစ်လို့ ပဲဝင်ရောက်မှုအနေဖြင့်လည်း ဝင်ရောက်မှုများလျက်ရှိပါတယ်။ ပဲနီပြားဆိုလျှင် ရွှေတောင်၊ ကျီးသဲနဲ့နတ်တလင်း၊ တာပွန်နှင့်ညောင်လေးပင်ဘက်မှ အဝင်များလို့ တစ်ရက်အိတ် ၂၀၀ မှ ၂၅၀ ကျော်ထိ နေ့စဉ်ဝင်ရောက်ခဲ့ပါတယ်။ လက်လီ၊ လက်ကားရောင်းဝယ်မှုဖြစ်သော်လည်း လက်လီသမားများပိုအဝယ်လိုက်လျက်ရှိတယ်လို့သိရပါတယ်။ ပဲဈေးမှာတစ်တင်းကျပ် ၂၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လို့ ထောပတ်ပဲသီးနှံဈေးကို မမီပေမယ့် ဘိုကိတ်၊ ပဲလွန်းဖြူသီးနှံများထက်ဈေးပိုရခဲ့သလို မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ သီးနှံများထက်လည်း ဈေးကောင်းရနေကြောင်းသိရပါတယ်။ ယခင်နှစ်က ပဲနီပြားသီးနှံမှာ ယခုလိုကာလတွင် တစ်တင်းကျပ်နှစ်သောင်းခန့်သာရရှိပြီး နှစ်ကုန်ပိုင်းမှစ၍ ပဲဈေးနှုန်းများဈေးကောင်းရလာကာ ယခုပဲသစ်ပေါ်ချိန်ထိလည်း ဈေးကောင်းနေဆဲဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။


**ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူသီးနှံ အဝင်နည်းပြီးဈေးငြိမ်

ယခုတစ်ပတ်ပြည်ပဲဈေးကွက်သို့ ပဲလွန်းဖြူသီးနှံသစ်ဝင်ရောက်မှုနည်းသွားတာကြောင့် တစ်ရက်အိတ် ၄၀မှ ၅၀ခန့်သာ နတ်တလင်း၊ တာပွန်၊ မိုးညိုဘက်မှ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ဝယ်လက်ကလည်း လက်ကားသမားသိပ်မရှိဘဲ လက်လီရောင်းဝယ်မှုပိုဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာဈေးငြိမ်လျက်ရှိလို့ တစ်တင်းကျပ် ၂၂၀၀၀ ဖြင့်သာ လဆန်းရက်မှ ယခုအချိန်ထိပြောင်းလဲမှုသိပ်မဖြစ်ဘူးလို့ သိရပါတယ်။ ဒါကြောင့် လက်လီပဲဈေးကွက်ရဲ့သီးနှံများမှာ ဘိုကိတ်ပဲသီးနှံထက် ဈေးပိုပြီး အခြားလက်လီရောင်းဝယ်မှုအဖြစ်များသော ထောပတ်ပဲ၊ ပဲနီပြား၊ စားတော်ပဲသီးနှံများထက် ဈေးလျော့နေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲမျိုးစုံဈေးကွက်တွင်း ပဲကြီးသီးနှံဈေးအမြင့်ဆုံးဖြစ်သလို အရောင်းအဝယ်လည်း အသွက်ဆုံးဖြစ်နေ



မတ်လ တတိယပတ် ပြည်ပဲမျိုးစုံ ဈေးကွက်မှာ ဆောင်းပဲသီးနှံမျိုးစုံဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ မတ်ပဲ၊ ပဲကြီးနှင့် ကုလားပဲသီးနှံများမှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်ခဲ့ပြီး ပဲတီစိမ်းသီးနှံမှာ ရက်ခြားသာ ရောင်းဝယ်မှုဖြစ်ခဲ့ကြောင်း သိရပါသည်။ ပဲစင်းငုံသီးနှံကတော့ ပြည်အနီးတစ်ဝိုက်နယ်စုံမှဝင်ရောက်ခဲ့ပြီး အိတ် ၂၀၀ကျော် နေ့စဉ်အဝင်ရှိကာ ရန်ကုန်ဝယ်လက်နေ့စဉ်အဝယ်ရှိလို့ အိတ် ၂၀၀ မှ ၃၀၀ ထိ ရောင်းချမှုရှိခဲ့တယ်လို့သိရပါတယ်။ ဈေးနှုန်းမှာ တစ်တင်း ကျပ် ၁၁၀၀၀ ဖြင့် ဈေးငြိမ်နေခဲ့လို့ ပဲဈေးကွက်အတွင်းမှာလည်း ဈေးအနိမ့်ဆုံးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။

မတ်ပဲသီးနှံကတော့ ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ရွှေတောင်နှင့် ကျီးသဲမြို့နယ်များမှ နေ့စဉ်ဝင်ရောက်လျက်ရှိကာ တစ်ရက်အိတ် ၅၀၀ ကျော် အဝင်များခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်မှ နေ့စဉ်ဝယ်ယူလျက်ရှိလို့ ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၁၆၁၀၀ ဖြင့် ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်လျက်ရှိခဲ့ပါတယ်။ မတ်ပဲသီးနှံမှာ ယခုနှစ်အတွင်း ပဲဈေးနှုန်း မကောင်းခဲ့သလို အချို့ဒေသများမှာ ပဲအထွက်နှုန်းလည်း လျော့ခဲ့လို့ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများတွက်ခြေကိုက်မှု မရှိပေမယ့် တချို့ တောင်သူတွေကတော့ ပဲအထွက်နှုန်းကောင်းခဲ့တာကြောင့် ဈေးမကောင်းသော်လည်း အရှုံးတော့ မရှိကြဘူးလို့သိရပါတယ်။ငွေလို၍ထုတ်ရောင်းသူများရှိသလို လက်ဝယ် ဆက်လက်သိုလှောင်ထားသည့် တောင်သူများလည်းရှိသည့်အတွက် ထွက်ရှိသမျှ ပဲသီးနှံအားလုံးတော့ ဈေးကွက်သို့ ဝင်ရောက်ခြင်းမရှိဘူးလို့ သိရပါတယ်။ သို့သော်လည်း ပဲဈေးကွက်တွင်း ပဲဟောင်းလက်ကျန်ရော ပဲသစ်များပါရှိနေတဲ့အတွက် ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပဲအဝင်နည်းသွားပေမယ့် တစ်ရက်အိတ်၁၅၀ကျော် ဝင်ရောက်ခဲ့ပြီး ဝယ်လိုအားအနေဖြင့်နေ့စဉ်မဖြစ်တော့ဘဲ ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မန္တလေးလိုင်းသမားများအနေဖြင့် ပဲအဝင်နည်းလို့ ရက်ခြားသာ ဝယ်ယူနေခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၂၅၅၀၀ ဖြင့် ဈေးငြိမ်နေပေမယ့် မတ်ပဲနှင့် ပဲစင်းငုံသီးနှံတို့ထက် ဈေးမြင့်နေခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ်မှာ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများ ပဲသစ်မပေါ်ခင်ကတည်းက ဈေးအေးခဲ့ပြီး ပဲသစ်ပေါ်ချိန်မှာလည်း ဈေးဆက်အေးခဲ့တာကြောင့် အဆိုပါပဲသီးနှံများထဲတွင် ပဲတီစိမ်းသီးနှံသာ ဈေးကောင်းခဲ့တာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံမှာတော့ ယခုတစ်ပတ်အတွင်း ဝင်ရောက်မှုများလာသလို လှောင်သမားနှင့် ပဲကြော်ဖိုသမားများ အဓိကထား ဝယ်ယူလျက်ရှိတာကြောင့် အရောင်းအဝယ်သွက်တဲ့ သီးနှံဖြစ်ခဲ့ပြီး တစ်ရက်အိတ် ၇၀၀ မှ ၈၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ ပြည်ဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လို့ ယခုကာလသည် ပဲအထွက်ဆုံးချိန်ဖြစ်ခဲ့တဲ့အတွက် ဈေးကွက်မှာ အခြားပဲများထက် အဝင်ပိုများသလို အရောင်းအဝယ် အသွက်ဆုံးဖြစ်ပြီး ဈေးလည်း အမြင့်ဆုံးရလျက်ရှိပါတယ်။ ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်း ကျပ် ၃၈၀၀၀၊ (ကမ်းနား)တစ်တင်း ကျပ် ၃၆၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် ပိုရလာတယ်လို့လည်း သိရပါတယ်။

စားတော်ပဲနှင့် ပဲပုပ်သီးနှံများမှာ ပဲအဝင်အနေဖြင့် စားတော်ပဲသီးနှံမှာ အိတ် ၁၀၀ ခန့်ဝင်ရောက်ပြီး ပဲပုပ်သီးနှံများမှာ ပဲအဝင်မရှိဘဲ လက်ကျန် ပဲများဖြင့်သာ ရောင်းဝယ်နေခဲ့ကြတာကို တွေ့ရပါတယ်။ လက်လီသာအရောင်းအဝယ်ဖြစ်ခဲ့ကြလို့ စားတော်ပဲတစ်တင်း ကျပ် ၃၄၅၀၀ ၊ ပဲပုပ် တစ်တင်း ကျပ် ၂၄၅၀၀ တို့ဖြင့် ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်လျက်ရှိကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပခုက္ကူကုန်စည်ဒိုင်၌ ပဲယင်း၊ ပဲဇီးကွက်နှင့်ထောပတ်ဖြူ အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအသစ် တစ်တင်းလျှင် ကျပ် ၉၀၀၀ မှ ကျပ် ၁၀၀၀၀ ဖြင့် အိတ် ၅၀ခန့် နှင့် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၁၁၆၀၀ ဖြင့် နေ့စဉ် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့်အိတ် ၅၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၄၃၀၀ ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ဖြင့် အိတ် ၅၀ ခန့်၊ ပဲယင်း (ယော)တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ ပဲယင်း(မြစ်ခြေ)တစ်တင်းလျှင် ကျပ် ၁၈၁၀၀ဖြင့် အိတ် ၃၀ခန့်၊ ပဲလွန်းပြာအသစ်တစ်တင်းလျှင် ကျပ် ၁၆၆၀၀ ဖြင့် အိတ် ၃၀ခန့်၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၃၀၀၀ဖြင့် အိတ် ၁၀၀ခန့်နှင့် ပဲကြီးဖြူတစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

စွန်တာနီ(ယော)တစ်တင်းလျှင် ကျပ် ၂၂၅၀၀ ဖြင့် အိတ် ၅၀၊ စွန်တာနီ(ကျွန်း)တစ်တင်းလျှင် ကျပ် ၂၁၈၀၀ ဖြင့် အိတ် ၅၀၊ ထီးလင်း (စားတော်ပဲ)တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းဖူးစေ့ (CP)ဈေးဟာလည်း တရိပ်ရိပ်တက်လျက်ရှိပြီး ဖေဖော်ဝါရီလ ပထမပတ်တွင် တစ်တင်းလျှင် ကျပ် ၁၀၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၁၀၈၀၀ ဖြင့် အိတ် ၁၀၀၊ ယောထောပတ်ပဲဖြူတစ်တင်းလျှင် ကျပ် ၃၂၅၀၀ ဖြင့် အိတ် ၁၀၀ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

နှမ်းဈေးကွက်တွင် ပြည်ပမှအဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်(ဂွ) တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၅၀၀၀ဖြင့် အိတ် ၅၀၊ နှမ်းနက် (စမုံ) တစ်တင်း ကျပ် ၂၇၀၀၀ မှကျပ် ၃၈၇၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၁၀၄၀ ဖြင့် ပိဿာချိန် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

## ပြည်ကုလားပဲဝင်ရောက်မှုများသလို အရောင်းအဝယ်သွက်နေ

မတ်လလယ်မှစ၍ ပြည်ပဲဈေးကွက်သို့ ကုလားပဲသီးနှံသစ်များဝင်ရောက်မှုများလာတာကြောင့် ယခုတစ်ပတ်မှာလည်း တစ်ရက်အိတ် ၅၀၀ ကျော်ထိ ဝင်ရောက်ခဲ့ပါတယ်။ ပန်းတောင်း၊ မင်းတုန်းနှင့် ကံမမြို့နယ်များမှ အများဆုံးဝင်ရောက်ခြင်းဖြစ်တယ်လို့သိရပါတယ်။ ဝယ်လက်အနေဖြင့် ခွဲစက်သမားများအဝယ်လိုက်လို့ အရောင်းအဝယ်သွက်လျက်ရှိပြီး ပဲဈေးမှာတစ်တင်းကျပ် ၂၅၅၀၀ရရှိကာ ယခင်တစ်ပတ်ကထက်တော့ ဈေးလျော့သွားခဲ့ကြောင်း သိရပါတယ်။ ကုလားပဲသီးနှံမှာ ပဲဟောင်းဈေးတုန်းက တစ်တင်းကျပ်လေးသောင်းကျော်ဖြင့် ဈေးကောင်းရခဲ့သော်လည်း ပဲသစ်ပေါ်ချိန်မှစ၍ ဈေးလျော့အဝယ်ရှိကာ ပဲဟောင်းဈေးကို မမီဘဲ ပဲသစ်ဈေးအေးခဲ့တာကို တွေ့ရပါတယ်။ သို့ပေမယ့် မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်တော့ ဈေးပိုရနေပြီး ပဲတီစိမ်းနှင့်ဈေးပြိုင်ရလျက်ရှိကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၂.၃.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.PRIMROSE | P'Oil(In Bulk) ၄၃၀၀ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း (၂) | - MAX CRUSADER | ကုန်သေတ္တာ ၄၄၅ ကုန်တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း (၃) | - SINAR BANDA | ကုန်သေတ္တာ ၅၂၂ ကုန်တင်ရန် |
| အလုံဆိပ်ကမ်း (၂) | - ROYAL-27 | Urea ၁၁၀၀၀ ကုန်ချရန် |
| စက်မှုဆိပ်ကမ်း (၃) | - MAERSK WELLINGTON | ကုန်သေတ္တာ ၄၉၂ ကုန်ချရန် |
| စက်မှုဆိပ်ကမ်း (၄) | - MCC HALONG | ကုန်သေတ္တာ ၆၆၈ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၄) | - DYNAMIC OCEAN -27 | Steel D 'REBARS ၆၆၈၇ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၇) | - BUDVA | ဆန် ၂၅၆၇၈ တန်ကုန်တင်ရန် |
| ပိုလ်တစ်ထောင်ဆိပ်ကမ်း(၁) | - U THAR | Fertilizer (I/B) ၁၀၀၀၀ တန်ကုန်ချရန် |
| ပိုလ်တစ်ထောင်ဆိပ်ကမ်း(၂) | - HAN THAR | Steel Product ၅၂၉၆ တန်ကုန်ချရန် |
| Myanmar Integrated Port Ltd | - MS EUROPA | PAX 314 Nos |
| သီလဝါဆိပ်ကမ်း (၁) | - LEMANS EXPRESS | Units 21 Pkgs Vehicle (RO/RO) ၁၁၁၄ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၃) | - MS AMADEA | PAX 492 Nos |
| သီလဝါဆိပ်ကမ်း(၄) | - GH ROUGH HABIT | Steel & Equipment ၂၇၉၀၀ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၅) | - MS BLACK WATCH | PAX 474 Nos |
| MMTM JETTY | - MT.OCEAN AUTUMN | Diesel Oil+MOGAS (92RON) ၂၈၈၃၇ကုန်ချရန် |
| PUMA JETTY | - MT.AULAC VISION | JET A1 10098 ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DA ZHONG | Steel Structure ၁၇၁၄ တန်ကုန်တင်ရန် | - | ၂၁.၃.၂၀၁၈ |
| YANGTZE NOVA | Coal (In Bulk) ၃၃၀၀၀ တန်ကုန်ချရန် | - | ၂၂.၃.၂၀၁၈ |
| ALEA | ဆန် ၈၀၀၀ တန်ကုန်တင်ရန် | CEME ROON | ၂၃.၃.၂၀၁၈ |
| SPRING AMIR | Iron Pipes ၃၁၂၆ တန်ကုန်ချရန် | SINGAPORE | ၂၄.၃.၂၀၁၈ |
| BLUE ANGEL | Steel Product ၁၉၈၄၁ တန်ကုန်ချရန် | CHINA | ၂၄.၃.၂၀၁၈ |
| TUG;BRNNTAS 1202+ BG; SINGA BESAR 2305 | SPUN CON:Pile ၃၁၅၇ တန်ကုန်ချရန် | MALAYSIA | ၂၄.၃.၂၀၁၈ |
| VICTORIA-82 | Concrete Pile ၅၀၀၇ တန်ကုန်ချရန် | VIETNAM | ၂၅.၃.၂၀၁၈ |
| HOANG PHOUNG STAR | Ammonium Nitrate ၃၀၀၀ ကုန်ချရန် | VIETNAM | ၂၇.၃.၂၀၁၈ |
| UNI AUC ONE | Steel Products ၂၀၄၄၀ တန်ကုန်ချရန် | IRAN | ၃၀.၃.၂၀၁၈ |
| VIKING SEA | Units Vehicle (RO/RO) ၇၂၉တန်ကုန်ချရန် | JAPAN | ၃၀.၃.၂၀၁၈ |
| YU CHANG | Steel (Deformed Bars) ၁၅၁၇၉ | CHINA | ၃၁.၃.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၃.၂၀၁၈ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၃.၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၂.၃.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၃.၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၅.၃.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၃.၂၀၁၈ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၆.၃.၂၀၁၈ |
| ARCA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၈.၃.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၃.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၃.၂၀၁၈ |
| SHIBA | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၀.၃.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၀.၃.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.HYDROUSSA | MOGAS 92 RON | - | ၂၃.၃.၂၀၁၈ |
| MT.CAPE DURANGO | MOGAS 92 RON | SINGAPORE | ၂၃.၃.၂၀၁၈ |
| MT.SK LINE-1 | P'Oil(In Bulk) | INDONISIA | ၂၃.၃.၂၀၁၈ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၂၃.၃.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၂၄.၃.၂၀၁၈ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၂၅.၃.၂၀၁၈ |
| MT.OCEAN GOBY | ဒီဇယ်ဆီ | SINGAPORE | ၂၅.၃.၂၀၁၈ |
| MT.OCEAN HAWK | ဒီဇယ်ဆီ | SINGAPORE | ၂၅.၃.၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၂၇.၃.၂၀၁၈ |
| MT.GRATE PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၂၇.၃.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONISIA | ၂၉.၃.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONISIA | ၁.၄.၂၀၁၈ |

## ရေစကြိုကုန်စည်ဒိုင်တွင် ကုလားပဲနှင့်ပြောင်းဖူးစေ့(CP)အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးမြင့်တက်လျက်ရှိပြီးမြေပဲလုံးဆန်နီ (မြောင်) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀၊ ကျွန်းဆန်တစ်ပိဿာလျှင် ကျပ် ၁၉၅၀ မှ ကျပ် ၂၂၀၀၊ S1 (မြေပဲဖြူလုံးဆန်) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ M12 (မြေပဲလုံးဆန်) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ မှ ကျပ် ၂၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ရေစကြိုဒေသထွက် မတ်ပဲဈေးအနည်းငယ်ကျနေပြီး မတ်ပဲတစ်တင်းလျှင် ကျပ် ၁၂၀၀၀ မှ ကျပ် ၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲလွန်းပြာတစ်တင်းလျှင် ကျပ် ၁၆၅၀၀၊ ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၃၈၀၀ ဖြင့် အိတ် ၆၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၇၀ခန့်၊ 929 ကုလားပဲဖြူတစ်တင်းလျှင်ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၇၀ခန့်၊ ပဲပိစပ် တစ်တင်းလျှင် ကျပ် ၁၀၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၂၅၀၀၊ ထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၃၂၅၀၀၊ ပဲပုပ် တစ်တင်းလျှင် ကျပ် ၂၄၀၀၀ဖြင့် အိတ် ၅၀ခန့်၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၄၅၀၀၊ ပြောင်းဖူးစေ့ (CP)တစ်တင်းလျှင် ကျပ် ၁၀၈၀၀ ဖြင့် အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်နေကြောင်း ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

## ကယားပြည်နယ်အတွင်း ကုန်စည်တင်သွင်းမှုနှင့်ကုန်စည်စီးဆင်းမှုအခြေအနေများ


မတ်လ ၁၄ ရက်မှ ၂၁ ရက်အတွင်း ကယားဒေသထွက် ဧည့်မထဆန်လို့ ခေါ်တဲ့ ရွှေရင်အေးဆန်နဲ့ တရုတ်မွှေးဆန် အမျိုးအစားတို့ဟာ တရုတ်နိုင်ငံဈေးကွက်အကြိုက်ဖြစ်တဲ့အတွက် အရောင်းသွက်လှပါတယ်။ ကယားပြည်နယ်မှမူဆယ်ဘက်သို့ ဆန်တန်ချိန် ၉၀ ခန့် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၆၃ တန်ခန့် တင်ပို့မှုလျော့နည်းခဲ့ပါတယ်။ ကယားပြည်နယ်အတွင်းသို့ပြည်မမှဆန် ၃၅၀ အိတ်နှင့်ရွှေဘိုမှ ဆန် ၁၃၈၅ အိတ်တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၁၇၃၅ အိတ်၊ တန်ချိန် ၈၇တန်တင်သွင်း လာကြောင်းသိရှိရပါတယ်။

ပြောင်းဖူးစေ့တင်ပို့မှုမှာလည်း ရန်ကုန်တိရစ္ဆာန်အစာ ထုတ်လုပ်သောလုပ်ငန်းအတွက် ၂၇၈၀ အိတ် တန်ချိန်အားဖြင့် ၁၃၆တန်ကို လည်းကောင်း၊ မူဆယ်-ရွှေလီဘက်သို့၂၆၈၅ အိတ်တန်ချိန်အားဖြင့် ၁၃၂ တန်ကိုလည်းကောင်း တင်ပို့ခဲ့ပြီး၊ ပြောင်းအိတ်စုစုပေါင်း ၅၄၆၅ အိတ် တန်ချိန် ၂၆၇ တန်ခန့် တင်ပို့ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန် ပေါင်း ၇၃ တန်ခန့်တင်ပို့မှုလျော့နည်းလာခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒီလိုလျော့နည်းလာရခြင်းမှာ တောင်သူသီးနှံလက်ကျန် နည်းပါးလာခြင်းကြောင့်ဖြစ်တယ်လို့ တောင်သူများထံမှလေ့လာသိရှိရပါတယ်။

ကုန်ဈေးနှုန်းများအနေဖြင့် မတ်လ ၂၁ ရက်နေ့ထိ ပြောင်း (ခြောက်) အထိုင်ဈေး တစ်ပိဿာလျှင် ၅၆၅ကျပ်၊စပါး တင်း၁၀၀လျှင် ကျပ် ၇၆၇၀၀၀၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၄၀၀၀၊ ပေါ်ကွဲဆန် တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ ဧည့်မထ(ဒေသ)ဆန်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၃၀၀၀၊ ပဲဆီ တစ်ပိဿာလျှင် လက်လီ ကျပ် ၅၇၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် လက်လီ ကျပ် ၅၂၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် လက်လီ ကျပ် ၂၅၀၀၊ ဈေးကွက်အတွင်း အသား/ငါးဈေးနှုန်းများမှာ ကြက်(မွေးမြူရေး) တစ်ပိဿာ ကျပ် ၆၀၀၀၊ ဝက်(မွေးမြူရေး) တစ်ပိဿာ ကျပ် ၇၀၀၀၊ အမဲ (မွေးမြူရေး) တစ်ပိဿာ ကျပ် ၁၁၀၀၀၊ ဆိတ် (မွေးမြူရေး) တစ်ပိဿာ ကျပ် ၁၆၀၀၀ ဖြစ်ကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင် (လွိုင်ကော်-ကယား)**

## မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ကုလားပဲမျိုးစုံဈေးနှုန်းဆက်လက်ကျဆင်း



ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ကုလားပဲအသစ်များလှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ ကုလားပဲဈေးနှုန်းဆက်တိုက်ကျဆင်းခဲ့သည်ဟု ကုန်သည်တစ်ဦးထံမှသိရှိရပါတယ်။ ယခင်နှစ်က ကုလားပဲအသစ်ပေါ်ချိန်တွင် တစ်တင်းလျှင် ကျပ်သုံးသောင်းကျော်ပေါက်ဈေးရှိခဲ့ပြီး ယခုနှစ် ကုလားပဲအသစ်ပေါ်ချိန်တွင် ကျပ်နှစ်သောင်းကျော်ရှိခဲ့ရာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် တစ်သောင်းနီးပါးခန့် ဈေးနှုန်းကွာခြားသည်ကို တွေ့ရှိရပါတယ်။ ယခုတစ်ပတ် ကုလားပဲဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးတစ်တင်းလျှင် ကျပ် ၂၃၈၀၀၊ ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၂၃၅၀၀နှင့် 929 တစ်တင်းလျှင် ကျပ် ၂၃၃၀၀ဖြင့် ကုလားပဲမျိုးစုံ တစ်ရက် အိတ် ၃၀၀၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါတယ်။

မတ်ပဲသီးနှံမှာတော့ တစ်တင်း ကျပ် ၁၅၃၀၀ဖြင့် ဈေးငြိမ်ခဲ့ပြီး အရောင်းအဝယ်မှာ လက်ကျန်ပဲများဖြင့် တစ်ရက် အိတ် ၃၀၀ ခန့်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။ ပဲတီစိမ်းသီးနှံကတော့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ခဲ့ပြီး တစ်တင်း ကျပ် ၂၃၀၀၀-ကျပ် ၁၉၀၀၀ ဖြစ်ပြီး ပဲစင်းငုံသီးနှံ ဈေးကွက်မှာတော့ အဟောင်း ကျပ် ၁၁၄၀၀၊ အသစ် ကျပ် ၁၀၅၀၀ ဖြင့် အရောင်းအဝယ်မှာလည်း နှစ်မျိုးပေါင်း တစ်ရက်အိတ် ၁၀၀၀ ခန့်ဖြစ်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။

ယခုတစ်ပတ် အခြားလက်လီပဲဈေးကွက်မှာတော့ ပဲကြီးတစ်တင်းလျှင် ကျပ် ၂၈၅၀၀-၃၃၀၀၀ ဖြင့် ဒေသတွင်းဝယ်လက်နှင့် ရန်ကုန်ဝယ်လက်ဝယ်ယူမှုရှိခဲ့လို့ တစ်ရက်အိတ် ၈၀၀ခန့်၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၂၀၀ခန့်၊ မလွမ်းပိုတစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၁၀၀ခန့်၊ မြေထောက်ပဲ တစ်တင်းလျှင် ကျပ် ၃၁၀၀၀- ကျပ် ၂၈၅၀၀ဖြင့် အိတ် ၇၀၀ ခန့်၊ ပုဂံပဲတစ်တင်းလျှင် ကျပ် ၃၃၅၀၀ ဖြင့် အိတ် ၂၀၀ခန့်၊ ပဲပုပ်စေ့တစ်တင်းလျှင် ကျပ် ၂၅၅၀၀ ဖြင့် အိတ် ၈၀၀ခန့်၊ ပဲလွန်းပြာတစ်တင်းလျှင် ကျပ် ၁၆၅၀၀ ဖြင့် အိတ် ၂၀၀ ခန့်နှင့် ပဲယင်းဝါတစ်တင်းလျှင် ကျပ် ၁၈၅၀၀ ဖြင့် အိတ် ၁၀၀၀ ခန့်အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။

**လင်းလင်းသန့်**

## သီးနှံမပြောင်း စိုက်နည်းပြောင်းမည့် ပဲစင်းငုံတောင်သူ

မလှိုင်မြို့နယ်ဟာ ပဲစဥ်းငုံအထူးအထွက်တိုးဒေသဖြစ်ပါတယ်။ ယခုနှစ်မှာစိုက်ဧက ၉၀၉၈၃ စိုက်ပျိုးပြီး၊ ကွက်ကောက်အထွက်နှုန်းပျမ်းမျှ ၈တင်းခန့်၊ အထွက်တင်း ၇၂၇၈၆၄ ခန့် ထွက်ရှိကြောင်း၊ တစ်ဧကကုန်ကျစရိတ်မှာ(သီးညှပ်)စိုက်ပျိုးသည့်အတွက် ကျပ် ၈၀၀၀၀ မှ ၁၀၀၀၀၀ထိရှိကြောင်း သိရှိရပါသည်။ လက်ရှိဈေးကွက်အခြေအနေမှာတောင်သူ လက်ဝယ် သုံးပုံနှစ်ပုံခန့်ရှိပြီး ကုန်သည်လက်ဝယ် တစ်ပုံခန့်ရှိကြောင်း တောင်သူများအနေဖြင့်နောက်ပိုင်းတွင် ဈေးနှုန်းအပြောင်းအလဲဖြစ်လာနိုင်မည်ဟု မျှော်လင့်နေကြောင်း သိရသည်။

ဈေးနှုန်းမကောင်းသော်လည်း လာမည့်နှစ်တွင် ပဲစင်းငုံကို ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ စိုက်နည်းစနစ်ကိုတော့ပြောင်းလဲပြီး ယခင်တန်းကြားထက် ပိုမိုတန်းခြားပြီး အပင်ခြားစိုက်ပျိုးမည်ဟုသိရှိရပါသည်။ တန်းခြား၊အပင်ခြားစိုက်ပါက လေဝင်လေထွက်ကောင်းပြီး ပိုးကျရောက်မှုလည်းနည်းနိုင်ကာ ပိုးသတ်ဆေးသုံးစွဲမှုသက်သာပြီး အထွက်နှုန်းလည်းကောင်းနိုင်မည်ဟု ယူဆကြောင်း ပဲစိုက်တောင်သူများထံမှသိရှိရသည်။

**ရဲမြင့်ဆန်း (မလှိုင်)**

## ကြက်သွန်

### ပြည်ကြက်သွန်နီအဝင်များ၍ ဈေးနှုန်းများဆက်လက်ကျဆင်း

ပြည်ဈေးကွက်သို့ ယခုတစ်ပတ် ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်တစ်ပတ်နည်းတူ ဆက်လက်အဝင်များနေကြောင်း သိရပါတယ်။ မကွေးတိုင်းအတွင်းရှိ ရေနံချောင်း၊ တောင်တွင်း၊ အောင်လံ၊ သရက်စသည့်နယ်များမှ ကြက်သွန်နီများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၈၀၀ မှ ၁၀၀၀ထိ အဝင်ရှိနေတာတွေ့ရပါတယ်။ ယခုအချိန်ကာလသည် ကြက်သွန်နီ သီးနှံအနေဖြင့် အထွက်လှိုင်နေတဲ့ကာလဖြစ်သည့်အတွက် ဈေးနှုန်းမှာလည်း နှစ်စဉ်နှစ်တိုင်း ဈေးလျော့နည်းရရှိသော အချိန်ကာလတစ်ခုဖြစ်နေတာတွေ့ရပါတယ်။

ပြည်ဈေးကွက်တွင်လည်း ဝင်ရောက်မှုများတဲ့အတွက် ယခုတစ်ပတ် လက်လီ၊လက်ကားဈေးနှုန်းများ ပျမ်းမျှတစ်ပိဿာလျှင် ကျပ် ၂၀၀ခန့် ထပ်မံကျဆင်းသွားတာ တွေ့ရပါတယ်။ ဆက်တိုက်အဝင်များနေပြီး ဈေးနှုန်းများကျဆင်းနေပေမယ့် အရောင်းအဝယ်မှာ ဝင်ရောက်မှုရဲ့ထက်ဝက်ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်ပွဲရုံ လက်ကားဈေးတစ်ပိဿာလျှင် ကြီးလတ်သေး မခွဲခြားဘဲ အရည်အသွေးပေါ်မူတည်ကာ ကျပ် ၅၀၀ - ကျပ် ၆၀၀ - ကျပ် ၇၀၀ - ကျပ် ၈၀၀ စသည်ဖြင့် ခွဲခြားရောင်းချနေပြီး လက်လီဈေးများတွင် (ကြီး) ကျပ် ၉၀၀ မှ ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၈၀၀ မှ ကျပ် ၈၅၀၊ (သေး) ကျပ် ၆၅၀မှ ကျပ် ၇၀၀၊ (အသေးဆုံး) ကျပ် ၅၅၀ မှ ကျပ် ၆၀၀ နှုန်းတို့ဖြင့် ရောင်းဝယ် လျက်ရှိပါတယ်။ ယခင်တစ်ပတ် လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၇၀၀ - ကျပ် ၇၅၀ - ကျပ် ၈၀၀ - ကျပ် ၈၅၀ရှိပြီး လက်လီဈေး(ကြီး) ကျပ် ၁၂၀၀၊ (လတ်) ကျပ်၁၁၀၀၊ (သေး) ကျပ် ၉၀၀ မှ ကျပ် ၁၀၀၀နှုန်းတို့ရှိတဲ့အတွက် ယခုတစ်ပတ် ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက အကျဘက်သို့ ဦးတည်နေတာ တွေ့ရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

### တရုတ်နိုင်ငံသို့ ကြက်သွန်နီ ပိုမိုတင်ပို့

မတ် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုညဒသမ ၄၁၀သန်းတန်ဖိုးရှိ ကြက်သွန်နီ ၉၃၃ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ တန် ၅၁၀ နဲ့ နှိုင်းယှဉ်ပါက ၄၂၃ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်မှာ ထိုင်းနိုင်ငံသို့ ကြက်သွန်နီ တင်ပို့မှုမရှိဘဲ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၀၀၈ တန်ဖိုးရှိ ကြက်သွန်ဖြူနှစ်တန်ကို အိန္ဒိယ နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်နှစ်က ကြက်သွန်တစ်ပိဿာလျှင် ပျမ်းမျှ ကျပ် ၃၅၀ ဖြင့် ရောင်းချခဲ့ရပြီး ယခုနှစ် ကျပ် ၇၀၀ကျော်အထိ ဈေးရနေပေမယ့် ပျိုးထောင်စဉ်အချိန်က ကြက်သွန်ပျိုးခင်းတွေ ပိုးကျခဲ့တာကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကာ စိုက်ပျိုးချိန်တွင် ကြက်သွန်မျိုးများ ဈေးကြီးပေးဝယ်ခဲ့ရကြောင်း၊ စရိတ်စက ကြီးမားခဲ့လို့ တွက်ခြေကိုက်မှုနည်းပါးကြောင်း သရက်၊ အောင်လံမှ ကြက်သွန်စိုက်တောင်သူတွေထံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## နနွင်း

### ဒီတစ်ပတ် ပင်လယ်ရေကြောင်းမှ နနွင်းပြန်လည်တင်ပို့

မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၃၄၁ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၁၇တန်၊ အိန္ဒိယနိုင်ငံသို့ ၈၉ တန်၊ စင်ကာပူနိုင်ငံသို့ ၈၅ ဒသမ ၅တန်နဲ့ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၅၀ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့ခြင်းမရှိခဲ့တဲ့ နနွင်းက ဒီတစ်ပတ်မှပြန်လည်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၂၀-၇၆၀ ဝန်းကျင်ရရှိခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၈၅၂၅ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

### ရှမ်းနနွင်းပြည်တွင်းသုံးအတွက် ပုံမှန်ဝယ်ယူလျက်ရှိ

ရှမ်းနနွင်းအသစ်ကတော့ ပုံမှန်အဝင်ရှိနေပါတယ်။ အောင်ပန်းနနွင်းကတော့ ပြည်ပဝယ်လက်မရှိပေမယ့် ပြည်တွင်းသုံးအနေနဲ့ ချင်းကိုဝယ်ယူနေတဲ့မြို့တွေကပဲ အတူသယ်ယူဖို့ဝယ်နေတာကြောင့် ပုံမှန်ကတော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ အမှုန့်ကြိတ်ဖို့အတွက်တော့ ထိပ်စဖြစ်တဲ့ ဆင်တောင်နနွင်းကို ဝယ်ယူမှုပိုရှိနေတယ်လို့သိရပါတယ်။ ခြောက်သွေ့ရာသီဖြစ်လို့ နနွင်းအစိုလည်း သိပ်ပြီးမရှိတော့ပါဘူး။ တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ကိုးသောင်းခြောက်ထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဟိုပုံးနနွင်းကိုတော့ ပြည်ပဝယ်လက်တွေက ဝယ်ယူဖို့ ကမ်းလှမ်းနေတာရှိပေမယ့် မဝယ်ဖြစ်သေးပါဘူး။ သင်္ကြန်ကာလနီးပေမယ့် အရောင်းအဝယ်ကတော့ သိပ်ပြီးမသွက်လှဘူးလို့ ဒေသခံပွဲရုံတွေက သိရှိရပါတယ်။

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးက(ညံ့စ)ကျပ် ၉၀၀ မှ ကျပ် ၁၀၀၀၊ (လတ်စ) ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀၊ ဆင်တောင် နနွင်းကျပ် ၂၅၀၀ မှ ကျပ် ၂၈၀၀ ဈေးရှိပြီး ဟိုပုံးဈေးကွက်မှာတော့ ယခင်တစ်ပတ်ကဈေးဖြစ်ပြီး အနိမ့်ဆုံးကျပ် ၁၀၅၀မှ အမြင့်ဆုံးကျပ် ၂၂၀၀ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

## ပြောင်း

### လွယ်ဂျယ်မှ ယခင်တစ်ပတ်ထက် ပြောင်းတင်ပို့မှုပို

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ မတ် ၁၀ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇၁ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၈၈၄၂ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၂၁၆၇ တန်ခွဲနဲ့ နှိုင်းယှဉ်ပါက ၃၃၂၅ တန်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်မှပြောင်းတင်ပို့မှု လျော့နည်းခဲ့ပေမယ့် လွယ်ဂျယ်မှ ၃၆၁၃ တန်ကျော်၊ ချင်းရွှေဟော်မှ ၁၁၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ ပြောင်းအပို့မရှိခဲ့ဘဲ လွယ်ဂျယ်မှ ၃၂၁၄ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်လွယ်ဂျယ်မှ တန် ၄၀၀ နီးပါး ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို မိမိဘက်ပေါက်ဈေး ၃၀၇၆၉၂ ကျပ်ရှိခဲ့ပြီး မတ် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း ၃၀၈၆၅၅ ကျပ်ရှိကြောင်း၊ မန္တလေး-မူဆယ် ပြောင်းသယ်ယူစရိတ်မှာ တစ်ပိဿာလျှင် ၆၂-၆၇) ကျပ်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ချင်း

### ရေလမ်းမှ ချင်းတင်ပို့မှုပို

မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၇၇၄ ဒသမ ၄၇၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၅၄ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၂၅ ဒသမ ၉၇၁တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၆၉၄ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၁၃၅ နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာချင်းတန်ချိန် ၆၃၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဘင်္ဂလားဒေ့နိုင်ငံသို့ ချင်းစိုတင်ပို့ပြီး တရုတ်နိုင်ငံသို့ ချင်းခြောက်တင်ပို့

မတ်လ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့မောင်တော ကုန်သွယ်ရေးစခန်းနှစ်ခုမှ အမေရိကန်ဒေါ်လာ ၃၉၂၉၀တန်ဖိုးရှိ ချင်းစို ၅၆ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ စစ်တွေမှ တန် ၅၀ နဲ့ မောင်တောမှ ၆တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မောင်တောမှ ချင်းတင်ပို့မှုမရှိဘဲ စစ်တွေမှ ၂၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် စစ်တွေမှ ချင်း ၂၄ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခင်တစ်ပတ်က စစ်တွေမှာ ချင်းတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးဟာ (ငွေလဲနှုန်းအရ) ကျပ် ၁၀၁၀၇၁၀ ဝန်းကျင်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ကျပ် ၁၀၁၂၃၃၀ ဖြစ်လို့ ဈေးအနည်းငယ်မြင့်တက်ခဲ့တယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၀၉၉ တန်ဖိုးရှိ ချင်းခြောက် ၄၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာချင်းခြောက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ကျပ် ၁၀၁၄၄၉၀ခန့်ရှိပါတယ်။

**မော်မော်အောင်**

### ယခင်နှစ်ထက် ရှမ်းချင်းဈေးကောင်းရရှိ



ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာတော့ ချင်း(စို)က အဝင်နည်းနေပါတယ်။ အဝင်နည်းသလို ဝယ်လက်ကလည်း သိပ်ပြီးမရှိလှပါဘူး။ ပြည်တွင်းသုံးအတွက်သာအဝယ်ရှိနေပြီး ချင်းထိုးသမားတွေရယ်၊ လက်လီရောင်းဖို့အတွက်ရယ်သာ အဝယ်ရှိနေပါတယ်။

ထိုးချင်းတွေအတွက် ရန်ကုန်၊ မော်လမြိုင်၊ စစ်တွေဝယ်လက်တွေကဝယ်နေသလို လက်လီရောင်းဖို့အတွက် တပ်ကုန်း၊ ပြည်၊ မုံရွာစတဲ့မြို့တွေကသာအဝယ်ရှိပါတယ်။ ပြည်ပဝယ်လက်ကတော့ မရှိသေးပါဘူး။ ဒီနှစ်ချင်းဈေးက မနှစ်ကထက် ပိုကောင်းပါတယ်။ ချင်း(စို)ဈေးကကောင်းနေတော့ ချင်းခြောက်တောင်သိပ်ပြီးမပြုလုပ်တော့ဘူးလို့လည်း သိရပါတယ်။ ဒီအချိန်က ချင်းလှိုင်လှိုင်ဝင်နေတဲ့အချိန်ဖြစ်လို့ ပြည်ပဝယ်လက်မရှိသော်လည်း ပြည်တွင်းသုံးဝယ်လက်တွေက ဝယ်ယူနေလို့ တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ၂ ဒသမ ၂၈ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ချင်းခြောက်ကိုလည်း ချင်း/နနွင်းဝယ်ယူသမားတွေကသာ ဝယ်ယူတာကြောင့် ချင်းခြောက်လည်း တစ်ပတ်အတွင်းမှာ ၁ ဒသမ ၄ သိန်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းတစ် ပိဿာပေါက်ဈေးတွေက ချင်း(စို)က အကြီး/အသေးပေါ် မူတည်ပြီး ကျပ် ၂၀၀မှ ကျပ် ၄၀၀ ရှိပြီး (ရှယ်)ကြီးက ကျပ် ၄၅၀ ဈေးရှိကြောင်း သိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

## မန်ကျည်း

### ဒီတစ်ပတ် မန်ကျည်းတန်ချိန် ၂၀၀၀ကျော်တင်ပို့

မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၂၀၆၇ ဒသမ ၉၈ တန် ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၉၆ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၂၉၈ တန်၊ မလေးရှားနိုင်ငံသို့ ၄၄၁ ဒသမ ၉၈ တန်၊ စင်ကာပူနိုင်ငံသို့ ၁၀၃၂ တန်၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၁၅၀ နဲ့ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅၀ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၃၇၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန်၁၆၉၀ ကျော် တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၅၈၃၈၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

# မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဈေးကွက်မှသည် နိုင်ငံတကာဈေးကွက်သစ်များသို့တင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

ရှင်မင်းအုံ(တန့်ဆည်)

ရော်ဘာသည် လူသားတို့နေ့စဉ်ဖြတ်သန်းနေထိုင်သည့် လူမှု ဘဝရှိ အသုံးပြုနေသော ပစ္စည်းများတွင် ကုန်ကြမ်းအဖြစ်သော် လည်းကောင်း၊ ကုန်ချောအဖြစ်သော်လည်းကောင်း၊ ဆက်စပ်ပစ္စည်း များ အဖြစ်သော်လည်းကောင်း တစ်စိတ်တစ်ဒေသပါဝင်လျက်ရှိသည့် အသုံးဝင်သည့်ပစ္စည်းတစ်မျိုးဖြစ်သည်။ ရော်ဘာအားနယ်ပယ်မျိုး စုံတွင် ပုံသဏ္ဍာန်မျိုးစုံဖြင့် အသုံးပြုလျက်ရှိကြသည့်အတွက် ရော်ဘာ ဈေးကွက်သည် တစ်နေ့ထက်တစ်နေ့ တွင်ကျယ်လာလျက်ရှိသည် ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ သည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ ပို့ကုန်ကဏ္ဍအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့အများဆုံး တင်ပို့လျက်ရှိပြီး ရော်ဘာသည်လည်း လယ်ယာထွက်ပို့ကုန်တင်ပို့ သည့် ပို့ကုန်ပစ္စည်းများတွင် တစ်မျိုးအပါအဝင်ဖြစ်သည်။

ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံမှ ပြည်ပသို့ရော်ဘာတင်ပို့ အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| ဘဏ္ဍာနှစ် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၂၀၁၂ - ၂၀၁၃ | တန် | ၇၅၁၅၄ | ၂၁၇.၆၂၉ |
| ၂၀၁၃ - ၂၀၁၄ | တန် | ၈၄၂၉၉ | ၁၉၆.၁၂၅ |
| ၂၀၁၄ - ၂၀၁၅ | တန် | ၇၇၅၁၈ | ၁၁၁.၇၂၉ |
| ၂၀၁၅ - ၂၀၁၆ | တန် | ၈၈၅၈၁ | ၁၀၀.၇၈၃ |
| ၂၀၁၆ - ၂၀၁၇ | တန် | ၁၄၁၃၅၅ | ၁၉၇.၃၅၇ |
| ၂၀၁၇ - ၂၀၁၈ (ဖေဖော်ဝါရီလထိ)(ယာယီ) | တန် | ၁၃၅၅၅၅ | ၁၇၈.၃၂၉ |

မြန်မာနိုင်ငံ၏ ရော်ဘာတင်ပို့မှုကိုလေ့လာကြည့်ပါက ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၂၈ ရက်ထိ) ပင်လယ်ရေကြောင်းမှ တန်ချိန် ၄၁၃၁၂ တန်နှင့် နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၉၄၂၄၄ တန်တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ရော်ဘာတန်ချိန် ၈၇၃၂ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၉၂ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။

ထို့အပြင် ယခုဘဏ္ဍာနှစ်တွင် ရော်ဘာတင်ပို့မှု၏ ၆၅ ရာခိုင် နှုန်းကျော်သည် မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှု၏ အဓိကလမ်း ကြောင်းဖြစ်သည့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေ ဟော်ကုန်သွယ်ရေးစခန်းတို့မှ တင်ပို့လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်အတွင်း မြန်မာနိုင်ငံမှ ရော်ဘာအများဆုံးတင်ပို့သည့် နိုင်ငံငါးခု မှာ တရုတ်နိုင်ငံ ၊ မလေးရှားနိုင်ငံ ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း တွေ့ရသည်။

မူဆယ်နယ်စပ်ဒေသတွင် မတ်လ ၈ ရက်၌ ဖြစ်ပေါ်လျက်ရှိ သော ရော်ဘာဈေးနှုန်းများအရ ရော်ဘာ RSS ( 3 ) တစ်တန်လျှင် ယွမ် ၁၀၀၀၀ နှင့် ယွမ် ၁၀၆၀၀ ဈေးနှုန်းရှိခဲ့ပြီး မန္တလေးမြို့မှမူဆယ်မြို့ အထိ သယ်ယူစရိတ်မှာ ရော်ဘာတစ်ပိဿာလျှင် ၆၅ ကျပ်ဖြစ်ကာ အလုပ်သမားခ ( တင်/ချ ) မှာ ၅၀ ကီလို တစ်အိတ်လျှင်ကျပ် ၅၀ ကျသင့်ကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အနေဖြင့် ရော်ဘာတစ်ပေါင်လျှင် ကျပ် ၇၈၀ ရှိကြောင်းကို မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှသိရှိရပြီး လိုင်စင်ဈေးနှုန်းအနေဖြင့်ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၅၈ မှ ၁၄၅၀ ရှိကြောင်း သိရှိရသည်။

ပြည်ပရော်ဘာဈေးကွက်အနေဖြင့် မတ်လ ၈ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်ရော်ဘာဈေးမှာ RSS -1 တစ်တန်လျှင် ၁၇၈၃ ဒသမ ၅ အမေရိကန်ဒေါ်လာ၊ RSS -2 တစ်တန်လျှင် ၁၇၆၄ ဒသမ ၅ အမေရိကန်ဒေါ်လာ၊ RSS - 3 တစ်တန်လျှင် ၁၇၄၇ အမေရိကန်ဒေါ်လာ၊ RSS - 4 တစ်တန်လျှင် ၁၇၃၇ ဒသမ ၅ အမေရိ ကန်ဒေါ်လာ၊ RSS - 5 တစ်တန်လျှင် ၁၇၂၃ အမေရိကန်ဒေါ်လာ ဖြစ်ခဲ့ပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူရော်ဘာဈေးမှာ MSR -20 တစ်တန်လျှင် ၁၄၈၅ အမေရိကန်ဒေါ်လာဈေးဖြစ်ပေါ်ခဲ့သဖြင့် ကမ္ဘာ့ရော်ဘာဈေးမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့် တက်လာသည်ကို တွေ့ရှိရသည်။



The Daily Records News အရ ကမ္ဘာ့နိုင်ငံများတွင် ရော်ဘာ အများဆုံးထုတ်သည့် နိုင်ငံ ၁၀ နိုင်ငံမှာ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အိုင်ဗရီကို့စ်နိုင်ငံ၊ ဂွာတီမာလာနှင့် ဘရာဇီးနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

Worldexports.com တွင် ဖော်ပြထားသောစာရင်းများအရ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ သဘာဝရော်ဘာတင်ပို့မှု၏ ၉၅ ဒသမ ၄ ရာခိုင်နှုန်းကိုတင်ပို့နိုင်ခဲ့သော ၁၅ နိုင်ငံစာရင်းတွင် မြန်မာ နိုင်ငံသည် တစ်ခုအပါအဝင်ဖြစ်ခဲ့ပြီး ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ အိုင်ဗရီကို့စ်နိုင်ငံတို့ပြီးလျှင် ဆဋ္ဌမမြောက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်ကိုလေ့လာတွေ့ရှိရသည်။ ကမ္ဘာ့သဘာဝ ရော်ဘာတင်ပို့ရောင်းချနိုင်မှု၏ ၈၀ ရာခိုင်နှုန်းသည် အာရှနိုင်ငံများ မှဖြစ်ပြီး အာဖရိကနိုင်ငံများမှ ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဥရောပနိုင်ငံ များမှ ၄ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးတင်ပို့နိုင်ခဲ့ကြောင်းလည်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ကမ္ဘာ့ရော်ဘာ ဝယ်လိုအားအခြေအနေကို လေ့လာကြည့်မည် ဆိုပါက ကမ္ဘာပေါ်တွင် ရော်ဘာတင်သွင်းလျက်ရှိသည့် နိုင်ငံပေါင်း ၁၆၉ နိုင်ငံရှိပြီး ကမ္ဘာ့ရော်ဘာတင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ အမေရိကန်၊ မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုးရီးယား၊ ဂျာမနီ၊ ဘရာဇီး၊ စပိန်နှင့် ပြင်သစ်နိုင်ငံများဖြစ်ကြောင်း တွေ့ရှိရ သည်။

Rubber World New ခန့်မှန်းချက်အရ ၂၀၁၆-၂၀၂၂ ခုနှစ် အတွင်း မြောက်အမေရိက၊ အာရှ-ပစိဖိတ်နှင့် ဥရောပနိုင်ငံများတွင် ရော်ဘာဈေးကွက်များ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားပြီး တရုတ်နိုင်ငံသည် ရော်ဘာလိုအပ်ချက် မြင့်တက်လာနိုင်ကြောင်း၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံသည်လည်း နိုင်ငံအတွင်းလိုအပ်ချက်များ ကြောင့် လိုအပ်ချက်မြင့်တက်လာနိုင်ပြီး ဗီယက်နမ်နိုင်ငံသည်လည်း ရော်ဘာ ဈေးကွက်မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ အမေရိကန်နိုင်ငံတွင်မော်တော်ယာဉ်ကဏ္ဍများနှင့် စက်မှုကဏ္ဍများ ကြောင့် ရော်ဘာဝယ်လိုအားမြင့်တက်လာနိုင်ပြီး ဥရောပနိုင်ငံ များသည် သဘာဝအရင်းအမြစ်ကာကွယ်ရေးဥပဒေများကြောင့် ရော်ဘာလိုအပ်ချက်မြင့်တက်မှုနည်းနိုင်ကြောင်း ခန့်မှန်းထားကြ သည်။

မြန်မာနိုင်ငံတွင် ရော်ဘာကို အများအားဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် အဓိကစိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ကုလသမဂ္ဂ (Unite Nations -UN)၏ လေ့လာသုံးသပ်ချက်များ အရ မြန်မာနိုင်ငံသည် ရော်ဘာကိုအဓိကစိုက်ပျိုး ထုတ်လုပ်သည့် နိုင်ငံမဟုတ်သော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ခန့်ကတည်းက မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် အားကောင်းစွာဆောင် ရွက်လာနိုင်ကြောင်းတွေ့ရှိရသည်ဟု ထုတ်ပြန်ချက်အရသိရှိရ သည်။

ယခုအခါ ရော်ဘာခြံရှင်များအနေဖြင့် အစေးလှီးရာသီပြန် လည်ရောက်ရှိနေပြီဖြစ်၍ အစေးလှီးလုပ်ငန်းများကို တွင်တွင် ကျယ်ကျယ် ပြန်လည်လုပ်ကိုင်နေပြီ ဖြစ်ပါသည်။ လက်ရှိရော်ဘာ ဈေးနှုန်းမှာ တောင်သူများတွက်ခြေကိုက်၍ လက်ဝယ်တွင်သိုလှောင် ထားရှိခြင်း အနည်းငယ်သာရှိကြောင်း လေ့လာသိရှိရပါသည်။ ရော်ဘာခြံရှင်ကြီးများအနေဖြင့် ရော်ဘာဈေးများဈေးကောင်းစောင့် ၍ ရောင်းချလေ့ရှိကြပြီး ခြံငယ်လေးများအနေဖြင့် အစေးခြစ်ပြီး ရော်ဘာစေးများအား တိုက်ရိုက်ရောင်းချလျက်ရှိကြောင်း သိရှိရ သည်။ မြန်မာ့ရော်ဘာတင်ပို့မှုမြင့်တက်ရန်အတွက် ဆောင်ရွက်ရာ တွင် ကမ္ဘာတွင် ရော်ဘာတင်ပို့လျက်ရှိသည့် နိုင်ငံများနှင့် အရည် အသွေးပိုင်း ၊ Logistic ပိုင်း၊ နည်းပညာပိုင်းတို့၌ ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုအားကောင်းရန် လိုအပ်မည် ဖြစ်သည်။

ထို့အပြင် ရော်ဘာကို ကုန်ကြမ်းတင်ပို့ရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်း (Value Added Product) များ ထုတ်လုပ် တင်ပို့ရောင်းချနိုင်ပါက ပိုမို၍ဈေးကောင်းရရှိမည်ဖြစ်ရာ ထိုသို့ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် လိုအပ်သောခေတ်မီနည်းပညာများ၊ ခေတ်မီစက်ကိရိယာများကိုလည်း မြန်မာ့ရော်ဘာကဏ္ဍ ပိုမိုတိုးတက် လာစေရေးအတွက် ပံ့ပိုးဖြည့်တင်းပေးရန်လိုအပ်လျက်ရှိသည်။ မိမိကုန်စည်၏ဈေးကွက်အား နိုင်ငံတကာမှ ခိုင်မာစွာ ဝယ်လိုအား ရရှိစေရေးအတွက် အရည်အသွေး ထိန်းသိမ်းမှု (Quality Control)၊ ထုပ်ပိုးမှုပုံစံ သေသပ်ခေတ်မီမှုတို့သည်လည်း အရေးကြီးလှသည်။ ထို့ကြောင့် Sustainable Development ဖြစ်စေမည့် နည်းလမ်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ရန် အရေးကြီးလှပါသည်။

ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရာတွင် တစ်ကမ္ဘာလုံးအတိုင်း အတာအနေဖြင့် ကျယ်ပြန့်စွာထိုးဖောက်နိုင်ရေးအတွက် မြန်မာ နိုင်ငံမှ ရော်ဘာအား လက်ရှိအများဆုံးတင်ပို့လျက်ရှိသည့် တရုတ် နိုင်ငံအပြင် ဈေးကွက်သစ်များ ထပ်မံရရှိရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်ပေါင်းကာ လက်တွဲညီညီအတူတကွ ပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရှိ လုပ်ငန်းအများစုသည် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်း (Small and Medium Size Enterprises) များဖြစ်သည့် အတွက် ၎င်းတို့အား ကုန်ကျစရိတ်နည်းနည်းဖြင့် ဈေးကွက်ကို ထိုး ဖောက်နိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆရမည်ဖြစ်ရာတိုးတက် ခေတ်မီလာသော ယနေ့ခေတ်အခြေအနေအရ E-Commerce/Mobile Commerce ကဲ့သို့သော Digital Market Penetration နည်းလမ်းများ ကို နိုင်ငံတကာနည်းတူကျင့်သုံး၍ ဈေးကွက်ထိုးဖောက်ရေးကြိုးပမ်း သင့်သည်။

မြန်မာ့သဘာဝရော်ဘာသည် အများဆုံးတင်ပို့နိုင်မှု ဆဋ္ဌမ အဆင့်ရှိနေသော်လည်း တစ်ကမ္ဘာလုံး တင်ပို့မှုအနေအထားဖြင့်နှိုင်း ယှဉ်လျှင်တင်ပို့နိုင်မှုသည် ၁ ဒသမ ၆ ရာခိုင်နှုန်းသာရှိသဖြင့် ပိုမို ထုတ်လုပ်တင်ပို့နိုင်ရေး၊ အရည်အသွေးမြင့် ကုန်ချောပစ္စည်းများ အဖြစ်တင်ပို့နိုင်ရေးနှင့် ဈေးကွက်သစ်များသို့ထိုးဖောက်နိုင်ရေးကို ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ မြန်မာ နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုလည်းဖြစ်သည့်အားလျော်စွာ မိမိနိုင်ငံ၏ ပို့ကုန်ပစ္စည်း များအား ကုန်ချောအဖြစ်တင်ပို့နိုင်ရေးနှင့် အဆင့်မြင့်နည်းပညာများ၊ စက်ကိရိယာများ အသုံးပြုဆောင်ရွက်နိုင်ရေးစသည့်ကိစ္စရပ်များ တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရေးအတွက် မည်သို့ ပင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသော်လည်း “စည်းလုံးခြင်းသည် အင်အား” ဆိုသည်ကို လက်ကိုင်ပြု၍ အစိုးရ၊ ပုဂ္ဂလိကနှင့် သက်ဆိုင် ရာအသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုမ္ပဏီ လုပ်ငန်းရှင်များ လက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရော်ဘာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာနှင့် ရင်ပေါင် တန်းကာ ဈေးကွက်သစ်များသို့လည်းပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

# စာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့

မတ် ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၆၁၉၆၅ တန်ဖိုးရှိ ဓာတ်ဆီ ၂၃၆၄၄ ဒသမ ၄၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၅၃၆၁၉၁၈ တန်ဖိုးရှိ ဒီဇယ် ၄၄၁၄၆ ဒသမ ၃၈တန်၊ စုစုပေါင်း ၆၇၇၉၀ ဒသမ ၈၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၄၆၆၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၂၃၀၁၀ ကျော် အဝင်လျော့ခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၇၃၀၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီဇယ်တန်ချိန် ၂၈၈၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၄၀ သန်းတန်ဖိုးရှိ Re-export ဒီဇယ် ၈၈၆၇ ဒသမ ၆၇ တန် တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၄၇၀၄၅ တန်ဖိုးရှိ ဒီဇယ် ၁၁၄၂ ဒသမ ၄၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၂၄၁၄၆ တန်ဖိုးရှိ ဓာတ်ဆီ ၇၇၅ ဒသမ ဝ၃ တန် တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၉၀၂၅၆ တန်ဖိုးရှိ ဒီဇယ် ၁၃၈၁ ဒသမ ၃၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၈၁၀ ၊ အောက်တိန်း (92) ကျပ် ၇၇၀၊ အောက်တိန်း(95) ကျပ် ၈၁၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ် ၁၉ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၆ဝဝဝဝ၊ ရောင်းဈေး ကျပ် ၁၆၃ဝဝဝ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ် ၂၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၆ဝဝဝဝ၊ ရောင်းဈေး ကျပ် ၁၆၄ဝဝဝ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။မတ် ၁၉ ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ် ၁၇၅ဝဝဝ၊ ရောင်းဈေး ကျပ် ၁၇၉ဝဝဝ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအပြောင်းအလဲ သိပ်မရှိဘူးလို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချ နေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၉၀၊ ဒီဇယ် တစ်လီတာ ကျပ် ၈၃၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၈၅၀၊ အောက်တိန်း(92)တစ်လီတာ ကျပ်၈၄၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ် ၁၉ ရက်တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၆၆ဝဝဝ၊ ရောင်းဈေး ကျပ်၁၆၈ဝဝဝ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ် ၂၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၇ဝဝဝဝ၊ ရောင်းဈေး ကျပ် ၁၇၅ဝဝဝ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92) ဈေးမှာ မတ် ၁၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၁ဝဝဝ၊ ရောင်းဈေး ကျပ် ၁၆၃ဝဝဝနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ် ၂၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၄ဝဝဝ၊ ရောင်းဈေး ကျပ် ၁၆၇ဝဝဝ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်မှာဈေးနည်းနည်းမြင့်ပြီး အောက်တိန်း(92)မှာ ဈေးငြိမ်ကာ အောက်တိန်း(95)က ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ် ၊ အဆင်မြင့်ဒီဇယ် ကျပ်၈၆၀ ၊ အောက်တိန်း (92) ၈၁၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၆၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၈၀၀ ၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၇၀၀ ၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 19-March | 16.23 | 3247.59 | 2052.37 | 6824.47 | 941.00 |
| 20-March | 16.31 | 3258.61 | 2068.01 | 6827.11 | 951.00 |
| 21-March | 16.22 | 3230.40 | 2059.64 | 6744.68 | 943.00 |
| 22-March | 16.50 | 3268.31 | 2078.37 | 6784.79 | 957.00 |
| 23-March | 16.48 | 3219.60 | 2049.94 | 6635.36 | 954.00 |

## အစုရှယ်ယာရောင်းဝယ်ပြုလုပ်သည့်အကြိမ်ရေ တိုးမြှင့်နိုင်ရန် ရန်ကုန်စတော့အိတ်ချိန်းဆောင်ရွက်

တစ်နေ့တာအတွင်း အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်သည့် အကြိမ်ရေ (Matching Time)ကို တိုးမြှင့်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက သတင်းထုတ်ပြန်ထားသည်။

အစုရှယ်ယာဈေးကွက် ပိုမိုသွက်လက်လာစေရန် အရောင်းအဝယ်ကြိမ်ရေ နှစ်ကြိမ်မှ လေးကြိမ်သို့ တိုးမြှင့်နိုင်ရေးကိုဆောင်ရွက်ရန် အသင့်အနေအထားဖြစ်နေပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှအတည်ပြုချက်ရရှိသည်နှင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အစုရှယ်ယာဈေးကွက်နှင့်ပတ်သက်၍ အများပြည်သူအသိပညာပေးဟောပြောခြင်းနှင့် ရင်းနှီးမြှုပ်နှံသူတိုးမြှင့်လာရေးအတွက် စတော့ဈေးကွက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲအဖြစ် Magwe Stock Investment Seminarကို မတ် ၃၁ ရက်တွင် မကွေးမြို့ ထိန်ထိန်သာဟိုတယ်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းဖွင့်လှစ်ခြင်း နှစ်နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားကိုလည်း ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ရန်ကုန်စတော့အိတ်ချိန်း အဆောက်အဦ၌ မတ်လ ၂၅ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးကွက် အရောင်းအဝယ်ဖြစ်

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်မှာ အရောင်းအဝယ်ကောင်းခဲ့သလို ကမ္ဘာ့ရွှေဈေးမှာလည်း ပြန်လည်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက ကျပ် ၉၃၈၅၀၀ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ် ကုန်ဆုံးချိန်တွင် ကျပ် ၉၄၃၀၀၀ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

“အခုအချိန်က တောင်သူတွေ သီးနှံပေါ်တဲ့အချိန်ဆိုတော့ ရွှေအဝယ် တော်တော်လိုက်တယ်။နောက်ထပ် ကျပ်ကိုးသိန်းငါးသောင်းကျော်အထိ တက်နိုင်တယ်လို့မြင်တယ်။ ရွှေဈေးကျနေလို့ အဝယ်ရှိခဲ့သလို ဝယ်လိုအားများလာရင်တော့ ဈေးပြန်မြင့်လာနိုင်တယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မတ် ၁၉ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၃၆ဝဝဝ ရှိခဲ့ရာမှ မတ် ၂၀ ရက်တွင် ကျပ် ၉၃၇ဝဝဝ ဝန်းကျင်သို့ ပြန်တက်လာခဲ့ပြီး မတ် ၂၃ ရက်တွင် ကျပ် ၉၄၃ဝဝဝ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း မတ် ၁၉ ရက်က တစ်အောင်စလျှင် ၁၃၁၁ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ မတ် ၂၂ ရက်တွင် တစ်အောင်စလျှင် ၁၃၃၂ အမေရိကန်ဒေါ်လာရှိခဲ့ပြီး မတ် ၂၃ရက်တွင် ၁၃၃၇ အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## ဒေါ်လာဈေး အတက်အကျရှိခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်း ငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်း အတက်အကျရှိခဲ့ပြီး ဈေးငြိမ်နေခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာ ၁၃၃၇ ကျပ် သတ်မှတ်ခဲ့သော်လည်း ပြင်ပဈေးကွက်တွင်မူ ဈေးနှုန်းကွာဟမှုရှိကြောင်း သိရသည်။

ယခုတစ်ပတ်တွင် အမေရိကန်ဗဟိုဘဏ်က ဘဏ်တိုးနှုန်း တိုးမြှင့်သတ်မှတ်ပေးခဲ့သော်လည်း ရွှေ၊ ရေနံကဲ့သို့ ပစ္စည်းဈေးကွက်တွင်သာ ဝယ်လိုအား များပြားနေခြင်း၊ ကုန်သွယ်ရေးစစ်ပွဲတင်းမာမှု အရှိန်ရလာခြင်းတို့ကြောင့် ဒေါ်လာငွေကြေးတန်ဖိုးအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း သိရသည်။ ပြည်တွင်း ဈေးကွက်တွင်အမေရိကန်ဒေါ်လာ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ပြည်တွင်းငွေလဲနှုန်း ဈေးကွက်တွင် မတ် ၁၉ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၉ကျပ်၊ ဝယ်ဈေး ၁၃၂၇ကျပ်၊ မတ် ၂၁ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၃၄ ကျပ်၊ ဝယ်ဈေး ၁၃၃၂ ကျပ်ရှိခဲ့ပြီး မတ် ၂၃ရက်တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေး ၁၃၂၉ ကျပ်၊ ဝယ်ဈေး ၁၃၂၇ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

March 23, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 83.49 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.33 |
| EUR | Euro | 0.81 |
| HKD | Hong Kong Dollars | 7.85 |
| INR | India Rupees | 65.15 |
| IDR | Indonesia Rupiahs | 13788.66 |
| JPY | Japan Yen | 104.78 |
| MYR | Malaysia | 3.92 |
| PKR | Pakistan Rupees | 115.70 |
| PHP | Philippines Pesos | 52.32 |
| RUB | Russia Rubles | 57.27 |
| SGD | Singapore Dollars | 1.32 |
| KRW | South Korea Won | 1080.87 |
| LKR | Sri Lanka Rupe | 156.11 |
| THB | Thailand Baht | 31.26 |
| GBP | United Kingdom Pounds | 0.71 |
| VND | VietnamDon | 22800.92 |

*Source:xe.com*

## World Gold Price

March-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 19 | 1314 | 1312 | 1311 |
| 20 | 1319 | 1318 | 1317 |
| 21 | 1317 | 1315 | 1312 |
| 22 | 1333 | 1332 | 1332 |
| 23 | 1340 | 1340 | 1341 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 19-3- 2018 | 936.00 | 936.10 |
| 20-3- 2018 | 937.00 | 937.00 |
| 21-3- 2018 | 938.50 | 937.50 |
| 22-3- 2018 | 941.50 | 941.00 |
| 23-3- 2018 | 945.00 | 944.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 19 | 6.33 | 31.19 | 83.01 | 65.24 |
| 20 | 6.33 | 31.20 | 83.02 | 65.24 |
| 21 | 6.32 | 31.22 | 83.37 | 65.22 |
| 22 | 6.32 | 31.21 | 83.09 | 65.06 |
| 23 | 6.33 | 31.26 | 83.49 | 65.15 |

## Energy NYMEX

23-3-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 64.93 | 0.63 | 0.98 |
| Brent Crude Futr (USD/bbl) | 65.90 | 0.59 | 0.86 |
| Gasoline Rbob Fut (Cent/gal) | 201.85 | 0.89 | 0.44 |
| Natural Gas Futr (USD/MMBtu) | 2.61 | 0.00 | -0.11 |
| Heating Oil Futr (Cent/gal) | 200.01 | 0.78 | 0.39 |

## ဘိလပ်မြေ

# ဘိလပ်မြေ ပုံမှန်အဝင်ရှိ

မတ်လ ၁၁ ရက်မှ ၁၇ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၉၅၂၀ တန်ဖိုးရှိ ဘိလပ်မြေ ၇၀၅၀ ဒသမ ၀၄၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၅၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၇၀၀၀နဲ့ ဂျပန်နိုင်ငံမှ သုည ဒသမ ၀၄၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တန်ချိန်၇၀၀၀တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၅၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

မတ်လ၁၀ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေ အဝင်မှာတန်ချိန် ၁၄၈၃၀ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၃၆၄၉ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းသွက်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ ဒီအချိန် တည်ဆောက်ရေး လုပ်ငန်းများ အားစိုက်လုပ်ကိုင်လာကြတာကြောင့် အရောင်းအဝယ်သွက်ပြီးဘိလပ်မြေဈေးလည်း ငြိမ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၅၀ ၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ကျပ် ၅၇၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဈေးကွက်ထဲ ပစ္စည်းအဝင်များသလို အရောင်းအဝယ်လည်းသွက်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ကြံ့နှစ်ကောင် ဘိလပ်မြေက ကျပ်၃၀၀၊ အယ်လ်ဖာဘိလပ်မြေက ကျပ် ၄၀၀၊ ခရောင်းဘိလပ်မြေက ကျပ် ၂၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ် ၅၀၀၀၊ ဒိုင်းမွန်း ကျပ် ၄၅၀၀၊ ခရောင်း ကျပ် ၅၂၀၀၊အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အပါချီဘိလပ်မြေနဲ့ ကြံ့ဘိလပ်မြေက ကျပ် ၃၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၃၀၀၊ စိန်(ထိုင်း)ကျပ်၆၁၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** တည်ဆောက်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲပစ္စည်းအဝင်များသလို အရောင်းအဝယ်လည်းသွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အပါချီကကျပ် ၂၀၀၊ ကမ္ဘောဇ ဘိလပ်မြေက ကျပ် ၅၀၀၊နဂါးဘိလပ်မြေက ကျပ် ၁၅၀ ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ်၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၄၀၀၊ နဂါးကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# မြေသြဇာတန်ချိန် ၂၆၀၀၀ကျော်ဝင်

မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၄၆၈၇၂၅ တန်ဖိုးရှိ မြေသြဇာ ၂၆၀၂၅ ဒသမ ၂၉၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၇၅၀၊ တရုတ်နိုင်ငံမှ ၂၀၃၆ ဒသမ ၄၀ တန်၊ အီရန်နိုင်ငံမှ ၁၀၅၀ တန်၊ မလေးရှားနိုင်ငံမှ ၁၁၅၈၈ ဒသမ ၀၈ တန်၊ နော်ဝေနိုင်ငံမှ ၄၉၅ ဒသမ ၈၁၅ တန်၊ ပိုလန်နိုင်ငံမှ ၁၀၅ တန်နဲ့ ထိုင်းနိုင်ငံမှ တန်ချိန်၁၀၀၀၀တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၃၅၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၄၉၀ ကျော်တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုနီးယားဆာလဖိတ်၊ ယူရီးယား၄၆%၊ပိုတက်ဆီယမ်နိုက်တြိတ်နဲ့ဓာတ်ဆားတို့ဖြစ်ပါတယ်။

# အရောင်းအဝယ်အေးနေတဲ့ မြေသြဇာဈေးကွက်

မတ်လ ၁၀ ရက်မှ ၁၆ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၉၈၇၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၆၀၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၈၆၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းရောနယ်စပ်လမ်းမှပါ မြေသြဇာအဝင်ပိုခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်မှာပုံမှန်အရောင်းအဝယ်ရှိပြီး တောင်ကြီး၊ မကွေးနဲ့ မန္တလေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိကာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၅၀၀၊ ကွန်ပေါင်း၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်)ကျပ် ၂၃၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**အရောင်းပါးတယ်လို့သိရပါတယ်။ သင်္ကြန်ပြီးကာလမှ အရောင်းအဝယ်ပြန်ကောင်းနိုင်ကြောင်း စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ခန့်မှန်းပြောဆိုပါတယ်။ ဒီတစ်ပတ် တီစူပါ(၁၅)ပတ်လည်နဲ့ တီစူပါ (၁၀း၁၀း၅)က ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၆၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက် (တရုတ်)ကျပ်၂၄၀၀၀၊ ယူရီးယား (ယူအေအီး)ကျပ်၂၂၅၀၀၊မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီအချိန်က ကုလားပဲ ၊ မြေပဲ ပေါ်နေချိန်ဖြစ်တာကြောင့် မြေသြဇာအရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး)က ကျပ် ၇၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၄၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာအရောင်းအေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၄၈၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၅၀၀၀၊ တီစူပါ၄၆%တရုတ်ကျပ် ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၅၂၀၀၊ ပန်းသီးစုံ ကျပ် ၁၆၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ ပိုတက် ကျပ် ၂၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

# နှံ့ဆီတန်ချိန် ၆၀၀ကျော်နဲ့ နှံ့မှုန့်တန်ချိန်၃၀ကျော်ဝင်

မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၈၂၂၅၂ တန်ဖိုးရှိ နှံ့ဆီ ၆၂၆ ဒသမ ၀၄၆ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၃၁၉ ဒသမ ၆၄၄ တန်နဲ့ စင်ကာပူနိုင်ငံမှ ၃၀၆ ဒသမ ၄၃၂ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ တီးပေါ့၊ မာရီဂိုးနဲ့ အိုကေတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့ဆီတန်ချိန် ၂၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန်၄၁၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

နှံ့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၈ ဒသမ ၀၅၈ တန်နဲ့ မလေးရှားနိုင်ငံမှ ၃၀ ဒသမ ၄၂ တန်၊ စုစုပေါင်း ၃၈ ဒသမ ၄၇၈ တန်ကို တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့မှုန့်တန်ချိန် ၁၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နှံ့ဆီအဝင်ပိုပြီး နှံ့မှုန့်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၃ မှ ၁၆/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၃ မှ ၉/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | - | |
| ၂။ | လွယ်ဂျယ် | ၂၁၀.၀၀ | ၁၈၀.၀၀ | (+) | ၃၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၁၂၀.၀၀ | ၃၂၆၉.၀၀ | (-) | ၁၁၄၉.၀၀ |
| ၅။ | တာချီလိတ် | ၉၅၀၀.၀၀ | ၈၂၀၀.၀၀ | (+) | ၁၃၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၃၀၀၀.၀၀ | ၂၀၀၀.၀၀ | (+) | ၁၀၀၀.၀၀ |
| | စုစုပေါင်း | ၁၄၈၃၀.၀၀ | ၁၃၆၄၉.၀၀ | (+) | ၁၁၈၁.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၃ မှ ၁၆/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၃ မှ ၉/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၆၇၇.၈၅ | ၁၃၅၆၅.၆၀ | (+) | ၁၁၂.၂၅ |
| ၂။ | လွယ်ဂျယ် | ၄၀.၀၀ | ၅၀.၀၀ | (-) | ၁၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၆၀၀.၂၅ | ၅၀.၂၅ | (+) | ၁၅၅၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၆၅၀.၀၀ | ၁၅၀.၀၀ | (+) | ၅၀၀.၀၀ |
| ၅။ | မြဝတီ | ၁၁၀၀.၁၇ | ၁၃၉၃.၄၀ | (-) | ၂၉၃.၂၃ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၁၁၀.၀၀ | - | (+) | ၁၁၀.၀၀ |
| ၈။ | ရိုဒ် | ၂၇၀၀.၀၀ | ၈၀၀.၀၀ | (+) | ၁၉၀၀.၀၀ |
| | စုစုပေါင်း | ၁၉၈၇၈.၂၇ | ၁၆၀၁၇.၂၅ | (+) | ၃၈၆၁.၀၂ |

ခင်မိုးသူ

## နှမ်း

# ဈေးအနည်းငယ်ပြန်ကျလာတဲ့ ပြည်နှမ်းဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် နှမ်းဈေးအတက်အကျမမှန်တာတွေ့ရပါတယ်။ ဝယ်လိုအားများရင် ဈေးမြင့်လာပြီး ဝယ်လိုအားနည်းရင် ဈေးကျလာတာတွေ့ရပါတယ်။ ယခုအချိန်တွင် နှမ်းဝင်ရောက်မှုမှာ မရှိသလောက် နည်းသွားသဖြင့် ပွဲရုံရှိလှောင်နှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ တစ်ခါတလေ မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိလျှင် အိတ် ၁၅၀ မှ ၂၀၀ ကြားသာရောင်းချမှုရှိတာတွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီသုံးတင်းတစ်အိတ် လျှင် ကျပ် ၁၀၈၀၀၀ ဖြင့် မြို့တွင်းဆီစက်များက ဝယ်ယူမှုရှိသဖြင့် ယခင်တစ်ပတ်ကထက် ဈေးပြန်မြင့်လာပြီး နှမ်းနက်မှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဈေးဖြင့် ဝယ်လက်မရှိလို့ ဈေးငြိမ်နေတာဖြစ်ပါတယ်။ စမုံနက်နှမ်းဈေးကတော့ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးကျလာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## မြေပဲဆန်

# ဝယ်လိုအားနည်းလာလို့ ဈေးကျလာတဲ့ ပြည်မြေပဲဆန်ဈေးကွက်

ပြည်ဈေးကွက်တွင် ယခုတစ် ပတ် မြေပဲဆန်ဈေးပြန်ကျလာတာတွေ့ရပါတယ်။ အဝင်ရှိသေးပေမယ့် ဝယ်လိုအားနည်းသွားသဖြင့် ဈေးကျလာတာ တွေ့ရပါတယ်။ ရန်ကုန်၊ မန္တလေးဝယ်လက်များက လုံးဆန်ကိုအိတ် ၃၀၀ မှ အိတ် ၄၀၀ ခန့်သာ အဝယ်ရှိနေတာ တွေ့ရပါတယ်။ ဆီကြိတ်မြေပဲဆန်ကို ဆီစက်သမားများက အဝယ်ရှိသဖြင့် တစ်နေ့အိတ် ၄၀၀ မှ အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပြည်မြို့တွင်းဆီစက်များကသာ အဝယ်ရှိသဖြင့် ဈေးချပြီးအရောင်းအဝယ် ပုံမှန်ဖြစ်အောင် ရောင်းဝယ်လျက်ရှိပါတယ်။ ယခုတစ်ပတ်မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၁၉၅၀နှင့် (အဖြူ)တစ်ပိဿာလျှင်ကျပ် ၂၀၅၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးကျလာသလို မြေပဲလုံးဆန်ဈေးမှာလည်း (အနီ) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြင့် ဝယ်လိုအားနည်းသွားလို့ ယခင် တစ်ပတ်ကထက် တစ်ပိဿာလျှင် ကျပ် ၂၀၀ ဈေးကျလာတာ တွေ့ရပါတယ်။ မြေပဲလုံးဆန်(အဖြူ)သာ ယခင်တစ်ပတ်ကအတိုင်း တစ်ပိဿာလျှင် ကျပ် ၂၃၅၀ ဖြင့် ဈေးငြိမ်နေတာ တွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## စားအုန်းဆီ

# ဧပြီလမှစ၍ အစိုးရက ပို့ကုန်ခွန် ပြန်လည်ကောက်ခံသဖြင့် မလေးရှားစားအုန်းဆီဈေးကျ

သုံးရက်ဆက်တိုက်မြင့်တက်ခဲ့သော မလေးရှား စားအုန်းဆီကြိုရောင်းဈေးသည် မတ်လ ၂၂ ရက်နံနက်ပိုင်းက ပြန်လည်ကျဆင်းခဲ့သည်။ ယင်းသို့ကျဆင်းရခြင်းမှာ သုံးလ ဆိုင်းငံ့ထားသော စားအုန်းဆီတင်ပို့ခွန်ကို ပြန်လည်စတင်ကောက်ခံတော့မည်ဟု အစိုးရကကြေညာခဲ့သောကြောင့်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် မတ်လ ၂၂ ရက်နေ့လယ်ဈေးကွဲချိန်က စားအုန်းဆီ၏အခြေခံစံထားဈေးနှုန်းမှာ တစ်တန်ကို ၂၄၃၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၂၃ ဒသမ ၄၃) ရှိခဲ့သဖြင့် သုညဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ထိုနေ့က ရောင်းချရသည့်ပမာဏမှာ ၂၅ တန်ရှိ အတွဲ ၃၆၀၆၈ တွဲရှိခဲ့သည်။

ပို့ကုန်ခွန်ပြန်လည်ကောက်ခံမှုက စားအုန်းဆီဈေးနှုန်းအပေါ် ဂယက်ရိုက်ခဲ့ကြောင်း ကွာလာလမ်ပူရှိ ကုန်သည်တစ်ဦးကပြောသည်။ ယခုနှစ်နှစ်ဦးပိုင်းသုံးလက စားအုန်းဆီတင်ပို့ခွန်ကို ဆိုင်းငံ့ထားခဲ့ပြီးနောက် ဧပြီလမှစ၍ ငါးရာခိုင်နှုန်း ပြန်လည်ကောက်ခံတော့မည်ဖြစ်ကြောင်း မတ် ၂၂ ရက်က ထုတ်ပြန်သော အစိုးရ၏ကြေညာချက်တွင် ဖော်ပြထားသည်။

ပဲပုပ်ဆီဈေး ကျဆင်းမှုနှင့် ရင်းဂစ်ငွေကြေးတန်ဖိုး ပြန်လည်ဦးမော့လာခြင်းတို့ကလည်း စားအုန်းဆီဈေးကွက်ကို ကျဆင်းစေခဲ့ကြောင်း အဆိုပါကုန်သည်ကပြောသည်။ မတ် ၂၂ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တစ်ဒေါ်လာ ကို ၃ ဒသမ ၉၀၈၅ ရင်းဂစ်နှုန်းရှိခဲ့သည့်အတွက် ရင်းဂစ်တန်ဖိုး သုည ဒသမ ၄ရာခိုင်နှုန်း မြင့်တက်သည်။

ရင်းဂစ်တန်ဖိုး မြင့်တက်လာမှုကြောင့် နိုင်ငံခြားငွေကြေးကိုင်ဆိုင်ထားသူများအတွက် စားအုန်းဆီဈေးနှုန်းက မြင့်တက်လာသဖြင့် စားအုန်းဆီ၏ ဆွဲဆောင်နိုင်မှု စွမ်းအားကျဆင်းခဲ့သည်။

အခြားဆက်စပ်နေသော ဈေးကွက်များတွင် ပဲပုပ်ဆီ၏ မေလအတွက် ကြိုတင်ရောင်းချသောဈေးမှာ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် မေလအတွက်



ပဲပုပ်ဆီ ကြိုရောင်းဈေးမှာ သုညဒသမ ၆ရာခိုင်နှုန်းမြင့်တက်ပြီး မေလအတွက် စားအုန်းဆီဈေးမှာ သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် ဈေးကွက်ဝေစုကို ယှဉ်ပြိုင်နေရသည့်အတွက် အခြားစားအုန်းဆီများ၏ဈေးနှုန်း အတက်အကျကလည်း စားအုန်းဆီဈေးနှုန်းကို ဂယက်ရိုက်ခတ်လေ့ရှိသည်။

စားအုန်းဆီဈေးသည် ဈေးနှုန်းအတက်အကျကွာဟချက်နည်းပြီး ဈေးကွက်တွင် ဖြစ်ပေါ်နေသော သတင်းများအပေါ် အခြေခံဖြစ်ပေါ်နိုင်ကြောင်းနှင့် ကုန်ပစ္စည်းသိုလှောင်လက်ကျန်ကျဆင်းမည့် အလားအလာရှိကြောင်း အခြားကုန်သည်တစ်ဦးက ပြောသည်။

"ဈေးကွက်သတင်းတွေက ဈေးနှုန်းအတက်အကျကို ဖြစ်စေပါသည်။ ဧပြီလမှာ ကောက်ခံမယ့် ပို့ကုန်ခွန်ကလည်း ဂယက်ရိုက်ခတ်ခဲ့ပါတယ်။ ဉရောပနဲ့ ဇီဝလောင်စာဆီအငြင်းပွားမှုမှာ အင်ဒိုနီးရှားနိုင်ငံအနိုင်ရလိုက်တယ်ဆိုတဲ့သတင်းကြောင့် စားအုန်းဆီဈေးက မနေ့တုန်းက (မတ်လ ၂၁ ရက်) မြင့်တက်လာတာတွေ့ရပါတယ်"ဟုကုန်သည်တစ်ဦးက ပြောသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၃-၃-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၈၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၈၀၀ | ၄၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၃-၃-၂၀၁၈ US$/Ton

| အမျိုးအစား | မတ်လဒုတိယပတ် | မတ်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၃၉.၀၀ | ၆၄၃.၀၀ | △ |
| RBD P.Olein | ၆၄၅.၀၀ | ၆၄၉.၀၀ | △ |
| RBD P.Stearin | ၆၃၈.၅၀ | ၆၄၈.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၃-၃-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၀၇.၄၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၄ |
| စားအုန်းဆီအလျှော့ | 0.5% x လက်ကားဈေး | ၈.၀၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၆၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၅၁.၁၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၃-၃-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ ဒေါ်လာနှင့် USD ဈေး ၁၃၃၇ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၃-၃-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၇ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ကုန်သွယ်မှုကဏ္ဍမှ မွေးမြူရေးတောင်သူများ အကျိုးစီးပွားမြှင့်တင်ရေးဆောင်ရွက်



|ရည်ချွန်|

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရန် ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ကုန်များနှင့် သဘာဝသယံဇာတထွက်ကုန်များမှ ပုံမှန်တင်ပို့နေသောကုန်ပစ္စည်းများအပြင် အမယ်သစ်ထုတ်ကုန်များလည်း ရှာဖွေတင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းပေးကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ နှောင့်နှေးစေပြီး တရားဝင်အခွန်အခကောက်ခံရရှိမှုနှင့် ပြည်သူလူထု အကျိုးစီးပွားဖြစ်ထွန်းစေမှုကို ဟန့်တားနေသော တရားမဝင် ကုန်သွယ်မှုများကိုလည်း လျော့နည်းပပျောက်စေရန် စီမံဆောင်ရွက်သွားကြရန်လည်းလိုအပ်လှပါတယ်။ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရန်အတွက် အကောက်ခွန်မဲ့ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှုများကို တာဝန်ရှိဌာနများမှ စစ်ဆေးအရေးယူပြီး တားဆီးထိန်းချုပ်ဆောင်ရွက်နေသလိုတရားဝင်လမ်းကြောင်းမှန်ပေါ် မှလျှောက်လှမ်းသွားလာနိုင်ရေးကိုလည်း ဖော်ဆောင်ပေးလျက်ရှိကြပါတယ်။

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် ဆန်၊ ပြောင်းနှင့် သဘာဝသယံဇာတများဖြစ်သည့် သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်းများတင်ပို့မှုများပြားသော်လည်း မွေးမြူရေးထုတ်ကုန်များတင်ပို့နိုင်မှု နည်းပါးလျက်ရှိတာကို တွေ့ရှိရပါတယ်။ မွေးမြူရေးထုတ်ကုန် တစ်မျိုးဖြစ်သည့် ကျွဲ၊ နွား(အရှင်) များကို ယခင်က တစ်ဖက်နိုင်ငံသို့မှောင်ခိုလမ်းကြောင်းများမှတစ်ဆင့် တရားမဝင်တင်ပို့ရောင်းချမှုများ ဆောင်ရွက်ခဲ့ကြရာတွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဒေသလမ်းကြောင်းများမှ အများဆုံးတင်ပို့ခဲ့ကြကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ အဲဒီလို တရားမဝင်တင်ပို့မှုများကြောင့် နိုင်ငံတော်အတွက်ရသင့်ရထိုက်သော အခွန်အခများနစ်နာဆုံးရှုံးခဲ့ကြရပါတယ်။ ဒါပေမဲ့ မှောင်ခိုလုပ်ငန်းလုပ်ကိုင်သူများနှင့် ကျွဲ၊ နွား(အရှင်) သယ်ယူရာလမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ အဖွဲ့အစည်းမျိုးစုံအတွက်ကတော့ ပွဲတော်ရက်ကြီးများနှင့် တွေ့ခဲ့ကြရချိန်ဖြစ်ခဲ့ပါတယ်။ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်နိမိတ်ချင်းထိစပ်နေတဲ့နေရာတိုင်းတွင် လုပ်ဆောင်နိုင်ခြင်း၊ ဒေသတွင်းနယ်မြေလုံခြုံငြိမ်းချမ်းမှုမရှိခြင်းများကြောင့် သက်ဆိုင်ရာဌာနများအနေနဲ့လည်း တားဆီးထိန်းချုပ်ရန် ခက်ခဲခြင်းများ ရှိခဲ့ပါတယ်။ အဲဒီလိုတားဆီးထိန်းချုပ်နိုင်မှုမရှိခြင်းများအပေါ် အခွင့်အရေးယူပြီး မှောင်ခိုလုပ်ငန်းလုပ်ကိုင်ကြသူများ အထူးသဖြင့် လက်နက်ကိုင်သောင်းကျန်းသူများအတွက် ကျွဲ၊ နွား (အရှင်) မှောင်ခိုလုပ်ငန်းမှာ အဓိကဝင်ငွေရလမ်းတစ်ခုအတွက် အသက်သွေးကြောပမာလည်းဖြစ်ခဲ့ပါတယ်။ တရားမဝင် သယ်ယူ ပို့ဆောင်ရောင်းချနေခြင်းဖြစ်တဲ့အတွက် လမ်းခရီးတစ်လျှောက် တရားမဝင်ငွေကြေးပေးရမှုက သိန်း ၁၀၀ ကျော်ရှိနေတဲ့အတွက် အကျိုးဆက်အနေနဲ့ကတော့ မိမိတို့နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျွဲ၊ နွား မွေးမြူသူများအတွက် ရသင့်ရထိုက်သော တန်ရာတန်ကြေးအပြည့်အဝရရှိခြင်း မရှိခဲ့တာ အားလုံးအသိပါပဲ။

အဲဒါတွေကြောင့် နိုင်ငံ့အကျိုးစီးပွားနဲ့ ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရေးကို ရှေ့ရှုပြီးနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ လွတ်လပ်မျှတတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်ရေး၊ တရားမဝင်တင်ပို့မှုများ တရားဝင်လမ်းကြောင်း ပေါ်သို့ ရောက်ရှိရေး၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ ကျွဲ၊ နွား မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးတို့ကို ရည်ရွယ်၍ ဈေးကွက်လိုအပ်ချက်ရှိတဲ့ ကျွဲ၊ နွား(အရှင်)များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် အမိန့် ညွှန်ကြားစာအမှတ် (၄၉/ ၂၀၁၇) ဖြင့် ပြည်ပသို့တရားဝင်တင်ပို့ခွင့်ပြုခဲ့ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနသည် ပြည်တွင်းတွင်မွေးမြူထားသော ကျွဲ၊ နွား(အရှင်)များအား ပြည်ပသို့စနစ်တကျ တင်ပို့နိုင်ရေးအတွက် "ကျွဲ၊ နွား(အရှင်)များ ပြည်ပတင်ပို့ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်း" များကိုလည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆွဲပေးခဲ့ပါတယ်။ World Organization for animal ၏မူဝါဒလုပ်ငန်းစဉ်တွင် Animal Quarantine Station လုပ်ငန်းများမလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်၍ ကျွဲ၊ နွား(အရှင်)များ ပြည်ပသို့တင်ပို့ရာတွင် AQS လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မြေနေရာအား မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနီး မူဆယ်မောင်းတံဂိတ်အကျော် အထက်တုံခန်ရွာတွင် မြေ ၄၉ ဒသမ ၆၄ ဧကရရှိရန် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် ကျွဲ၊ နွား(အရှင်)များ တရားမဝင်မှောင်ခိုသွားလာမှု တားဆီးနိုင်ရေးနှင့် တရားဝင်တင်ပို့လိုသော လုပ်ငန်းရှင်များရှိပါကလည်း အသိပေး ဆောင်ရွက်နိုင်ရေး ခရိုင်စီမံခန့်ခွဲမှု ကော်မတီနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ခရိုင်စီမံခန့်ခွဲမှုကော်မတီမှလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုအရ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများသို့တရားမဝင်တင်ပို့မှုများ လျော့နည်းပပျောက်စေရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ပို့ကုန်လိုင်စင်ဖြင့် သယ်ဆောင်လာသော ကျွဲ၊ နွား(အရှင်) တင်ယာဉ်များအား ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် လမ်းခရီးတစ်လျှောက် ချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးရန် ညှိနှိုင်းအကြောင်းကြားပေးခဲ့ပြီးဖြစ်ပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် ကျွဲ၊ နွား(အရှင်) များအား တရုတ်နိုင်ငံ ဝယ်လက်ကုန်သည်များမှ အထက်တုံခန်ရွာရှိ AQS စခန်းသို့အဆင်ပြေချောမွေ့စွာ လာရောက်ဝယ်ယူနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ၏ တစ်ဖက်နိုင်ငံဈေးကွက်၊ ဈေးနှုန်းအခြေအနေ၊ မူဆယ်ဒေသဈေးကွက်၊ ဈေးနှုန်းအခြေအနေများအား မွေးမြူရေးတောင်သူများသိရှိနိုင်စေရေး စားသုံးသူရေးရာဦးစီးဌာနနှင့်ချိတ်ဆက်၍လည်းကောင်း၊ မူဆယ်(၁၀၅)မိုင် Facebook Like Page မှလည်းကောင်း ဖော်ပြပေးလျက်ရှိပါတယ်။

ကျွဲ၊ နွား(အရှင်) များကို တရားဝင်တင်ပို့ခွင့်ပြုခဲ့တဲ့အတွက် နိုင်ငံအတွင်းရှိတောင်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းကိုပါ စနစ်တကျတွဲဖက်လုပ်ကိုင်လာတာကို တွေ့မြင်ရပါတယ်။ စီးပွားဖြစ်လုပ်ကိုင်လိုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် မွေးမြူရေးခြံလုပ်ငန်းဆောင်ရွက်ရန် အခွင့်အလမ်းကောင်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာခြင်းဖြစ်ပါတယ်။ တင်ပို့ခွင့်ပြုခဲ့ခြင်းကြောင့် မွေးမြူရေးတောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်ပွဲစားများ၊ ယာဉ်မောင်းများ၊ အလုပ်သမားများစတဲ့ Supply Chain တစ်လျှောက်လုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ တရားဝင် ပွင့်ပွင့်လင်းလင်း ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်ရတဲ့အတွက် ဈေးကွက်မျှတမှုကို ဖော် ဆောင်ပေးလာနိုင်ပါတယ်။

မူဆယ်ဒေသဟာဆိုရင် တစ်ဖက်နိုင်ငံ ဈေးကွက်ရှိတဲ့နေရာနဲ့ နီးစပ်နေတဲ့အတွက် ကုန်ပစ္စည်းတင်ပို့မှုအများဆုံးလမ်းကြောင်းဖြစ်လာပါတယ်။ မြန်မာနိုင်ငံနေရာစုံ၊ ဒေသစုံကရောက်ရှိလာတဲ့ ကုန်သည်တွေကလည်း များသည်ထက်များလာပါတယ်။ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ရာ တွင် ကျွဲ၊ နွား (အရှင်)များကို ထိန်းသိမ်းစောင့်ရှောက်စစ်ဆေးမှုများ ပြုလုပ်ပေးနိုင်ရန်အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေး စခန်း (Animal Quarantine Stations-AQS) များကိုလည်း တည်ဆောက်ပေးထားပါတယ်။ တရုတ်နိုင်ငံသို့ ကျွဲ၊ နွား (အရှင်) များ တင်ပို့မှုမှာ ယခင်က မှောင်ခိုလမ်းကြောင်းမှတစ်ဆင့် တင်ပို့လျက်ရှိရာမှ ယခုတရားဝင် တင်ပို့ခွင့်ပြုခဲ့ပြီးသည့်နောက်ပိုင်းတွင် ပုံမှန်ကုန်သွယ်မှု လမ်းကြောင်းကနေ တင်ပို့လျက်ရှိတာကို တွေ့မြင်နေရပါတယ်။ (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အတွင်းသို့ လာရောက်စစ်ဆေးခံ၊ အခွန် ဆောင်တဲ့အချိန်မှာလည်း ကျွဲ၊ နွား (အရှင်) များကို တင်ပို့ရခြင်း ဖြစ်တဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ အမြန်ဆန်ဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးနေတာကို မြင်တွေ့ခဲ့ရပါတယ်။ တရားမဝင်တင်ပို့နေသည့် မှောင်ခိုလမ်းကြောင်းပေါ် မှ နိုင်ငံတော် အခွန်အခပေးဆောင်၍ တရားဝင်တင်ပို့နေသည့် ဈေးကွက်ဝင် ကုန်ပစ္စည်းတစ်မျိုး ဖြစ်လာနေပါပြီ။ ကုန်သည်လုပ်ငန်းရှင်များကလည်း တရားဝင်တင်ပို့မှုနဲ့ တရားမဝင် တင်ပို့မှုရဲ့ကွာခြားချက်များကို သိရှိနားလည်ပြီး တရားဝင်တင်ပို့မှုကို ပိုမိုလုပ်ဆောင်လာကြပါပြီ။

ကျွဲ၊ နွား (အရှင်) များ တရားဝင်တင်ပို့ခွင့်ရရန် ဆောင်ရွက်ရတဲ့ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များကလည်း လုပ်ငန်းရှင်များအတွက် လုပ်ကိုင်ဆောင်ရွက်ရတာ အဆင်ပြေတဲ့လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။ ပြည်ပသို့တရားဝင်တင်ပို့ခွင့်အား လက်ရှိကာလတွင် ပင်လယ်ရေကြောင်း (သီလဝါဆိပ်ကမ်း)၊ နယ်စပ်ဒေသ (မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်) တို့မှတစ်ဆင့် တင်ပို့ခွင့်ပြုထားပါတယ်။ လုပ်ဆောင်ခွင့်ပြုရာတွင်လည်း ဝယ်ယူစုဆောင်းခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကနဦးစစ်ဆေး မှတ်တမ်းတင်ရန် ယာယီစုဆောင်းနေရာသို့ရွှေ့ပြောင်းသယ်ယူခြင်း နှင့် အစစ်ဆေးခံခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန် ကျန်းမာရေးထောက်ခံချက် လက်မှတ်ပေါင်းချုပ်ထုတ်ပေးခြင်း၊ ပို့ကုန်လိုင်စင်လျှောက်ထား/ ခွင့်ပြုခြင်း၊ ပြည်ပသို့တင်ပို့မည့် ကျွဲ၊ နွား (အရှင်)များအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက Micro Chip/ Ear- Tag ထည့်သွင်းတပ်ဆင်၍ မှတ်ပုံတင်ခြင်း၊ ပို့ကုန်လိုင်စင်ရရှိပြီး ကျွဲ၊ နွား (အရှင်) များကို ယာယီစုဆောင်းရပ်မှ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Stations-AQS) သို့ သယ်ဆောင်ခြင်း၊ ပြည်ပသို့တင်ပို့ရန်အတွက် ကျွဲ၊ နွားများအား သယ်ဆောင်ရာ လမ်းခရီးတွင် စစ်ဆေးခြင်း၊ တိရစ္ဆာန်ထိန်းသိမ်း စောင့်ကြည့်စစ်ဆေးရေးစခန်း (AQS) နေရာများသတ်မှတ်ခြင်းနှင့် တည်ဆောက်ခြင်း၊ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေး ရေးစခန်း (AQS) သို့ရောက်ရှိခြင်းနှင့် Animal Quarantine Certificate ထုတ်ပေးခြင်း၊ အကောက်ခွန်တွင် အစစ်ဆေးခံခြင်း၊ ပို့ကုန်ကြေညာလွှာ (ED) ဖွင့်လှစ်၍ (၂ ရာခိုင်နှုန်း) ကျသင့် အခွန်အခများအား OSS ပြည်တွင်းအခွန်များဦးစီးဌာန၊ OSS မြန်မာ့စီးပွားရေးဘဏ်အဖွဲ့ထံ ပေးသွင်းပြီး ပြည်ပသို့ တင်ပို့ခြင်းစသည့် လုပ်ငန်းစဉ်များကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီလိုထောက်ခံချက်၊ တင်ပို့ခွင့်လိုင်စင်၊ အခွန်ပေးဆောင်မှုများ ပြုလုပ်ရာတွင် လိုအပ်တဲ့ စာရွက်စာတမ်းများပါရှိပါက လုပ်ငန်း ဆောင်

**စာမျက်နှာ (၂၀) သို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# နာရှစ်မြို့မှ စတင်ချီတက်ထွက်ခွာလာခဲ့သော ဆန္ဒပြတောင်သူလယ်သမားအဖွဲ့ကြီး မွမ်ဘိုင်းမြို့ထိ ရောက်ရှိလာခဲ့

နာရှစ်မြို့မှ ချီတက်ထွက်ခွာလာခဲ့ သည့် ဆန္ဒပြတောင်သူလယ်သမားထုကြီးသည် ခြောက်ရက်တာအတွင်း ကီလိုမီတာပေါင်း ၁၈၀ ကျော်ကို ဖြတ်သန်းခဲ့ ပြီး မတ် ၁၂ ရက်က မွမ်ဘိုင်းမြို့သို့ ရောက်ရှိလာခဲ့သည်။

အဆိုပါ ဆန္ဒပြတောင်သူအင်အားသည် လေးသောင်းကျော်ထိ ရှိလာခဲ့ပြီး အိန္ဒိယကွန်မြူနစ်ပါတီနှင့် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ တောင်သူလယ် သမားသမဂ္ဂအဖွဲ့ (CPI (M) - affiliated Akhil Bharatiya Kisan Sabha - ABKS) တို့၏စုစည်းမှုဖြင့် Nashik၊ Thane နှင့် Palghar တို့မှ တောင်သူလယ်သမား အင်အားတစ်သောင်းနှစ်ထောင်ကျော် ဖြင့် ဆန္ဒပြ ချီတက်ပွဲကို စတင်ခဲ့ခြင်းဖြစ်သည်။

ချီတက်ဆန္ဒပြသူများက စိုက်ပျိုးရေးချေးငွေများအား အနေအထားသတ်မှတ်ချက်မရှိဘဲ လျှော်ပေးရေး၊ Forest Rights Act အက်ဥပဒေကို အကောင် အထည်ဖော်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဈေးကောင်းရရှိအောင် ဖော်ဆောင်ပေးရေး၊ ဆွာမိနသန်ကော်မရှင်ပါ အကြံပြုချက်များအား အကောင်အထည်ဖော်ရေးတို့ကို တောင်းဆိုခဲ့ကြကြောင်း သိရှိရသည်။

မွမ်ဘိုင်းမြို့သို့ ရောက်ရှိလာခဲ့ပြီးနောက် ချီတက်ပွဲသို့ ပါဝင်သူအင်အားမှာ ငါးသောင်းဝန်းကျင်ခန့်အထိ ရှိလာခဲ့သဖြင့် အခြေအနေအား ထိန်းသိမ်းနိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ် Devendra Fadnavis က တောင်သူလယ်သမားခေါင်းဆောင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား မတ် ၁၂ ရက် ညနေပိုင်းတွင် ဖိတ်ခေါ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထိုသို့တွေ့ဆုံဆွေးနွေးပြီးနောက် တောင်သူလယ်သမား၏ တောင်းဆိုချက်အများစုအား လိုက်လျောရန် ပြည်နယ်အစိုးရက ဆုံးဖြတ်ခဲ့ပြီး လိုအပ်သည်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဝန်ကြီး ခြောက်ဦးပါဝင်သည့် ကော်မတီတစ်ရပ်ဖွဲ့စည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါ ဆန္ဒပြပွဲအား Congress၊ MNS၊ Shiv Sena နှင့် AAP တို့ကဲ့သို့သော နိုင်ငံရေးပါတီများက ထောက်ပံ့မှုများပေးခဲ့ကြောင်း သိရှိရပါ သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယ၌ တောင်သူလယ်သမား ဆန္ဒပြမှုများဖြစ်ပေါ်ရသည့် အကြောင်းအရင်းများအပေါ်

## Jawaharlal Nehru University ၏ တွဲဖက်ပါမောက္ခ Himanshu ၏ သုံးသပ်ချက်

ပြီးခဲ့ သည့် ရက် သတ္တ ပတ် တွင် အိန္ဒိယနိုင်ငံ၊ Marahashtra ပြည်နယ်မှ တောင်သူလယ်သမား လေးသောင်းကျော်တို့က နာရှစ်မြို့မှ မွမ်ဘိုင်းမြို့သို့ လမ်းလျှောက်ချီတက်ဆန္ဒပြမှုပြုလုပ်ခဲ့ ရာ အစိုးရအနေဖြင့် ချေးငွေသက်သာခွင့်များ ဖော်ဆောင်ပေးရန်၊ ဆွာမိနသန်ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ရန်၊ Forest Rights Act အား အကောင်အထည်ဖော်ရန် တောင်းဆိုချက်များ တောင်းဆိုခဲ့ကြကြောင်း သိရှိရသည်။

ယင်းကဲ့သို့ အိန္ဒိယတောင်သူလယ်သမားများ လမ်းမပေါ် ထွက်ကာ လိုလားချက်များအား အော်ဟစ်တောင်းဆိုမှုလုပ်ဆောင်သည်မှာ ပထမဆုံးအကြိမ်မဟုတ်ကြောင်း၊ ပြီးခဲ့သည့်နှစ်တစ်နှစ်တည်းတွင်ပင် နိုင်ငံအတွင်းရှိပြည်နယ် ၁၅ ပြည်နယ်ကျော်မှ တောင်သူလယ်သမားများက လမ်းပေါ် သို့ထွက်ကာ ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြကြောင်းကိုလည်း သိရှိရသည်။ ယင်းတို့အနက် Tamil Nadu၊ Rajasthan၊ Uttar Pradesh နှင့် Haryana ပြည်နယ်တို့တွင် အင်အားအလုံးအရင်းဖြင့် ဆန္ဒပြမှုများဖြစ်ပေါ် ခဲ့ကာ ၂၀၁၇ ခုနှစ်၊ ဇွန်တွင် Madhya Pradesh ပြည်နယ်၊ Mandsaur ခရိုင်၌ ဆန္ဒပြတောင်သူလယ်သမား ခုနစ်ဦးအား ရဲတပ်ဖွဲ့က ပစ်သတ်ခဲ့မှုဖြစ်ပေါ် ခဲ့ကြောင်း၊ National Crime Records Bureau (NCRB) ၏ အချက်အလက်များအရ ၂၀၁၄ ခုနှစ်တွင် တောင်သူလယ်သမားအရေးအခင်း ၆၂၈ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ၂၆၈၃ ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ၄၈၃၇ ကြိမ် ထိရှိခဲ့ပြီး လက်ရှိအစိုးရလက်ထက် သုံးနှစ်တာကာလအတွင်း ရှစ်ဆခန့်အထိတိုးလာသည်ဟု Himanshu က သုံးသပ်ရေးသားထားသည်။



အိန္ဒိယတောင်သူလယ်သမားများ ဆန္ဒပြရခြင်းကို လေ့လာပါက အစိုးရအနေဖြင့် တောင်သူလယ်သမားထု ရင်ဆိုင်ခံစားနေရသည့် ဖိအားများကို လျစ်လျူရှုထားခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယ၌ ၂၀၁၄ ခုနှစ်တွင် ကုန်ဈေးနှုန်းများ ရုတ်တရက်မြင့်တက်ခဲ့သည့် ဂယက်ကြောင့် စိုက်ပျိုးရေးစရိတ်များမြင့်တက်ခြင်းနှင့်ကြုံခဲ့ရပြီး ၂၀၁၄ နှင့် ၂၀၁၅ တို့တွင် မိုးခေါင်မှုတို့က အခြေအနေကိုပိုမိုဆိုးရွားစေခဲ့သည်။ ထိုမျှသာမက ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း စိုက်ပျိုးရေးကဏ္ဍအတွက် အစိုးရ၏ရင်းနှီးမြှုပ်နှံမှုပမာဏတိုးတက်မှုမှာ ၁၀ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့ပြင် စိုက်ပျိုးရေးဆိုင်ရာအစိုးရစီမံချက်များအတွက် အသုံးစရိတ်ကိုလည်း လျှော့ချခဲ့ရာ အချို့သောအစီအစဉ်များအတွက် ၅၀ ရာခိုင်နှုန်းအထိပင် လျှော့ချမှုရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ ချေးငွေများအနေဖြင့် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ၂၀ ရာခိုင်နှုန်းခန့်ထိ တိုးမြှင့်ချထားပေးခဲ့သော်လည်း လက်ရှိအစိုးရလက်ထက်တွင် နှစ်စဉ် ၁၂ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများကျဆင်းနေပြီး ကျေးလက်လယ်ယာအလုပ်အကိုင်မဲ့အရေအတွက်မှာလည်း သိသိသာသာတိုးလာနေကြောင်း၊ အကျိုးဆက်အနေဖြင့် ကျေးလက်တောင်သူများ အမှန်ရရှိနေသည့် လုပ်ခလစာမှာလည်း ကျဆင်းလာပြီး ကျေးလက်ဝင်ငွေမှာလည်း ပိုမိုဆိုးရွားသည့်ဘက်သို့ ဦးတည်နေကြောင်း၊ သို့ဖြစ်၍ နောက်ဆုံးရလဒ်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၌ ဝင်ငွေနည်းပါးလာပြီး ကြွေးမြီမြင့်တက်လာကြောင်း ၎င်းက သုံးသပ်ထားသည်။

ကံမကောင်းစွာပင် ယင်းသို့သော အကျပ်အတည်းအား အစိုးရအနေဖြင့် ကိုင်တွယ်ဖြေရှင်းခဲ့သည့် နည်းလမ်းမှာ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် ရေရှည်ကြည့်ရမည့် နည်းလမ်းအစား ရေတိုနည်းကို အသုံးပြုခဲ့ကြောင်း သိရသည်။ အစိုးရကအသုံးပြုခဲ့သည့် တစ်ခုတည်းသောဗျူဟာမှာ ချေးငွေသက်သာခွင့်ပေးခြင်းနည်းလမ်းဖြစ်ခဲ့ပြီး ယင်းဗျူဟာကြောင့် Uttar Pradesh ပြည်နယ်၌ နိုင်ငံရေးအကျိုးအမြတ်ရရှိစေခဲ့သည်။ သို့ရာတွင် ယင်းလိုလားချက်မှာ Uttar Pradesh ပြည်နယ်တစ်ခုတည်းတွင် အဆုံးသတ်ထားနိုင်ခြင်းမရှိဘဲ BJP ပါတီအာဏာရထားသည့် အခြားပြည်နယ်များသို့ပါ ကူးစက်လာခဲ့ကာ နောက်ဆုံးစာရင်းဇယားများအရ လက်ရှိကာလအထိ ပြည်နယ်အမြောက်အများ၌ ချေးငွေသက်သာခွင့် ကြေညာခွင့်ပြုထားသည့်ပမာဏစုစုပေါင်းမှာ ရူပီးကုဋေ ၁၃၀၀၀၀ ကျော်ထိရှိခဲ့သည်။ ထိုသို့များပြားလှသည့် ပမာဏသည်ပင် တောင်သူလယ်သမားများကို ကျေနပ်စေနိုင်ခြင်းမရှိခဲ့ဘဲ ရိုးရိုးရှင်းရှင်းပင်သုံးသပ်ရမည်ဆိုပါက ယင်းလုပ်ဆောင်ချက်သည် စိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းအား အစားထိုးဖော်ဆောင်ရမည့် နည်းလမ်းတစ်ခု မဟုတ်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတွင် အသုံးပြုရမည့်အဖိုးထိုက်တန်လှသည့် ဘဏ္ဍာအရင်းအမြစ်များအား အလဟဿ ပြုန်းတီးစေခဲ့ကြောင်းနှင့် အစိုးရအနေဖြင့် ကမောက်ကမအခြေအနေဖြစ်အောင် ကိုယ်တိုင်ဖန်တီးခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုသာလျှင် အပြစ်တင်ရမည်ဟု သုံးသပ်ပြောကြားခဲ့ကြောင်း သိရှိရသည်။

လတ်တလော အနေအထားများအရ တောင်သူလယ်သမားများ၏ ဆန္ဒပြမှုများသည် ပြည်နယ်နှင့်ဗဟိုလွှတ်တော်ရွေးကောက်ပွဲများ၌ လက်ရှိတာဝန်ရှိပြည်နယ်အစိုးရများ (အများစုမှာ BJP ပါတီဦးဆောင်သည့် ပြည်နယ်အစိုးရ) အပေါ် ဖိအားဖြစ်ပေါ် စေခဲ့ပြီး ဆန္ဒပြမှုများမှာလည်း တိုးလာမည့်အလားအလာသာ လျှင်ရှိနေဟု ၎င်းကသုံးသပ် ရေးသားထားသည်။

အဆိုပါအချက်သည် လယ်ယာကဏ္ဍ၌ဖြစ်ပေါ် နေသည့်အကျပ်အတည်းကို တုံ့ပြန်ဖြေရှင်းသည့် အစိုးရ၏ မအောင်မြင်မှုတစ်ခုတည်းသာ မဟုတ်ဘဲ အစိုးရအပေါ် တောင်သူလယ်သမားများ၏ မယုံကြည်မှုကိုလည်း တိုးလာစေကြောင်း၊ လတ်တလော ဥပမာအနေဖြင့် အစိုးရက MSP ဈေးနှုန်းတိုးမြှင့်ပေးရန်ကြေညာခဲ့ပြီးနောက် ဆွာမိနသန်ကော်မရှင် အစီရင်ခံစာပါ ကုန်ကျစရိတ်သဘောတရားကို ပြောင်းလဲခြင်းအားဖြင့် ၎င်း၏ကတိကဝတ်ကို အယုံအကြည်မဲ့အောင် ကိုယ်တိုင်ပြုလုပ်ခဲ့ကြောင်း၊ သို့ဖြစ်၍ တောင်သူလယ်သမားများအနေဖြင့် အစိုးရ၏ ကတိကဝတ်ကို မယုံကြည်ခဲ့ကြသည်မှာ ထင်ရှားလာကြောင်း ရေးသားချက်အရ တွေ့ရသည်။

သို့ဖြစ်၍ BJP ပါတီအနေဖြင့် ဖော်ဆောင်ရန်ခက်ခဲသည့် ရွေးချယ်မှုတစ်ခုနှင့်ရင်ဆိုင်ရလျက်ရှိကြောင်းနှင့် Uttar Pradesh ပြည်နယ်၌ စတင်ခဲ့သည့် ချေးငွေသက်သာခွင့် အစီအစဉ်အား အခြားပြည်နယ်များတွင်လည်း လိုလားတောင်းဆိုနေကြသည်။ တစ်ချိန်တည်းမှာပင် မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေးအစီအစဉ်များအတွက် အသုံးစရိတ်နှင့် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းလာခြင်းသည် မကြာမီအချိန်အတွင်း စိုက်ပျိုးရေးကဏ္ဍတိုးတက်လာနိုင်ဖွယ်မရှိသည်ကို ညွှန်းဆိုနေပြီး ထို့ထက်ပို၍ ခက်ခဲပြီးအခြေဆိုးသည် ၂၀၂၂ ခုနှစ်တွင် လယ်သမားများဝင်ငွေ နှစ်ဆတိုးမြှင့်လာရေး ကတိကဝတ်ပင်ဖြစ်သည်ဟု Jawaharlal Nehru University ၏ တွဲဖက်ပါမောက္ခဖြစ်သူ Himanshu က သုံးသပ်ရေးသားထားသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဗြိတိန်မှ Belt & Road Initiative တွင် ငွေကြေးနှင့်အတတ်ပညာများ ရင်းနှီးမြှုပ်နှံသွားရန်ရှိ

ဗြိတိန်အနေဖြင့် တရုတ်နိုင်ငံမှ အဆိုပြုထားသော နိုင်ငံတကာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကြီးဖြစ်သည့် Belt & Road Initiative တွင် ငွေကြေးနှင့် အတတ်ပညာများ ရင်နှီးမြှုပ်နှံသွားရန် စီမံဆောင်ရွက်ထားကြောင်း ဗြိတိန်၏ Belt & Road Initiative ဆိုင်ရာ အကြီးအမှူးများ၏ မြို့တော်ကိုယ်စားလှယ်(City Envoy) Douglas Filint က ပြောကြားခဲ့သည်။ Filint မှာ HSBC ဘဏ်တွင် ၂၀၁၀ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်ပြီး ၎င်းအနေဖြင့် ဗြိတိန်နိုင်ငံ၏ ငွေကြေးဝန်ဆောင်မှုကဏ္ဍကို ကြီးကြပ်ရသော မြို့တော်ဆိုင်ရာဝန်ကြီး(City Minister) John Glen နှင့် Belt & Road စီမံကိန်းအခြေခံအဆောက်အဦဆိုင်ရာ ရန်ပုံငွေတည်ထောင်သွားရန်ရှိပြီး ဈေးကွက်ဆိုင်ရာ အတတ်ပညာများ အတူတကွ အကျိုးခံစားမှုရရှိရန် ရည်ရွယ်၍ ငွေတိုက်ဌာန၏ အတတ်ပညာရှင်များဘုတ်အဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကို မကြာမီကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Mr. Douglas Filint အနေဖြင့် Belt & Road ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဘုတ်အဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို မြို့တော်ဆိုင်ရာဝန်ကြီးနှင့် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဗြိတိန်-တရုတ်နှစ်နိုင်ငံ၊ ပြည်ပအခြေစိုက်ဌာနချုပ်အဖွဲ့အစည်းများနှင့် ဗြိတိန်ရှိ နိုင်ငံတကာ အတတ်ပညာရှင်များ ကိုယ်စားလှယ်များအား ဖိတ်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ၎င်းဘုတ်အဖွဲ့အနေဖြင့် ဗြိတိန်၊ တရုတ်နှင့်တတိယနိုင်ငံများရှိ ပြည်သူ့အဖွဲ့အစည်းများနှင့် ဆက်စပ်လုပ်ငန်း တွင်ပါဝင်သူများအား ထောက်ပံ့ပေးမည့်အဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ဘုတ်အဖွဲ့အနေဖြင့် ရင်းနှီးငွေစီးဆင်းမှုပမာဏပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဗြိတိန်ကုမ္ပဏီများမှ တီထွင်ဖန်တီးမှုတန်ဖိုးများအား နားလည်မှုရရှိစေရန် လေ့လာသွားမည်ဖြစ်ကြောင်းနှင့် ဘုတ်အဖွဲ့ကို အခြေခံအဆောက်အဦဆိုင်ရာ ရန်ပုံငွေအိတ်ချိန်းမူဝါဒဌာနအားဖွဲ့၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဘုတ်အဖွဲ့အနေဖြင့် အတတ်ပညာရှင်များ၏ အကြံပြုချက်များအား အမျိုးသားအကျိုးစီးပွားနှင့် ဦးစားပေးမှုအစီအစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး Belt & Road စီမံကိန်းတစ်လျှောက် ဗြိတိန်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဆက်နွယ်မှုများအတွက် ဂိတ်ပေါက်တစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Standard Chartered၊ Citigroup နှင့် HSBC ကဲ့သို့ ဘဏ်ကြီးများအနေဖြင့် Belt & Road Initiative တွင်ပါဝင်ခဲ့ကြောင်း မြို့တော်ကိုယ်စားလှယ် Douglas Filint မှ ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူးမြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ဆန်စပါး Supply Chain နှင့် ဆန်ဈေးကွက်တို့အပေါ် လေ့လာဆန်းစစ်သုံးသပ်ခြင်း

**နန္ဒာဝင်း၊ ဟန်နီ (WTO)**


ယခင်တစ်ပတ်မှအဆက်

## ဆန်စပါး ထုတ်လုပ်မှုတွင် တွေ့ကြုံရသည့် အခက်အခဲများ

အရည်အသွေးမီသော စိုက်ပျိုးရေရရှိနိုင်မှုသည် တရုတ်နိုင်ငံ၏ ဆန်စပါးထုတ်လုပ်သည့် စက်မှုလုပ်ငန်းများအတွက် နောက်ထပ် အဓိကအရေးပါမှုတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံ၏ ရေအားနှင့် အသုံးပြုမှု၏ ၆၀ ရာခိုင်နှုန်းသည် ဆန်စပါးထုတ်လုပ်မှုတွင် အသုံးချနေရပြီး စိုက်ပျိုးရန်မဟုတ်သည့် အခြားသောရင်းမြစ်များ၏ လိုအပ်ချက်ကို အစပျိုးလာစေသည်။ တရုတ်နိုင်ငံ၏ရေသွင်းစိုက်ပျိုးမြေ ၈၀ ရာခိုင်နှုန်းခန့်ကို မြောက်ဘက်ပိုင်းရှိပြုပြင်ထားသော ရေတိမ်ဆည်များနှင့် အဓိကတူးမြောင်းကြီးများမှ ရေရယူဆောင်ရွက်လျက်ရှိသည်။ ရေရင်းမြစ်များသည် စိုက်ပျိုးမြေရင်းမြစ်များနှင့် နှိုင်းယှဉ်လျှင် အနောက်ဘက်ပိုင်းတွင် လျော့နည်းလျက်ရှိနေပါသည်။ ဆည်မြောင်းအသစ်တည်ဆောက်မှုနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိသော ဆည်မြောင်းများအား ပြုပြင်တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ရေအလုံအလောက်ရရှိရန် ပြုပြင်ပြောင်းလဲမှုများအဖြစ် ခြောက်သွေ့သောစိုက်ပျိုးမြေအချို့နှင့် ခြောက်သွေ့၍ စိုစွတ်သော ရေတိမ်နက်ပိုင်းများတွင် အလေးပေး ပြုပြင်တည်ဆောက်ပေးကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ၎င်း၏ဆည်မြောင်းတည်ဆောက်မှုစနစ်ကို မြှင့်တင်ရန် ၁၀ နှစ်ကျော်ကာလအတွင်း အမေရိကန်ဒေါ်လာ ၆၀၀ ဘီလီယံရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ အစိုးရ၏ကြီးမားသော လုပ်ဆောင်ချက်တစ်ခုကို အစပြုခြင်းအဖြစ်နှင့် တောင်မှမြောက်သို့ ရေသွယ်တန်းရေး စီမံကိန်းများကို Hai, Huai, Yellow နှင့် Yangtze တို့နှင့် ချိတ်ဆက်ထားပြီး တရုတ်နိုင်ငံ၏ရေအရင်းအမြစ်များ ပြန်လည်တူးဖော်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၎င်းစီမံကိန်းသည် စပါးထွက်နှုန်းတိုးတက်မှုနှင့် တရုတ်အနောက်ပိုင်းဒေသများတွင် မိုးခေါင်ရေရှားသော အကျိုးဆက်ကိုလည်း လျှော့ချနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရပါသည်။

**တရုတ်နိုင်ငံ၏ ပြည်နယ်အလိုက် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေ**




## တရုတ်နိုင်ငံ၏ ဆန်စားသုံးမှုအခြေအနေ

၂၀၁၆ - ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာပေါ်တွင် ကြိတ်ခွဲပြီး ဆန်စားသုံးမှုစုစုပေါင်းမှာ မက်ထရစ်တန်ချိန် သန်းပေါင်း ၄၇၇ ဒသမ ၇၇ သန်းနီးပါးခန့်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် တစ်နှစ်လျှင် မက်ထရစ်တန်ချိန် သန်းပေါင်း ၁၄၆ သန်းဝန်းကျင်ခန့် စားသုံးကြပြီး ကမ္ဘာ့စားသုံးမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ဆန်စားသုံးမှုအနေဖြင့်လည်း ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်သည်နှင့်အညီ ၂၀၀၇-၀၈ ခုနှစ်မှ ၂၀၁၃-၁၄ ခုနှစ်များအတွင်း ကမ္ဘာ့စားသုံးမှု၏ ၃၁ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ စားသုံးမှုစုစုပေါင်းသည် တစ်နှစ်လျှင် နှစ်ရာခိုင်နှုန်းကျော်တိုးတက်လာပြီး လူဦးရေများပြားလာခြင်းနှင့် စက်ရုံလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်ရန်အတွက် သုံးစွဲရခြင်းကြောင့်ဖြစ်ကြောင်းနှင့် လူတစ်ဦး တစ်နှစ် စားသုံးမှုပမာဏသည်လည်း ဖော်ပြပါနှစ်များအတွင်း နှစ်ရာခိုင်နှုန်း နီးပါးမြင့်တက်လာကြောင်း သိရသည်။ တရုတ်လူမျိုးများသည် ရှေးယခင်ကာလကတည်းက ဆန်ကိုအဓိကအားထား၍ စားသုံးခဲ့ကြပြီး အခြားသောစားသုံးမှုပုံစံများဖြစ်သည့် နှစ်သစ်ကူး ကာလများတွင် အများဆုံးစားသုံးသည့် Rice cakes နှင့် Rice Dumplings များ ပြုလုပ်ခြင်း၊ အရည်အသွေးနိမ့်သည့်ဆန်များကို ဆန်အရက်ချက်လုပ်ခြင်းနှင့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းတို့အတွက် အသုံးပြုကြသည်ဟု လေ့လာသိရှိရသည်။

အမေရိကန်ပြည်ထောင်စု၏ တရားဝင်ဌာနတစ်ခုဖြစ်သော USDA ၏ အချက်အလက်များအရ ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း တရုတ်နိုင်ငံအတွင်းရှိ ရောင်းချရန်သိုလှောင်ထားသည့် ဆန်ပမာဏသည် တစ်နှစ်လျှင် လေးရာခိုင်နှုန်းကျော်တိုးတက်လာခဲ့ပြီး ၂၀၁၃-၁၄ ခုနှစ်တွင် အနည်းငယ် ကျဆင်းခဲ့ကြောင်း၊ သို့သော်လည်း မက်ထရစ်တန် ၄၆ ဒသမ ၈ သန်းရှိပြီး အတော်အတန် မြင့်မားသော အခြေအနေတွင်ရှိကြောင်းနှင့် တရုတ်၏ ရောင်းချရန်သိုလှောင်ထားသည့် ဆန်ပမာဏ ခန့်မှန်းခြေသည် စုစုပေါင်းဆန်သုံးစွဲမှုပမာဏ (ပြည်တွင်းစားသုံးမှုနှင့် တင်ပို့ရောင်းချမှု) ကြီးမားကြောင်း ဖော်ပြထားသည်။

## တရုတ်နိုင်ငံ၏ ဆန်တင်သွင်း/တင်ပို့မှုအခြေအနေ

### တင်သွင်းမှု

တရုတ်နိုင်ငံတွင် ဆန်စပါးတင်သွင်းခြင်းကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် China National Cereals, Oils and Foodstuffs Corporation (COFCO) မှတစ်ဆင့် ဆောင်ရွက်နေပါသည်။ တရုတ်နိုင်ငံသည် အများအားဖြင့် အလတ်တန်းစားဆန်နှင့် အရည် အသွေးနိမ့်ဆန်များကိုသာ တင်ပို့သည်။ COFCO သည် နိုင်ငံ၏ ဆန်တင်ပို့မှုများသာမက ဆန်တင်သွင်းမှုများကိုပါ တစ်ဦးတည်းချုပ်ကိုင်ဆောင်ရွက်နေပါသည်။ ဆန်ရောင်းဝယ်ကုန်သွယ်မှုပြုနေသည့် ကုမ္ပဏီများကို လုပ်ငန်းဆောင်ရွက်ခွင့် ၅၀ ရာခိုင်နှုန်းခွင့်ပြုထားပါသည်။ in-quota tariff မှာတစ်ရာခိုင်နှုန်းဖြစ်ပြီး out-quota tariff မှာ ၆၅ ရာခိုင်နှုန်း ဖြစ်သည်။ ဆန်တင်သွင်းမှုအများစုမှာ ထိုင်းနိုင်ငံမှ ဆန်မွှေးအမျိုးအစားများဖြစ်ပြီး ပင်လယ်ကမ်းခြေမြို့ကြီးများရှိ အဆင့်မြင့်ဟိုတယ်များ (သို့မဟုတ်) စားသောက်ဆိုင်များတွင် စားသုံးရန်အတွက် တင်သွင်းခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ဆန်စပါးထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့် နိုင်ငံအတွင်း တိုးပွားလာသည့် လူဦးရေ၏ အစားအစာ လိုအပ်ချက်ပိုင်းကို စီမံဆောင်ရွက်နေစဉ် လယ်သမားများ၏ဝင်ငွေကို တိုးမြှင့်စေရန် ရည်ရွယ်၍ ချမှတ်သည့် မူဝါဒများနှင့် ကုန်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း တရုတ်နိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းသည့် နိုင်ငံများမှာ ဗီယက်နမ်၊ ထိုင်းနှင့် ပါကစ္စတန်နိုင်ငံများဖြစ်ကြောင်း သိရသည်။ အဆိုပါ နိုင်ငံများမှ ၂၀၁၃ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ Milled rice တင်ပို့မှုမှာ တရုတ် နိုင်ငံ၏ ပြည်ပတင်သွင်းမှု၏ ၉၉ ရာခိုင်နှုန်းရှိကြောင်းနှင့် အဆိုပါ Milled rice များ၏ ပမာဏ ၈၂ ရာခိုင်နှုန်းသည် ကာလရှည်စိုက်ပျိုးထားသည့် စပါးများဖြစ်သည်။ အဆိုပါတင်သွင်းသည့် ဆန်များကို ပြည်တွင်းထုတ်လုပ်သည့် ဆန်များနှင့် လိုအပ်သလို ရောစပ်၍သော်လည်းကောင်း (သို့) အခြားသော စားသောက်ကုန်လုပ်ငန်းများ ထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုကြကြောင်း လေ့လာသိရှိရသည်။

၂၀၁၂ ခုနှစ်မှစ၍ တရုတ်ဆန်ဈေးကွက်အတွင်း တရားမဝင်လမ်းကြောင်းမှ ကုန်သွယ်မှုပြုသော ပမာဏများပြားလာခဲ့ပြီး အများစုမှာ နှစ်ရှည်စိုက်ပျိုးသော စပါးအမျိုးမျိုးဖြစ်ကြောင်းသိရသည်။ အဓိက တရားမဝင်နည်းလမ်းဖြင့် တင်သွင်းသည့်နိုင်ငံများမှာ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြောင်း ဖော်ပြထားသော်လည်း ၎င်းတို့အနေဖြင့် ပြည်တွင်းဥပဒေများကို ချိုးဖောက်မည် မဟုတ်ကြောင်းနှင့် တရားဥပဒေနှင့် အညီကုန်သွယ်မှုပြုသည်ကို အခိုင်အမာ ပြောနိုင်ကြောင်း၊ တရုတ်အစိုးရအနေဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း ထိုကဲ့သို့သော တရားမဝင်လမ်းကြောင်းဖြင့် ကုန်သွယ်မှုပြုနေသည်ကိုစတင်၍ ထိထိရောက်ရောက် နှိမ်နင်းခဲ့ပြီး ပြည်တွင်းအစားအသောက် တည်ငြိမ်မှုရှိစေရေးအလို့ငှာ စားသောက်ကုန်မှောင်ခိုတင်သွင်းမှုများကို ဆန့်ကျင်နိုင်ရေး အလေးပေးဆောင်ရွက်လာခဲ့ပြီးဖြစ်သည်ဟုသိရသည်။ ထို့အပြင် ကာလရှည် စိုက်ပျိုးထားသော ဆန်စပါးများတင်သွင်းမှုကို ကာကွယ်ရန် Tariff Rate Quota (TRQ) ကိုတင်းတင်းကြပ်ကြပ်သတ်မှတ်ခဲ့ပြီး ကာလလတ်နှင့်ကာလတိုစိုက်ပျိုးစပါးများ TRQ ကို ဖြည့်စွက်တင်သွင်းရန်အတွက် အလေးပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### တရုတ်နိုင်ငံမှ ဆန်တင်သွင်းသည့် အများဆုံး (၁၀) နိုင်ငံ


USDA ၏ အချက်အလက်များအရ အောက်ဖော်ပြပါနိုင်ငံများသည် ၂၀၁၆ ခုနှစ်အတွင်း တရုတ်နိုင်ငံမှ ဆန်တင်သွင်းမှု အများဆုံး ၁၀ နိုင်ငံဖြစ်ကြပါသည် -

| နိုင်ငံ | တင်သွင်းသည့်တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) | တင်သွင်းမှု (%) |
|---|---|---|
| ဗီယက်နမ်နိုင်ငံ | ၇၃၃. ၉ | ၄၆. ၃ % |
| ထိုင်းနိုင်ငံ | ၄၆၂. ၂ | ၂၉. ၁ % |
| ပါကစ္စတန်နိုင်ငံ | ၂၅၀. ၆ | ၁၅. ၈ % |
| ကမ္ဘောဒီးယားနိုင်ငံ | ၇၃. ၈ | ၄. ၇ % |
| မြန်မာနိုင်ငံ | ၃၃. ၁ | ၂. ၁ % |
| လာအိုနိုင်ငံ | ၂၈. ၂ | ၁. ၈ % |
| ဂျပန်နိုင်ငံ | ၁. ၈ | ၀. ၁၁ % |
| ရုရှားနိုင်ငံ | ၁. ၂ | ၀. ၀၈ % |
| တောင်ကိုရီးယားနိုင်ငံ | ၀. ၆၉ | ၀. ၀၄ % |
| တရုတ်(တိုင်ပေ) | ၀. ၅ | ၀. ၀၃ % |

### တင်ပို့မှု

တရုတ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၁၃ ခုနှစ် တင်ပို့မှုတိုးတက်လာခြင်းမတိုင်မီ ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း နှစ်စဉ်ကျဆင်းခဲ့ကြောင်း၊ ပမာဏအများဆုံးတင်ပို့သော နိုင်ငံများသည် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဂျပန်နှင့် ဟောင်ကောင်နိုင်ငံများဖြစ်ပြီး အဓိကအားဖြင့် ကာလလတ်နှင့် ကာလတို စိုက်ပျိုးထားသော Grain brown နှင့် white rice တို့ကို တင်ပို့ကြောင်း သိရသည်။ ၂၀၁၆ ခုနှစ်အတွင်း ဆန်တင်ပို့မှုတန်ဖိုးအရ အမြင့်ဆုံးနိုင်ငံများ ၁၅ နိုင်ငံအနက် တရုတ်နိုင်ငံသည်ကိုးခုမြောက်တွင်ရပ်တည်လျက်ရှိပြီး ၂၀၁၂ ခုနှစ်ကတည်းက သင်္ဘောဖြင့်ဆန်တင်ပို့ပြီး တင်ပို့မှုတန်ဖိုး များပြားလာသော နိုင်ငံလေးနိုင်ငံအနက် တရုတ်နိုင်ငံပါဝင်လာခဲ့ပြီး ၃၉ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း သိရသည်။

**တရုတ်နိုင်ငံ၏ ဆန်တင်ပို့/တင်သွင်းမှုအခြေအနေ**




ဆက်လက်ဖော်ပြပါမည်။

## မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ သစ်သီးဝလံများတန်ဖိုးမြှင့် ထုတ်လုပ်တင်ပို့ရေးနှင့် ဈေးကွက်ဝင်ရောက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MYANTRADE) မှ သစ်သီးဝလံများ တန်ဖိုးမြှင့် ထုတ်လုပ်တင်ပို့ရေးနှင့် ဈေးကွက်ဝင်ရောက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၃ ရက်တွင် မော်လမြိုင်မြို့၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်က အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဝန်ဆောင်မှုများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာများ ချမှတ် အကောင်အထည်ဖော်မှုများ၊ မြန်မာ့ကုန်စည်အမှတ်တံဆိပ်တည်ဆောက်ရန် လိုအပ်ချက်များအား စီးပွားရေးလုပ်ငန်းရှင်များ သိရှိနိုင်ရန်နှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အခြားအောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင်များ၏ အတွေ့အကြုံများကို မျှဝေပေးရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဝန်ကြီးဌာနမှ အဆင့်မြင့်အရာထမ်းများက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) မှ ဆောင်ရွက်ပေးနေသောလုပ်ငန်းများ၊ Trade Center များ၏ ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များအရေးပါမှု အခန်းကဏ္ဍများကိုလည်းကောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပညာရှင်များက ဈေးကွက်အတွင်း Made in Myanmar အမှတ်တံဆိပ် တည်ဆောက်ခြင်းနှင့် ဈေးကွက်ဝင်ရောက်ရေးအတွက် လိုအပ်ချက်များ၊ သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်လုပ် တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းခဲ့မှုအပေါ် ပြန်လည်ဖြေကြားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ အရာထမ်း/အမှုထမ်းများ၊ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**သန်းသန်းနု ( MYANTRADE)**

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် Department of International Trade Promotion (DITP) Thailand တို့ပူးပေါင်း၍ Mini Thailand Week ကုန်စည်ပြပွဲ ကျင်းပ



မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ထိုင်းနိုင်ငံ၊ Department of International Trade Promotion (DITP) က ကြီးမှူးပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးရေးနှင့် အပြန်အလှန်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Mini Thailand Week ကုန်စည်ပြပွဲကို မတ်လ ၂၂ ရက်မှ ၂၅ ရက်ထိ မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပခဲ့သည်။

ကုန်စည်ပြပွဲတွင် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်နှင့် ထိုင်းနိုင်ငံသံရုံးက စီးပွားရေးသံမှူး Mr. Pakainay Leng-EE တို့တက်ရောက်၍ အသီးသီးအဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကုန်စည်ပြပွဲသို့ မွန်ပြည်နယ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ စီမံကိန်း၊ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးနှင့် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ထိုင်းနိုင်ငံမှ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအပြီးတွင် တာဝန်ရှိပုဂ္ဂိုလ်များမှ ပြခန်းအတွင်းသို့ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြပွဲတွင် ထိုင်းနိုင်ငံ၏ ကုမ္ပဏီကြီးများမှ အဆင့်မြင့် လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်များ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်တွင်းအလှဆင်လုပ်ငန်းနှင့် အီလက်ထရောနစ်ပစ္စည်းများ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

**သန်းသန်းနု** (MYANTRADE)

## ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ဈေးကွက်ဝင် ကော်ဖီပင်များ စတင်စိုက်ပျိုး

FMI ကုမ္ပဏီများအုပ်စုမှ Myanmar Agri-Tech Ltd. (MAGT) ကုမ္ပဏီသည် Robusta အမျိုးအစား ကော်ဖီပင် ဧက ၃၀၀ ခန့်ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပုသိမ်-မော်တင်စွန်းကားလမ်းဘေး (၂၃) မိုင်တွင် ၂၀၁၃-၂၀၁၄ ခုနှစ်မှစတင်၍ စိုက်ပျိုးလျက်ရှိပြီး ဗီယက်နမ်နိုင်ငံမှ ကော်ဖီမျိုးကိုယူကာ ၎င်းမျိုးများကို ပျိုး၍ စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် အသီးစတင်သီးသော်လည်း ၎င်းအသီးများကိုမယူဘဲ စတင်သီးသည့်အချိန်တွင် အထွက်နှုန်းနည်းသဖြင့် နောင်နှစ်မှစ၍ အသီးယူမည်ဖြစ်ကြောင်း သိရသည်။ သို့မှသာ အရည်အသွေးမီသည့် အသီးရရှိမည်ဖြစ်ပြီး ဈေးကွက်ဝင်မှာဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ စုံစမ်းသိရှိရသည်။

ကော်ဖီပင်များ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးပညာရှင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ နှစ်ရှည်တာဝန်ခံတို့နှင့် ပူးပေါင်း၍ ပြည်တွင်းစိုက်ပျိုးရေးပညာရှင်များကို ငှားရမ်းကာ စိုက်ပျိုးလျက်ရှိပြီး ကော်ဖီစိုက်ပျိုးရာတွင် ထွက်ရှိလာသော ကုန်ကြမ်းကို အစို၊အခြောက် ၂ မျိုးခွဲ၍ ဈေးကွက်တွင် ရောင်းချလို့ရကြောင်း၊ ကော်ဖီပင်မှာ နှစ် ၅၀/၆၀ အသီးသီးနိုင်၍ ရေရှည်အကျိုးအမြတ်ရှိသည့် နှစ်ရှည်သီးနှံပင် အမျိုးအစားဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားပါသည်။

**မင်းမင်းဦး (ပသ)**

## မန္တလေးတွင် တတိယအကြိမ် အလှကုန် ကုန်ပစ္စည်း ဈေးရောင်းပွဲတော်ကျင်းပ

မြန်မာနိုင်ငံ အလှကုန်အသင်းမှကြီးမှူး၍ တတိယအကြိမ် မြန်မာနိုင်ငံတွင် အကြီးကျယ်ဆုံး အလှကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်ဖွင့်ပွဲကို မတ် ၁၆ ရက်က မန္တလေးမြို့တော်ခန်းမတွင်ကျင်းပခဲ့ရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်၊ မြန်မာနိုင်ငံ အလှကုန်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းနိုင်၊ မန္တလေးတိုင်းဒေသကြီး အလှကုန်ပစ္စည်းထုတ်လုပ်ရောင်းဝယ်သူများအသင်း ဥက္ကဋ္ဌ ဦးနေလင်းတို့ တက်ရောက်ခဲ့ပြီး ဈေးပွဲတော်ကိုဖွင့်လှစ်ပေးကာ ပြခန်းများအား ကြည့်ရှုအားပေးခဲ့ကြသည်။

တတိယအကြိမ် အလှကုန်ပစ္စည်းပြပွဲကို အလှကုန်ပစ္စည်းသုံးစွဲသူ ပြည်သူများ အရည်အသွေးစစ်မှန်သော အလှကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် တစ်နေရာတည်းတွင် ဝယ်ယူရရှိစေရန်၊ အလှကုန်လုပ်ငန်း လုပ်ကိုင်နေသော လုပ်ငန်းရှင်များ၏ထုတ်ကုန်ပစ္စည်းများ ပြည်သူများသိရှိစေရန်နှင့် ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနိုင်စေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

အဆိုပါ အလှကုန်ပစ္စည်းပြပွဲ (မန္တလေး)တွင် ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဥရောပသမဂ္ဂအဖွဲ့ဝင် ပြင်သစ်၊ အီတလီနိုင်ငံများ အပါအဝင် ပြည်တွင်း၊ ပြည်ပ အလှကုန် ကုမ္ပဏီ ၆၄ ခုမှ ပြခန်းပေါင်း ၁၀၂ ခန်းပြသထားပြီး အလှကုန်ပစ္စည်းဈေးကွက်မိတ်ဆက်အထူးနှုန်းဖြင့် ရောင်း ချခြင်း၊ လက်ဆောင်ပစ္စည်း၊ ကံစမ်းမဲအစီအစဉ်များဖြင့်လည်းကောင်း၊ လာရောက်သူ အမျိုးသမီးများအား မိတ်ကပ်အလှခြယ်ပေးခြင်းများဖြင့် ဈေးကွက်မိတ်ဆက်ဆောင်ရွက်ကြရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ အလှကုန်ပစ္စည်းပြပွဲကို မတ် ၁၆ ရက်မှ ၁၈ ရက်အထိ၊ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသရောင်းချခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

စာမျက်နှာ (၃) EIF လုပ်ငန်းစဉ်၏ •••••• မှအဆက်

ကုန်သွယ်မှုကဏ္ဍနှင့် သက်ဆိုင်သည့် Institutions များအားလုံးကို ဦးတည်ဗဟိုပြု၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပို့ကုန်များ ကမ္ဘာ့ ဈေးကွက်ဝင်ရောက်ခွင့်ရရှိရေးအတွက် သတင်းအချက်အလက်များကို ရယူစုဆောင်း သုံးသပ်ဆောင်ရွက်ရန်မှာ အလွန်အရေးကြီးပါကြောင်း၊ ၎င်းအပြင် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများဖြစ်သည့် Tariff and Non-Tariff Barrier များကို ပိုမိုသိရှိနားလည်သဘောပေါက်စေရန်နှင့် နိုင်ငံစုံကုန်သွယ်မှုစနစ်တွင် ပိုမိုပါဝင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေဖြင့် မြန်မာ့ပို့ကုန်များ ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်ရာတွင် သိရှိလိုက်နာဆောင်ရွက်ရန်လိုအပ်သည့် Multilateral Rule များ၊ ကုန်စည်များအတွက် သတ်မှတ်ထားသော Concessions Schedules များ၊ အကောက်ခွန်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများနှင့် ဆက်စပ်နေသည့် key concept များကို ပိုမိုနားလည်သိရှိစေရန်အတွက် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် အကျိုးရှိစွာ လေ့လာဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရခြင်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍအတွက်လတ်တလောဖြည့်ဆည်းပေးရန် လိုအပ်သောစွမ်းဆောင်ရည်(Capacity) ကို မြှင့်တင်ပေးရန်၊ အကောက်ခွန်နှင့်ပတ်သက်သော ပြုပြင်ပြောင်းလဲမှုကဏ္ဍများ၌ တိုးတက်မှုတစ်ခုအနေဖြင့် ပါဝင်နေစေရန်၊ မြန်မာ့ကုန်စည်များဈေးကွက်သို့ ဝင်ရောက်ရာတွင် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများဖြစ်သည့် Tariff နှင့် Non-tariff-barriers များကို သိရှိ နားလည်သဘောပေါက်စေရန်၊ နိုင်ငံစုံ ကုန်သွယ်မှုစနစ် (multilateral trading system) တွင် ပိုမိုပါဝင်နိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ၁၀၀ ဦးကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ဇာနည်**

## ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ရေထွက်ကုန်တင်ပို့မှုကျဆင်း

ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ မတ် ၁၀ ရက်မှ ၁၆ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၇ သန်းတန်ဖိုးရှိရေထွက်ကုန် ၃၃၁ တန်ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၃၄၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၃ တန်တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်တင်ပို့မှု ပိုမိုခဲ့သော်လည်း မောင်တောကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်တင်ပို့မှု ကျဆင်းခဲ့တဲ့အတွက် ယခုလိုကျဆင်းခြင်းဖြစ်ပါတယ်။

တင်ပို့ မှုကိုကြည့်ပါက စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၈ သန်းတန်ဖိုးမှ ရေထွက်ကုန် ငါးမြစ်ချင်း၊ ငါးခေါင်းပွတို့ကို ၂၈၁ တန်နဲ့ မောင်တော ကုန်သွယ်ရေးစခန်းရှိ ငါးစုံလေးခြောက်တန် ၅၀ တို့ကို တင်ပို့ခဲ့ပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၂ သန်းတန်ဖိုးရှိဧည့်မထ ၂၅မှတ်ဆန်၊ မန်ကျည်းစေ့၊ မန်ကျည်းဖတ်၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ ချင်းအစို၊ သစ်ခေါက်ကြိမ်၊ ဆီးယိုထုပ်တို့ကို ၁၄၂၅ တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၅၀ သန်းတန်ဖိုးရှိဧည့်မထဆန်၊ ချင်းအစို၊ မြေပဲ၊ ဝါး(ကြီး)/(သေး)၊ ကြိမ်၊ ဆီးယိုထုပ်၊ ကွေကာ၊ နေကြာစေ့၊ သကြားလုံး၊ သနပ်ခါးခဲတို့ကို ၁၂၈၀ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၉၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၀၄၉၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၂၁၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၂၈၇ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်လျော့နည်းတင်ပို့ခဲ့သော်လည်း မြိတ်ကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်းဖြစ်ပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းနဲ့ ငါးအသားလွှာတို့ကို ၂၄၉ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၀၁ သန်းတန်ဖိုးရှိ ကင်းမွန်လိပ်၊ ငါးမုန့်၊ ငါးမျိုးစုံ၊ မွေးပုစွန်၊ သဲကဏန်း၊ ကင်းမွန်တို့ကို ၂၂၆၂ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၅၇ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်၊ အခြားရေထွက်ကုန်၊ ကဏန်းတို့ကို ၇၉၈၆ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တာချီလိတ်မှ ထိုင်းနိုင်ငံသို့ တစ်သျှူးငှက်ပျော တန်တစ်ရာ ပိုမိုတင်ပို့နိုင်

မြန်မာ- ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ မတ်လ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၈၀၇၉ တန်ဖိုးရှိတစ်သျှူးငှက်ပျော တန် ၂၀၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၁၀၀ နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ် ထိုင်းနိုင်ငံသို့ တစ်သျှူးငှက်ပျော တန် ၁၀၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၃၉ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၂၈၁၇ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ ကန်ပိုက်တီမှ ၁၁၃၆၅ တန်၊ လွယ်ဂျယ်မှ ၁၄၅၂ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီမှ တန် ၁၆၈၅၀ နဲ့ လွယ်ဂျယ်မှ ၅၈၈ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် လွယ်ဂျယ်မှ ၈၆၅ တန် ပိုမိုတင်ပို့ခဲ့ပေမယ့် ကန်ပိုက်တီမှ ၅၄၈၅ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျော စိုက်ခင်းများကို မြစ်ကြီးနား၊ ဝိုင်းမော်၊ မံမော်၊ မိုးမောက်၊ ဗန်းမော်နဲ့ ရွှေကူမြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီး တင်ပို့မှုကျဆင်း

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅၅ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၀၅၅ တန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၆၀၃ တန်ကို တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၅၄၈ တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းပါ ကွမ်းသီးများ တင်ပို့မှုကျဆင်းခဲ့တဲ့အတွက်ကြောင့် ယခုလိုကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၅၁ သန်းတန်ဖိုးရှိ ကွမ်းသီး ၉၀၃ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၄ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၅၁ တန်ကိုတင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၅ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ ဘိလပ်မြေ၊ ကြက်သွန်ဖြူနဲ့ မျောက်ငိုသီးတို့ကို ၁၆၉ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၇ သန်းတန်ဖိုးရှိ စောင်၊ စားသောက်ကုန်၊ ရေချိုငါး၊ စီးကရက်၊ ဆေးရိုး၊ မစီးဖိနပ်၊ ဆေးမှုန့်၊ မဝတ်တီရှပ်နှင့် ဖရဲသီးတို့ကို ၃၃၅ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၉ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၈ မျိုး၊ တန်ချိန်အားဖြင့် ၁၇၅၈ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅၄၈ တန်နဲ့ နှိုင်းယှဉ်ပါက တန် ၂၁၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ဆီးဆန်၊ ကွမ်းစားဂမုန်း၊ ရွှေးရွက်၊ ဒရင်ကောက်မြစ်၊ တောဂျုံးမြစ်၊ တောချင်း၊ နနွင်းတက်၊ နနွင်းခေါင်း၊ မာလာဥခေါင်း၊ မာလာဥ၊ ဝဥ (အစို)၊ ဝဥခြောက်၊ ဖန်ခါးသီးခြောက်၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့နဲ့ ချဉ်ပေါင်ဖာလာတို့ဖြစ်ပါတယ်။ ယခုတစ်ပတ် ပရဆေးကုန်ကြမ်းတင်ပို့မှု ပိုမိုရခြင်းမှာ ယခင်တစ်ပတ်က တင်ပို့မှုမရှိတဲ့ ဝဥ(အစို)ရော ဝဥခြောက်ပါ တင်ပို့ခဲ့ပြီး နနွင်းတက်၊ မာလာဥ၊ မာလာဥခေါင်း၊ တောဂျုံးမြစ်၊ ချဉ်ပေါင်ဖာလာ၊ ဖန်ခါးသီးခြောက်နဲ့ ဒရင်ကောက်မြစ်တို့ကို ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့ခဲ့ရတာကြောင့် ယခုလိုပရဆေးကုန်ကြမ်း တင်ပို့မှု ပိုမိုခဲ့ရတာဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**



## မူဆယ်မှ ဝဥခြောက်ရော ဝဥအစိုပါ တင်ပို့

မြန်မာ- တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅ )မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်းတန်ဖိုးရှိ ဝဥခြောက် တန် ၂၀ ကျော်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းတန်ဖိုးရှိ ဝဥအစို ၃၄ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ဝဥကို ပြည်တွင်းမှာ စားသုံးမှုနည်းပေမယ့် ပြည်ပနိုင်ငံများမှာတော့ တန်ဖိုးကြီး အစားအသောက်အဖြစ် ပြုလုပ်စားသောက်လေ့ရှိရာ ဂျပန်နဲ့ တရုတ်နိုင်ငံများသို့ အများဆုံးတင်ပို့ရပြီး စင်ကာပူနဲ့ မလေးရှားနိုင်ငံများသို့လည်း အနည်းငယ် တင်ပို့ရကြောင်း၊ ဝဥခြောက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် သိန်း ၂၀ ခန့်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းသို့ ဆိုင်ကယ်များ တင်သွင်းမှုပိုမို

ကုန်သွယ်ရေးစခန်းများမှ မတ် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၁၈ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၂၆၇၅ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၆၇၂ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၀၀၃ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်တင်သွင်းမှုလျော့နည်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်တို့မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလို ပိုမိုတင်သွင်းနိုင်တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၀၀ သန်းတန်ဖိုးရှိဆိုင်ကယ် ၁၁၁၅၇ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် အစီး ၂၀၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၀၇ သန်းတန်ဖိုး ရှိ ဆိုင်ကယ် ၁၄၉၃ စီးနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၅ စီးတို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ယခုတစ်ပတ် ရေကြောင်းလမ်းမှ ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ်လ ၁၀ ရက်မှ ၁၆ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ၈၉ သန်းတန်ဖိုးရှိ ရော်ဘာအမျိုးအစားစုံ ၁၉၀၇ တန်ခန့် တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့မှုများမှာ RSS-1 အမျိုးအစား ၃၃၇ တန်ခန့်၊ RSS-3 အမျိုးအစား ၅၅၂ တန်ကျော်နဲ့ MSR-20 အမျိုးအစား ၂၁၁ တန်ကျော်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3အမျိုးအစား ၈၀၆ တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ ယခင်တစ်ပတ်က ရော်ဘာ ၂၀၅၅ တန်ခန့်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၅၁ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်ရော်ဘာတင်ပို့မှု လျော့ကျသလို နယ်စပ်ရော်ဘာဈေးနှုန်းလည်း လျော့ကျခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ရော်ဘာ RSS-3 အမျိုးစားတစ်တန်ရဲ့ ပေါက်ဈေးမှာ ကျပ် ၁၆ သိန်းကျော်ရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၁၈၂၀၅၁ ကျပ် ဈေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၁၁၀ ကိုမလေးရှား၊ ဂျပန်၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၃၉၂ တန်ကျော်၊ ဂျပန်နိုင်ငံသို့ MSR-20အမျိုးအစား ၂၉၄ တန်၊ တရုတ်နိုင်ငံသို့ MSR-10အမျိုးအစား ၂၀၂ တန်ခန့်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၂၀၂ တန်နဲ့ MSR-10 အမျိုးအစား တန်ချိန် ၂၀ ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၅၄၂ တန် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း အတက်အကျ အနည်းငယ်သာရှိပြီး ပြည်ပတင်ပို့မည့်မြန်မာ့ရော်ဘာ FOB ဈေးကို မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ယခင်တစ်ပတ်အတိုင်းဈေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (၂၀၁၈) ပါဝင်ပြသရေးနှင့် မြန်မာနိုင်ငံတွင်ကျင်းပမည့် တရုတ်ကုန်စည်ပြပွဲအစီအစဉ်များရှင်းလင်းတင်ပြ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့ CAEXPO Secretariat တို့ပူးပေါင်း၍ နန်နင်းမြို့တွင် စက်တင်ဘာလ၌ ကျင်းပမည့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံရှိဝန်ကြီးဌာနများနှင့် ကဏ္ဍပေါင်းစုံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးနှင့် ကုန်စည်ပြပွဲအကြောင်းရှင်းလင်းပွဲကို မတ် ၂၂ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးမြို့ ရုံးစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။



ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ CAEXPOSecretariat မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Zeng Zhong က (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ ၂၀၁၈ ကျင်းပမည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေးတင်ပြဆွေးနွေးခဲ့ပြီး တရုတ်ကုန်သွယ်ရေးဗျူရိုမှ ဒုတိယညွှန်ကြားရေးမှူး မစ္စတာထန်ဟိုင်းက ရန်ကုန်မြို့တွင် တရုတ်ကုန်စည်ပြပွဲ ကျင်းပမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့သည်။

(၁၅)ကြိမ်မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲကို အာဆီယံနိုင်ငံများမှ ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ထိုးဖောက်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရရှိစေရန်၊ နည်းပညာများမျှဝေပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံ ၆၀ ကျော်မှ ကုမ္ပဏီများပါဝင်ပြသမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင် ၇၀၀၀၀ ကျော် တက်ရောက်မည်ဖြစ်ကာ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများလည်းထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

---

# တောင်ကြီးမြို့ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနတွင် Seminar on Introduction for Agritech Israel 2018 Exhibition ကျင်းပ

ရှမ်းပြည်နယ်၊တောင်ကြီးမြို့ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနတွင် Seminar on "Introduction for Agritech Israel 2018 Exhibition" ကို မတ် ၁၆ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားတွင် ရှမ်းပြည်နယ်တောင်ပိုင်း သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (SSFFVP) ဥက္ကဋ္ဌ ဦးခင်အောင်နှင့် အစ္စရေးနိုင်ငံ မြန်မာသံအမတ် H.E Mr. Daniel Zonshine တို့က အသီးသီးအမှာစကားပြောကြားခဲ့ပါတယ်။

ထို့နောက် အစ္စရေးနိုင်ငံ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆည်မြောင်းရေပေးစနစ်စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် ဒေါက်တာမိုလီဆတ်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးပညာရှင် Ms. Shelly Rechel Ganzတို့မှ အစ္စရေးနိုင်ငံ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကြောင်းနှင့် လယ်ယာထွက်ကုန်နည်းပညာများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကာ Prime Agri Training Coordinator ဦးထင်ရှားက အစ္စရေးနိုင်ငံသို့ သင်တန်းတက်ရောက်ခဲ့သော အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှ သိရှိလိုသည်များကိုလည်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲသွေး၊ စားသုံးသူရေးရာဦးစီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ်တောင်ပိုင်း သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အသင်းဝင်များ၊ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား စိုက်ပျိုးရေး အသိပညာပေးမှုဆိုင်ရာ လက်ကမ်းစာစောင်များကိုလည်း အသီးသီးဖြန့်ဝေပေးခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

---

# ပုသိမ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းနိုင်ဦးဆောင်သော အဖွဲ့ဝင်များသည် ပုသိမ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် သင်တန်းတက်ရောက်နေသော သင်တန်းသူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲအား မတ်လ ၁၇ ရက်က ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းနိုင်က ဌာနဖွဲ့စည်းပုံများ၊ ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ဆောင်ရွက်နေသော လုပ်ငန်းများနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း ဆွေးနွေးပို့ချခဲ့ပြီး စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးစောမိုက်ကယ်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ စားသုံးသူအခွင့်အရေး ၈ ရပ်နှင့် စားသုံးသူများ အစားအသောက် အပါအဝင် ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ဘေးအန္တရာယ်မကျရောက်စေရေး၊ အကာအကွယ်ပေးရေးလုပ်ငန်းများအား ဆက်စပ်ဌာနများ၊ NGO များနှင့်ပူးပေါင်း၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုများအား ဟောပြောဆွေးနွေးပို့ချခဲ့သည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီစံနှင့် အပ်ချုပ်သင်တန်း၊ ဟိုတယ်အမှုထမ်းသင်တန်း တက်ရောက်နေသော သင်တန်းသူ ၁၀၀ ဦး တက်ရောက်ခဲ့သည်။ အဆိုပါ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသို့ တက်ရောက်သူများကို နိုင်ငံတော်မှ စားစရိတ်၊ နေစရိတ်၊ သင်ကြားမှုစရိတ် အခမဲ့ ထောက်ပံ့ပေးထားကြောင်း သိရှိရပါသည်။

**စောမိုက်ကယ် (ပုသိမ်)**

---

# သင်္ကြန်ကာလ ခရီးသွားများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၌ ၂၀၁၈ ခုနှစ် သင်္ကြန်ကာလခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မတ် ၂၂ ရက်က ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ဌာနခွဲမန်နေဂျာများ၊ ပုသိမ်ခရိုင် ဦးစီးမှူး၊ တိုင်းပို့/ဆက်ဦးစီးမှူး၊ ဧရာဝတီတိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုသိမ်ခရိုင် စားသုံးသူရေးရာအသင်း ဥက္ကဋ္ဌ၊ ဈေးစားသုံးသူရေးရာအဖွဲ့များ၊ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့များ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးက ၂၀၁၈ ခုနှစ် သင်္ကြန်ကာလပိတ်ရက်များတွင် တိုင်းဒေသကြီးပြည်နယ်များမှ ပြည်သူအများစုသည် မိဘရပ်ထံပြန်ခြင်း၊ ဘုရားဖူးသွားလာခြင်းနှင့် အခြားဒေသများသို့ လေ့လာရေးခရီးထွက်ခြင်းများအား နှစ်စဉ်ပြုလုပ်လေ့ရှိပါကြောင်း၊ ထိုသို့သွားလာရာတွင် ၂၀၁၇ ခုနှစ် သင်္ကြန်ကာလရုံးပိတ်ရက်များတွင် မော်တော်ယာဉ်များမှ ယာဉ်စီးနင်းခများအား သတ်မှတ်နှုန်းထားထက်ပိုမိုတောင်းခံခြင်း၊ မူလဝယ်ယူထားသော ခုံနံပါတ်နှင့် ယာဉ်စီးနင်းရာတွင် လွဲမှားနေခြင်း၊ ခရီးသည်အား သတ်မှတ်နေရာသို့ ရောက်ရှိအောင်ပေးပို့မှုမရှိခြင်း၊ ခရီးစဉ်အားအချိန်နှင့် တစ်ပြေးညီထွက်ခွာမှု မရှိခြင်း၊ လက်မှတ်ဝယ်ယူရာတွင် ကြော်ငြာထားသည့် နေ့ရက်တွင် အမှန်တကယ်ဝယ်ယူရရှိမှု မရှိခြင်းများကြောင့် တိုင်ကြားမှုများရှိခဲ့ပါသဖြင့် ဖြေရှင်းပေးခဲ့ပါကြောင်း၊ သို့ပါ၍ ၂၀၁၈ ခုနှစ် သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန်အတွက် ယခုလိုသက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ တိုင်ကြားမှုများရှိပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်သွားရန်နှင့် အရေးယူမှုများအား စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော တိုင်းပို့/ဆက်ဦးစီးမှူး၊ ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့မှလည်း မိမိတို့မှ ယခင်နှစ်များတွင်လည်း သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများအဆင်ပြေချောမွေ့စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း ကြိုတင် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိပြည်သူများ သင်္ကြန်ကာလအတွင်း ခရီးသွားလာမှုအဆင်ပြေစေရေးအတွက် မမှန်မကန်မှုများမရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာသူများမှလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**မောင်ပုသိမ်**

လက်ဖက်ရည်ကောင်းကြိုက်သူများ ၊
အမျိုးသမီးများနှင့်ခလေးငယ်များ
လုံခြုံစိတ်ချစွာစားသုံးနိုင်စေရန်ရည်ရွယ်ဖွင့်လှစ်လိုက်သည်။

ရှယ်

မြန်မာ လ္ဘက်ရည်ဆိုင်





အမှတ်(၁၁၁၄)၊ (၄) ရက်ကွက်၊ သုမင်္ဂလာလမ်း၊ ပညာလမ်းထိပ်၊
နန္ဒဝန်ဈေးအနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - 09443355771

BARRETT COMMUNICATIONS

Made in Australia







CIT International Trading Ltd

504-506, (Room No. 4A), Corner of 39th Street & Merchant Road, Kyauktada Township, Yangon, Myanmar.
Ph: 01-388959, 248277 Email : cit@mptmail.com.mm

barcodemyanmar

The No.1 Barcode Expert in Myanmar

လူကြီးမင်းတို့၏လက်ဝတ်ရတနာဆိုင်၊ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့်

အခြားစားသောက်ကုန် လုပ်ငန်းခွင်များတွင် အဆင်ပြေ စနစ်တကျ သပ်ရပ်လှပတဲ့



Barcode Label Sticker ဒီဇိုင်းပုံစံအမျိုးမျိုး

Barcode Printer စက်နှင့် Barcode Scanner အမျိုးစုံ

Barcode Label Sticker ပစ္စည်းများကိုလည်း

ကာလာစုံ၊အရွယ်အစားစုံ လက်လီ/လက္ကား ဝယ်ယူရရှိနိုင်ပါသည်။

Frozen Product များအတွက်ကြာရှည်ခံနိုင်သည့်

Barcode Label Sticker များလည်းရရှိနိုင်ပါသည်။

Barcodemyanmar Co., Ltd.

Add : 9b, Classic Strand Condo, Lowr Block 27th, Merchant St, Paebaedan Tsp, Yangon, Myanmar

Tel : + 951 245413, +959 799856131 www.barcodemyanmar.com

ဗုဒ္ဓ ဓမ္မ သံဃ

MOUNT TREASURE CO.,LTD

ရတနာတောင်

ဦးဆာသရား နှင့် သားများ

ဘီလပ်မြေ၊ သံချောင်း၊ ဟာဂ်လန်၊ ယူဘင့်၊ အိပ်(ချ်)ဘင့်၊ သံပိုက်၊ ဂျီအိုင်ပိုက်၊ ဟော်လို၊ သံပြား၊
ပလပ်ပြား၊ သံထည်ပစ္စည်းအမျိုးမျိုး၊ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး နှင့်
ကာလာစတီးအမိုးပြား၊ သွပ်ပြား၊ စီချန်နယ်ပါလင်၊ ဒတ်ကင်ရှိအမျိုးမျိုးထုတ်လုပ်ဖြန့်ချိရေး



ရုံးနှင့်အရောင်းပြခန်း - အမှတ် (ဃ၊င၊စ၊ဆ)၊ အဆောင် (ဝ/၆)၊ ရွှေဝါလမ်းမကြီး၊ ဇော်ဘွားကြီးကုန်း၊ ရန်ကုန်။
01- 9640555, 9640666,9640777, 9640888, 9640999, 09 420719000, 09 4500 99999. Fax : 01 9640777


အရှိန်ပြား အရောင်းပြခန်း - အမှတ်(၄၊၅)၊ အဆောင်(၂၀)၊ ပတ္တမြား(၅)လမ်း၊ ဇော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်။
01 9640323.

နေပြည်တော် - အမှတ်(စ-၃၅/၃၆)၊ ဘောဂသီရိပွဲရုံဝန်း၊ ပျဉ်းမနားမြို့၊ နေပြည်တော်။
067 26304,09 964609999,09 5056150.

စက်ရုံ - အမှတ်(၁၅၇)၊ ဥသျှောင်ရာဇာလမ်း၊ သာဓုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။
01 9615111, 9615222, 9615333, 9615444.
E-mail : yadanartaung@gmail.com



ninja
van
delivery service
နည်းပညာမြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း
လွယ်ကူ-လျှင်မြန်
ninja
van
09 4007399 45~46

Infinity Speed Lucky Co., Ltd
ISL
Logistics
DOOR TO DOOR WORLD WIDE SERVICE
24
Air
Sea
Land
Bld (5), Room (103/A), 2nd floor, 54th Street (Inngin Street), Pazaudaung Tsp, Yangon.
Ph : 095155012 , 09 965155012 , 09974850870 , 01201658 ,
Fax : 01201658
Email : aung@islgroups.com ,
Webside : www.islgroups.com




Fizz® TR
Iron, Folic Acid, Zinc Sulphate Capsule
Increases birth weights of the new borns
Prevents neural tube defects by 72% - 100%
Supplements the increased nutritional needs during lactation
Improves in pregnancy outcome
Has simple one daily dose
Ensures all these three important nutrient Iron, Folic Acid and Zinc for proper growth of your unborn baby
FIZZ TR
A Drug For Ultimate Nourishment of Your Womb
Manufactured by:
The White Horse Pharmaceuticals
Better Quality Always
Dhaka, Bangladesh
Distributed by:
Top Winner Trading Co., Ltd.
No. 25, 1st Floor, 52th Street (Lower
Botataung Township, Yangon, Myan
Ph: 01-9010588




Velotac
PERFORMANCE ENGINE OILS
Spirito Italiano
MADE IN ITALY
TOYOTA
DAIHATSU
KIA
HONDA
Spirito Italiano
TOKYO AUTO CO., LTD. (Authorized Distributor)
No.1 Brand in Italy
Velotac Racing

## စာမျက်နှာ (၁၂) ➤➤➤ ကုန်သွယ်မှုကဏ္ဍမှ မွေးမြူရေးတောင်သူများ . . . . မှအဆက်

ရွက်မှုပိုမိုမြန်ဆန်ပါတယ်။ ဝယ်ယူစုဆောင်းခွင့်၊ ကာကွယ် ဆေးထိုးပြီးကြောင်း ထောက်ခံချက်လက်မှတ် Animal Health and Development/ Prevention & Control Form-1 (AHD/PC-1)၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် Animal Health and Development/ Prevention & Control Form-3 (AHD/PC-3)၊ မွေးမြူရေးခြံများမှ ဝယ်ယူခြင်းဖြစ်ပါက မွေးမြူရေးခြံ လုပ်ငန်း မှတ်ပုံတင်လက်မှတ် Animal Health and Development/Prevention & Control Form-7 (AHD/PC-7)၊ Micro Chip/Ear- Tag ထည့်သွင်းတပ်ဆင်၍မှတ်ပုံတင်ခြင်း၊ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေး စခန်းတွင် အစစ်ဆေးခံခြင်းနှင့် Animal Quarantine Certificate ထုတ်ပေးခြင်း လုပ်ငန်းစဉ်များကို မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှ လည်းကောင်း၊ တင်ပို့ခွင့်လိုင်စင်ထုတ်ပေးခြင်းနှင့် အခွန်အရပ်ရပ်ပေးဆောင်ရန် အကြောင်းကြားစာပေးပို့ခြင်းကို OSS ကုန်သွယ်ရေးဦးစီးဌာနမှ လည်းကောင်း၊ ပို့ကုန်ကြေညာလွှာ (ED) ဖွင့်လှစ်ခြင်းနှင့် ကုန်ပစ္စည်း စစ်ဆေးခြင်းကို OSS အကောက်ခွန်ဦးစီးဌာနမှ လည်းကောင်း၊ OSS ပြည်တွင်းအခွန်များ ဦးစီးဌာနတွင် (၂ ရာခိုင်နှုန်း) အခွန်တွက်ချက်ပြီး OSS မြန်မာ့စီးပွားရေးဘဏ်တွင် ကျသင့်ခွန်များပေးသွင်းစေပြီး တာဝန်ကျ OSS အဖွဲ့မှ အချိန်ကြန့်ကြာမှုမရှိဘဲ လျင်မြန်စွာဆောင်ရွက်ပေးနေတာကို တွေ့ မြင်ရပါတယ်။

ကျွဲ၊ နွား(အရှင်)များကို မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်း ပြည်နယ်တွေကနေမြို့နယ်အလိုက် တိ/မွေးကု(ယာယီ) စစ်ဆေးရေးစခန်းများတွင် ဝယ်ယူစုဆောင်းကြပြီး နွားအကောင် ၁၀၀ ဝယ်ယူစုဆောင်းရန် တစ်ပတ်ခန့်ကြာမြင့်ကြောင်း၊ ဝယ်ယူစုဆောင်းထားတဲ့ နွား (အရှင်) များအား မြို့နယ်တိ/မွေးကုမှ ကျန်းမာရေး စစ်ဆေးပြီး နားကပ်တပ်ဆောင်ရွက်ရန် လုပ်ငန်းစဉ်နှင့် နားကပ်ပြီးနောက် သွေးနမူနာယူကာနေပြည်တော် တိ/မွေးကု(ရုံးချုပ်) သို့ပို့ဆောင်စစ်ဆေးပြီး တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ်ယူရာတွင် ရက်ပေါင်း ၂၀ မှ တစ်လကျော်အထိ ကြာမြင့်တယ်လို့ သိရပါတယ်။ တိ/မွေးကုဌာနမှ ထောက်ခံချက်ရရှိပါက ပို့ကုန်လုပ်ငန်းလုပ်ဆောင်ရာတွင် လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် တင်ပို့ခွင့်လိုင်စင် လျှောက်ထားရပြီး ကုန်သည်ကိုယ်တိုင်လာရောက်လျှောက်ထားပါက (Online ကြေး+ပုံစံကြေး) ကျပ် ၂၈၀၀ သာ ကုန်ကျပြီး ထောက်ခံချက်ပါ အရေအတွက်အတိုင်း စာရွက်စာတမ်းပြည့်စုံပါက နေ့ချင်းပြီး လိုင်စင်ခွင့်ပြုပေးနေပါတယ်။

တရုတ်နိုင်ငံသို့တင်ပို့ရာတွင် အဓိကအားဖြင့် နွားကို ပိုမိုတင်ပို့နေတာကို တွေ့မြင်ရပါတယ်။ ပြည်တွင်းဝယ်ဈေးအနေဖြင့် နွားတစ်ကောင်လျှင် ပဲခူးတိုင်းဒေသကြီးမှ နွားပုဝယ်ဈေးနှုန်း ၁၂ သိန်းမှ ၁၃ သိန်း၊ မကွေးတိုင်းဒေသကြီးမှ နွားရွှေနီဝယ်ဈေးနှုန်း ၁၀ သိန်းမှ ၁၁ သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နွား(ဖြူ/ပြာ) ဝယ်ဈေးနှုန်း ၁၂ သိန်းမှ ၁၃ သိန်း၊ မန္တလေးတိုင်းမှ နွား(ဖြူ/ပြာ) ဝယ်ဈေးနှုန်း ၁၄ သိန်းမှ ၁၅ သိန်းရှိပြီး မူဆယ်ဒေသ ပေါက်ဈေးနှုန်းများအား (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် Facebook တွင် ဝင်ရောက်လေ့လာလို့ရပါတယ်။ ဝယ်ယူစုဆောင်းထားရှိသောနေရာများမှ နွား (အရှင်) များအား တစ်ဖက်နိုင်ငံသို့ တရားဝင်တင်ပို့ရန်အတွက် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့သယ်ဆောင်ရာတွင်နှစ်ရက်မှ သုံးရက်အထိ ကြာမြင့်ပါတယ်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့တရားဝင်တင်ပို့ရန်အတွက် ပြည်တွင်းဝယ်ယူစုဆောင်းထားသည့် ကျွဲ၊ နွား (အရှင်) များအား မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် OSS အကောက်ခွန်ဌာနမှ စစ်ဆေးပြီးနောက် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့်ကျိန်စမ်းကျော့-ကျောက်တိုင်လမ်းခွဲအနီး Animal Quarantine Station စခန်းသို့ဆက်လက်သယ်ဆောင်၍ ၎င်းစခန်းမှ ကျန်းမာရေး စစ်ဆေးဆောင်ရွက်ပြီး တစ်ဖက်နိုင်ငံသို့ဆက်လက် သယ်ဆောင်ရောင်းချရာတွင် တစ်ဖက်နိုင်ငံဝယ်လက်များမှ AQS စခန်း(သို့) AQS မှတစ်ဆင့် ကိုယ်ပိုင်နွားခြံများတွင်ထားရှိသော ကျွဲ၊ နွား (အရှင်) များအား မိမိဘက် ဈေးကွက်သို့ လာရောက်ကြည့်ရှု ဝယ်ယူပြီး ကုန်သည်အများစုသည် နွားတစ်ကောင်ချင်းဝယ်ယူခြင်းထက် ကောင်ရေ(၅၀/၁၀၀) အုပ်လိုက်အပေါ်တွင် အကြီးအသေး ပါဝင်မှုရာခိုင်နှုန်းပေါ်မူတည်၍ ပျမ်းမျှဈေးနှုန်းဖြင့် ဝယ်ယူလျက်ရှိရာ နွားတစ်ကောင်၏ အရွယ်အစားအလိုက် လက်ရှိအခြေခံဈေးနှုန်းများ အနေဖြင့် (၆၀/၇၀) ပိဿာအရွယ်အတွက် ၁၆သိန်းနှုန်း၊ (၈၀/၉၀) ပိဿာအရွယ်အတွက် ၁၇ သိန်းမှ ၁၉ သိန်း၊ ပိဿာ (၁၀၀) အထက်ရှိ အရွယ်အား သိန်း ၂၀ မှ ၂၃ သိန်းထိဈေးပေး၍ ဝယ်ယူမှုရှိပါတယ်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တစ်ဖက်နိုင်ငံနယ်စပ်သို့တင်ပို့သည့် ကျွဲ၊ နွား(အရှင်)များကို တရုတ်နိုင်ငံတွင်း မန်စီမြို့နွားပွဲဈေးသို့တိုက်ရိုက်သယ်ဆောင်ကာ ၎င်းမှတစ်ဆင့် တရုတ်နိုင်ငံ ပြည်တွင်းရှိကူမင်း၊ ရှန်ဟိုင်း၊ ထိန်ချျူး၊ ပေါက်ဆန်း ခရိုင်/ပြည်နယ်များသို့ အကောင်လိုက်တင်ပို့ရောင်းချလျက်ရှိပါ တယ်။

တရုတ်-မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံပြည်သူများလူမှု စီးပွားဘဝတိုးတက်စေရေးတို့အတွက် နှစ်ဖက်နိုင်ငံတာဝန်ရှိသူများမှ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းဖြေရှင်းပေးလျက်ရှိပါတယ်။ နှစ်နိုင်ငံ နှစ်စဉ်အလှည့်ကျကျင်းပမြဲဖြစ်တဲ့ (၁၆) ကြိမ်မြောက် တရုတ်-မြန်မာ ကုန်စည်ပြပွဲနှင့် (၁၂) ကြိမ်မြောက် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေး ကိုလည်း

> ❞
> လက်ရှိ ဆောင်ရွက်နေသော
> ရောင်းသူနှင့် ဝယ်သူအကြား ငွေလွှဲစနစ်ဟာ
> ဆိုရင် အလွန်အန္တရာယ်ကြီးမားတဲ့
> စနစ်ဖြစ်ပြီး စိတ်ချယုံကြည်မှုရှိစေရေး
> အတွက် ရောင်း/ဝယ်သူများအကြား
> အာမခံချက်ရှိသော
> ငွေပေးချေမှုစနစ်သို့ ပြောင်းလဲ
> ဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။

အောင်မြင်စွာကျင်းပခဲ့တာ တွေ့ရှိရပါတယ်။ ယင်းအစည်း အဝေးမှာ ကျွဲ၊ နွား (အရှင်)များ တင်ပို့မှုကိစ္စ၊ မူရင်းဌာနေထောက်ခံချက် ကိစ္စ၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ တရုတ်လုပ်ငန်းရှင်များ နွားမွေးမြူရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး၊ Animal Quarantine Station များတည်ဆောက်မှုများ၊ မွေးမြူရေးဇုန်၊ ရောဂါစောင့်ကြည့် ရေးဇုန် တည်ထောင်ရေးစသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြပါတယ်။

ကျွဲ၊ နွား (အရှင်)များ တစ်ဖက်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရန် စစ်ဆေးရန်လိုအပ်တဲ့ ကိစ္စရပ်များ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ရန်အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ Animal Quarantine Station များ တည်ဆောက်ရန် လိုအပ်လာပါတယ်။ လက်ရှိအနေအထားအရ Animal Quarantine Station တည်ဆောက်နိုင်ရန်အတွက် လိုအပ်တဲ့ အခြေခံအဆောက်အဦတွေနဲ့ နည်းပညာအကူအညီများ လိုအပ်နေပါတယ်။ တရုတ်-မြန်မာနှစ်နိုင်ငံဟာဆိုရင် ပိုးမွှားရောဂါကင်းရှင်းရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူထားသည်နှင့်အညီ နည်းပညာအကူအညီများထောက်ပံ့နိုင်ရေးအတွက် တရုတ်နိုင်ငံမှ နယ်စပ်ဒေသတွင် နှစ်နိုင်ငံ သက်ဆိုင်ရာဝန်ထမ်းများပါဝင်တဲ့ သင်တန်းပေးမှုများ၊ ဆွေးနွေးညှိနှိုင်းမှုများ၊ နည်းပညာဖလှယ် ပွဲများကို အလေးထားဆောင်ရွက်ပေးနေကြောင်းလည်း သိရပါတယ်။ တိ/မွေးကု အနေဖြင့် Animal Quarantine Station များကို အဆင့်မီ တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသော်လည်း လက်ရှိတွင် ယာယီစခန်းများသာ တည်ဆောက်နိုင်သေးတဲ့ အခြေအနေဖြစ်ပါတယ်။

ကျွဲ၊ နွား (အရှင်)များကို မြန်မာနိုင်ငံအနေဖြင့် တရားဝင်တင်ပို့ခွင့်ပြုထားသော်လည်း တစ်ဖက်နိုင်ငံသို့တရားမဝင်တင်ပို့နေရတဲ့ အနေအထားဖြစ်နေပါတယ်။ တရားဝင်လက်ခံနိုင်ရေးအတွက် တစ်ဖက်နိုင်ငံတွင် သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများ၊ တင်ပို့/တင်သွင်းနိုင်သည့် အကောင်အရေအတွက် ကန့်သတ်ချက်များကို ဆွေးနွေးညှိနှိုင်းပြီး နှစ်ဖက်စစ်ဆေးကြီးကြပ်ရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုဖို့လည်း လိုအပ်နေကြောင်း သိရပါတယ်။ ယခုအချိန်တွင် တရားဝင်တင်ပို့နေတဲ့ ကုမ္ပဏီတွေရှိသလို တရားမဝင်နည်းဖြင့် ယခင်မှောင်ခိုလမ်းကြောင်းအတိုင်း တင်ပို့ရောင်းချမှုတွေလည်း ရှိနေပါတယ်။ တရားမဝင်တင်ပို့မှုတွေရှိနေတဲ့အတွက် တရား ဝင်တင်ပို့ရောင်းချနေတဲ့ ကုမ္ပဏီများအနေဖြင့် များစွာနစ်နာလျက် ရှိပါတယ်။ တရားမဝင်တင်ပို့မှုက ကုန်ကျစရိတ်သက်သာလို့လား စဉ်းစားစရာဖြစ်လာတယ်။ ဒါပေမဲ့ စုံစမ်းကြည့်ရသလောက်ဆိုရင် တရားမဝင်တင်ပို့မှု ဖြစ်တာရော၊ လက်နက်ကိုင်သောင်းကျန်းသူများကို ပေးရတဲ့ ငွေကြေးများကြောင့် လုပ်ငန်းရှင်များအတွက် ပိုပြီးတော့ ကုန်ကျစရိတ်များတဲ့အပြင် စိတ်ချလုံခြုံမှုလည်းမရှိပါဘူး။ ၎င်းအပြင် တရားမဝင်ဖြစ်တဲ့အတွက် တားဆီးအရေးယူခံရမယ်ဆိုရင် ဆုံးရှုံးမှု ပိုဖြစ်နိုင်ပါတယ်။ တရားဝင်လမ်းကြောင်းက ပိုပြီးအဆင်ပြေနေတာကြောင့် လုပ်ငန်းရှင်များအနေဖြင့် တရားဝင်လမ်းကြောင်းပေါ် သို့တဖြည်းဖြည်းနဲ့ ရောက်ရှိလာနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

လက်ရှိအနေအထားအရ တစ်ဖက်ကုန်သည်များက ရောင်းချလိုသည့် မွေးမြူရေးခြံများနှင့် ကုန်ပစ္စည်းရှိရာနေရာများသို့ လာရောက်ပြီး ဈေးဖြတ်ဝယ်ယူလေ့ရှိပါတယ်။ ငွေပေးချေမှုစနစ်မှာလည်း ဝယ်ယူပြီး နောက်တစ်နေ့ (သို့မဟုတ်) (၃) ရက်ဆိုင်းဖြင့် ဝယ်ယူကြပြီး ငွေလွှဲရာတွင် မိမိတို့ကုန်သည်ဘက်မှ ယုံကြည်စိတ်ချရတဲ့ မူဆယ်မြို့နေ ငွေလွှဲဆောင်ရွက်သူနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး တစ်ဖက်ဝယ်လက်မှ ငွေလွှဲဆောင်ရွက်သူထံသို့ငွေလွှဲသည့်စနစ်ဖြင့် လုပ်ဆောင်နေရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ကုန်သည်က ငွေလွှဲဆောင်ရွက်သူအတွက် ဝန်ဆောင်ခကို ပေးချေရပါတယ်။ လက်ရှိဆောင်ရွက်နေသော ရောင်းသူနှင့် ဝယ်သူအကြား ငွေလွှဲစနစ်ဟာဆိုရင် အလွန်အန္တရာယ်ကြီးမားတဲ့စနစ်ဖြစ်ပြီး စိတ်ချယုံကြည်မှုရှိစေရေးအတွက် ရောင်း/ဝယ်သူများအကြား အာမခံချက်ရှိသော ငွေပေးချေမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။

ဈေးကွက်အနေအထားအရ တစ်ဖက်နိုင်ငံမှ ကျွဲ၊ နွားများကို ဝယ်ယူ၍ အသားအား ဒေသတွင်း စားသုံးရန်အတွက်လည်းကောင်း၊ ဂျိုအားအလှဆင်ပစ္စည်းအဖြစ်လည်းကောင်း၊ အရိုးများအား မြေဩဇာအဖြစ်လည်းကောင်း၊ သားရေအား လူသုံးကုန်ပစ္စည်းအဖြစ် လည်းကောင်း၊ လည်ချောင်းနှင့်သိုချောင်းတို့မှ အဆီကိုထုတ်ယူပြီး အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုကြတဲ့အတွက် ဈေးကွက်ပိုမိုကျယ်ပြန့်လာနိုင်ပါတယ်။ ကျွဲ၊ နွား (အရှင်) များ တင်ပို့ရောင်းချမှုလုပ်ငန်းပိုမိုတိုးတက်လာပြီး ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်လာနိုင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်လာနိုင်တဲ့ ကျွဲ၊ နွား (အရှင်)များ တင်ပို့မှုလုပ်ငန်းကို စီးပွားရေးလုပ်ငန်းရှင်များ၊ တစ်နိုင်မွေးမြူရေးလုပ်ငန်းရှင်များ သာမက တစ်ဖက်နိုင်ငံမှ လုပ်ငန်းရှင်များပါ စိတ်ဝင်စားလုပ်ဆောင်လာကြပြီး တချို့တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များမှာ မြန်မာနိုင်ငံဘက် နယ်စပ်ဒေသအချို့နေရာများတွင် တရားမဝင်ရင်းနှီးမြှုပ်နှံ၍ မွေးမြူရေးခြံများကို တည်ဆောက်ထားကြပါတယ်။ လက်နက်ကိုင် အဖွဲ့အစည်းအချို့ကလည်း ယင်းဈေးကွက်ကိုရယူလို၍ တရားမဝင်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ပြီး တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်။

ယခင် ကျွဲ၊ နွား (အရှင်)များအား တရားမဝင်တင်ပို့ရောင်းချမှုပြုလုပ်စဉ်က ကုန်ပစ္စည်း သယ်ဆောင်ရာလမ်းကြောင်းတစ်လျှောက်တွင် တရားမဝင်ငွေကြေးပေးဆောင်ရမှုများ၊ လက်နက်ကိုင်အဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုများရှိခဲ့ပြီး တရားမဝင်လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် အဆင်ပြေချောမွေ့စေရေးအတွက် တရားမဝင်ငွေကြေးပေးခဲ့ရပါတယ်။ နိုင်ငံတော်အစိုးရမှ တရားဝင်တင်ပို့ခွင့်ပြုခဲ့ပြီးတဲ့ နောက်ပိုင်းတွင် ကုန်သည်လုပ်ငန်းရှင်များမှလည်း နိုင်ငံတော်အခွန်အခပေးဆောင်၍ တရားဝင်တင်ပို့ခြင်း၊ မွေးမြူခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ပြုလုပ်လာကြသော်လည်း ယခင်က တရားမဝင်ပေးရတဲ့ ငွေကြေးပေးရမှုများကို မပေးတော့တဲ့အတွက် လက်နက်ကိုင် သောင်း ကျန်းသူအဖွဲ့အစည်းများမှ ကုန်ပစ္စည်းသယ်ဆောင်ရာ လမ်းကြောင်းတစ်လျှောက်တွင် ပြဿနာများဖန်တီးခြင်း၊ ခြိမ်းခြောက်ခြင်းများကိုလုပ်ဆောင်လာကြပါတယ်။

အထူးသဖြင့် နယ်မြေဒေသ လုံခြုံငြိမ်းချမ်းမှုအားနည်းတဲ့ နေရာတွေမှာ ပိုမိုလုပ်ဆောင်လာကြ ပါတယ်။ ဝမ်းနည်းကြေကွဲဖွယ် ဆိုးရွားဖြစ်စဉ်များအနေဖြင့် ၂၀၁၈ ဖေဖော်ဝါရီ ၂၄ ရက်နေ့ ၁၄၃၀ နာရီချိန်ခန့်တွင် ကျော်ဇင်ညီကုမ္ပဏီမှ ကျွဲ (အရှင်) (၁၀၀) ကောင်

**စာမျက်နှာ (၂၉) သို့**

# သက်ညှာခွင့်ပေးတော့မည်မဟုတ်သော အစားအသောက်နှင့် ဆေးဝါးများ ဘေးကင်းလုံခြုံရေး

**မောင်လွင်ပြင်**

မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ယခုနှစ်ဇန်နဝါရီလထဲတွင် ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ ၂၀၁၈ ခုနှစ်သည် The Year of Safety and Action နှစ်ဖြစ်သည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများက ယခုနှစ်အတွင်း အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဆေးဝါးအတု၊ စံမမီဆေးဝါးနှင့် စပ်ဆေးများ၊ ခွင့်မပြုဓာတ်သတ္တုနှင့် ဓာတုပစ္စည်းဆိုးဆေးများ ရောနှောဖော်စပ်ထားသော အလှကုန်ပစ္စည်းများကို ပိုက်စိပ်တိုက်ရှာဖွေဖော်ထုတ်ဖျက်ဆီးပစ်မည်။ အရေးယူခြင်းလည်း ခံရမည်။ လိုင်စင်ပိတ်သိမ်းခြင်း၊ ရာသက်ပန်ပိတ်သိမ်းခြင်းများလည်း ပြုလုပ်တော့မည်။ ထို့ကြောင့် ထုတ်လုပ်တင်သွင်းကြသူ လုပ်ငန်းရှင်များ မိမိတို့စီးပွားပျက်နိုင်သော ကိစ္စများကိုရှောင်ရှားကြဖို့လိုသည်။ ၂၀၁၈ ခုနှစ်အတွင်း ဈေးကွက်ထဲရှိ အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး ကြပ်မတ်စစ်ဆေးအရေးယူခြင်းများကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း အစားအသောက်နှင့်ဆေးဝါးကြီးကြပ်မှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် ဇန်နဝါရီလကုန်ပိုင်းက တရားဝင်ပြောကြားခဲ့ပြီး သက်ညှာမှုများပြုလုပ်တော့မည်မဟုတ်ကြောင်းကိုပါ ထည့်သွင်းပြောကြားထားသည်။

မသက်ညှာတော့ဟု ပြောကြားခြင်းကိုလည်း စားသုံးသူပြည်သူတို့ နှစ်ထောင်းအားရဖြစ်ကြသည်။ သက်ညှာရတော့မည့် အချိန်အတိုင်းအတာလည်း ကုန်ဆုံးသင့်နေပြီဟုဆိုကြသည်။ ပညာပေးကာလ၊ သတိပေးကာလများသည်လည်း ပြီးဆုံးသင့်ပြီဟု ယူဆသည်။ သည်လောက်ပညာအခါခါပေး၊ သတိအထပ်ထပ်ပေးနေသည့်ကြားက ထုတ်လုပ်တင်သွင်းသူ လုပ်ငန်းရှင်အချို့သည် အတင့်ရဲစွာထုတ်လုပ်တင်သွင်းနေကြဆဲဖြစ်သည်။ နေ့စဉ်ထုတ် သတင်းမီဒီယာများတွင် အမြဲတမ်းစစ်ဆေးရေးစခန်းများဖြစ်သော ရေပူနှင့် မရမ်းချောင်စခန်းတို့၌ တရားမဝင်တင်သွင်းလာသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရမိသည့်သတင်းများက နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသည်။ အနယ်နယ်အရပ်ရပ်ရှိ ဈေးအသီးသီးတွင်လည်း ဘေးဥပဒ်ဖြစ်စေသည့် အန္တရာယ်ရှိအစားအသောက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြသည်ကို ဖော်ထုတ်ရမိသည့်သတင်းများကလည်း မကြားချင်မှအဆုံး နေ့စဉ်ကြားသိနေရသည်။ စားသုံးသူပြည်သူများကလည်း ကြားရဖန်များလာသောအခါ ရိုးအီသွားပြီးဘာမှမထူးတော့သလိုဖြစ်နေကြရသည်။

ထို့ကြောင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်မှာတော့ မောင်းထပ်တင်မှု ဖြစ်တော့မည်ဟုသုံးသပ်ပြီး "လုံခြုံစိတ်ချရေးနှင့် လှုပ်ရှားဆောင်ရွက်ရေးနှစ်" အဖြစ် သတ်မှတ်ကာ အစားအသောက်ဘေးအန္တရာယ်လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်တော့မည်ဟု ခန့်မှန်းမိသည်။ သည်နှစ်တွင် အသိမဝင်၊ ပညာမရကြသေးသော ထုတ်လုပ်သူနှင့် တင်သွင်းသူလုပ်ငန်းရှင်များအား ဥပဒေအရတရားစွဲဆိုရေးအပိုင်းကို ပိုမိုလုပ်ဆောင်သွားမည်ဟု သိရသည်။ သည်နှစ်ထဲ တရားစွဲဆိုခြင်းများ ပိုများလာလိမ့်မည်ဟုလည်း FDA ညွှန်ကြားရေးမှူးချုပ်ကပြောထားသည်။ ၂၀၁၆ ခုနှစ်တုန်းကတော့ အသိပညာပေးလုပ်ငန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး စုပေါင်းပါဝင်ဆောင်ရွက်ဖို့ အစိုးရအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှာတော့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဈေးအသီးသီးတွင် ကြပ်မတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ စားသောက်ကုန်၊ ဆေးဝါး၊ အလှကုန်၊ ဟင်းသီးဟင်းရွက်၊ သားငါးလက်လီ/လက်ကားရောင်းချသည့်ဈေးများအားလုံးကို ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ရန် Master Plan ရေးဆွဲဆောင်ရွက်ခဲ့သည်။ ရှောင်တခင်စစ်ဆေးခြင်းများလည်း ဆက်တိုက်လုပ်ဆောင်ခဲ့ကာ အရေးယူမှုများလည်း တစ်ပါတည်းဆောင်ရွက်ခဲ့သည်ဟု သိရသည်။ ယခု ၂၀၁၈ ခုနှစ်မှာတော့ ထိထိရောက်ရောက်တရားစွဲဆိုရေးနှစ်ဖြစ်ပါလိမ့်မည်။ ထို့ပြင် နိုင်ငံတော်အဆင့် အစားအသောက် ဘေးအန္တရာယ်လုံခြုံရေးမူဝါဒနှင့် လုပ်ငန်းစီမံချက်များလည်း ပေါ်ထွက်လာမည့်နှစ်ဖြစ်သည်။ သည့်ပြင်လည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနရုံးခွဲများကို တိုင်းဒေသကြီး/ပြည်နယ် အဆင့်ဖွင့်လှစ်သွားဦးမည်ဖြစ်သည်။ ပြီးလျှင် ခရိုင်အဆင့်ရုံးခွဲပေါင်း ၄၀ ကျော်ကိုလည်း တိုးချဲ့ဖွင့်လှစ်သွားမည်ဟု ကြားသိရသည်။

၂၀၁၇ ခုနှစ်တွင် FDA အနေဖြင့် စားသုံးရန်မသင့်ကြောင်း အစားအသောက်အမှတ်တံဆိပ်ပေါင်း ၄၀ ကျော်ကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာခဲ့သည်။ စားသုံးရန်မသင့်သောပစ္စည်းများထဲတွင် အများစုမှာ မီးဖိုချောင်သုံးပစ္စည်းများနှင့် ကလေးစားစရာပစ္စည်းများဖြစ်သည့် အရောင်တင်မှုန့်၊ ငရုတ်သီးမှုန့်အမျိုးမျိုး၊ ငရုတ်ဆီများ၊ ငါးပိ၊ လက်ဖက်အမျိုးမျိုး၊ သကြားလုံး၊ ဝေဖာ၊ ချိုချဉ်ထုပ်များ၊ ယိုစုံ၊ ဂျယ်လီ၊ ပဲကြီးလှော်စသည်တို့ပါဝင်သည်။ ဈေးကွက်ထဲတွင် ခွင့်မပြုဆိုးဆေးအသုံးပြုထုတ်လုပ်ထားသော စားသောက်ကုန်များက ပလူပျံနေတုန်းဖြစ်သည်။ ငရုတ်သီးမှုန့်အများစုတွင်တွေ့ရသောအက်ဖလာတောက်ဆင်ဘီဝမ်းမှိုဆိပ်သည် အလွန်ဆိုးရွားသည်။ အသည်းကင်ဆာဖြစ်သည်အထိ ဒုက္ခပေးနိုင်သည်။ ခွင့်မပြုဆိုးဆေးများ အသုံးပြုထုတ်လုပ်နေခြင်းသည် ကင်ဆာရောဂါများ စွဲကပ်ရန်တွန်းပို့နေသည်နှင့်တူနေသည်။

ယခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် စားသုံးသူပြည်သူတို့ အစားအသောက်လုံခြုံရေးအတွက် အထင်တကြီးရှိနေကြသော စူပါမားကက်အရောင်းဆိုင်ကြီးများ၊ ရှော့ပင်းမောလ်များတွင် FDA က ရှောင်တခင်စစ်ဆေးမှုများ စတင်ဆောင်ရွက်ခဲ့သည်။ ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်မြို့ရှိ စီးတီးမောလ် စိန်ဂျွန်း၊ အိုးရှင်းစသည့် စူပါမားကက်အချို့၌ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ရှောင်တခင်ဝင်စစ်ခဲ့သည်။ ခွင့်မပြုဆိုးဆေးသုံးထားသည့် ပစ္စည်းတွေ့လျှင်သိမ်းသည်။ ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းတွေ့လျှင်သိမ်းသည်။ သက်ဆိုင်သူကို ခံဝန်ထိုးခိုင်းသည်။ စူပါမားကက်များကို ရှောင်တခင်ဝင်စစ်ရာတွင် သယ်သွား၍ရသည့် Mobile Lab ကိုတစ်ပါတည်းယူသွားပြီး တစ်ထိုင်တည်းစစ်သည်။ ယင်းသို့ရှောင်တခင်စစ်ဆေးခြင်းကို ဈေးများ၊ ကျောင်းများ၊ ဆေးရုံများတွင်လည်း အလျဉ်းသင့်သလို ဆောင်ရွက်သွားမည်ဟုဆိုသည်။ အချို့စူပါမားကက်များတွင် ဖော်မလင်သုံးထားသော အစားအသောက်အချို့ တင်ရောင်းနေတုန်းဟုသိရသည်။ စူပါမားကက်ကိုမှ အထင်ကြီးတတ်ကြသူများ သတိထားပြီး ဈေးဝယ်ကြဖို့လိုသည်။

အမျိုးသားလွှတ်တော် သတ္တမအကြိမ်ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဖေဖော်ဝါရီ ၂ ရက်တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်မေးထားသည့် " နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်းထိခိုက်စေလျက်ရှိသည့် FDA ကပိတ်ပင်ထားသော အစားအသောက်များဈေးကွက်တွင် တွင်ကျယ်စွာဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာသက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ၊ ဥပဒေအရသတ်မှတ်ထားသော အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနှင့် ဓာတုဆိုးဆေးများအလွန်အကျွံသုံးထားသည့် အစားအသောက်များရောင်းချနေခြင်းကို မည်ကဲ့သို့ ထိန်းချုပ်စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုသည်" ဟူသော မေးခွန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လာရောက်ဖြေဆိုသည်။ "ကျွန်တော်တို့တစ်နိုင်ငံလုံး ပြည်သူတွေရဲ့ကျန်းမာရေးဟာ တဖြည်းဖြည်းကျဆင်းလာပြီး တစ်ချိန်ချိန်မှာတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားပညာဘယ်လောက်လုပ်လုပ် မကယ်တင်နိုင်တဲ့ အခြေအနေကို ရောက်လာနိုင်ပါတယ်။ ရောဂါတွေမျိုးစုံဖြစ်ပြီးတော့။ အဲဒါကြောင့် နောက်တစ်ချက်ကတော့ ကျွန်တော်တို့က ရောင်းတဲ့သူတွေနဲ့ ခုနကပြောတဲ့ဆိုးဆေး Industry Dyes တွေကိုရောင်းတဲ့လူတွေနဲ့ ဒီအစားအသောက်ထုတ်လုပ်တဲ့သူတွေကိုတော့ ကျင့်ဝတ်နဲ့လုပ်ဖို့တော့ လိုပါတယ်။ အမြတ်တစ်ခုတည်း မကြည့်ပါနဲ့။ သူတို့သည် ဒါကိုရောင်းရင် တကယ့်တကယ်တော့ အမှန်အတိုင်းဖြေရရင် လူသတ်တဲ့ သဘောပဲ။ Slow Killing ပေါ့။ ဖြည်းဖြည်းချင်း လူသတ်တဲ့သဘောဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒီကိစ္စကို ထိပ်တန်းဦးစားပေးအနေနဲ့ ၂၀၁၈ မှာ အဓိကထားပြီး လုပ်မယ်ဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်"ဟု နိဂုံးချုပ်ပြောကြားသွားသည်။

အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကိစ္စများကို ယခုနှစ်ထဲတွင် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းမည်။ သက်သက်ညှာညှာလည်းပြုလုပ်တော့မည်မဟုတ်ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကလည်းပြောပြီးပြီ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်မည်။ ဖြည်းဖြည်းချင်း လူသတ်သမားများဖြစ်နေသော ထုတ်လုပ်သူအချို့အား ကျင့်ဝတ်နှင့်အညီ ထုတ်လုပ်သွားရန်ကိုလည်း သတိပေးပြောကြားပြီးပြီ။ ဤမျှလောက်ပြောပြီးပြီဆိုလျှင် မသမာသောနည်းဖြင့် အစားအသောက်ထုတ်လုပ်ချင်ကြသူ လုပ်ငန်းရှင်များ ဆင်ခြင်တုံတရားဖြင့် ရှောင်ရှားကြဖို့လိုနေပါသည်။ ယင်းသို့ မရှောင်ရှားဘဲ ရူးသလိုပေါသလိုဖြင့် မသိဆိုးရွား ဇွတ်တိုးထုတ်လုပ်ဖြန့်ဖြူးနေကြဦးမည်ဆိုလျှင်တော့ လက်ထိပ်ကကိုယ့်အနားမှာ အသင့်စောင့်နေပြီဆိုတာ သိနားလည်ထားကြပါတော့ဟု ဆိုလိုက်ချင်ပါတော့သည်။

Commerce ကာတွန်း



# ဒဂုံရောပွဲရုံနှင့် အဝေးပြေးဝင်း၊ ယာဉ်ရပ်နားစခန်း၌ စားသုံးသူအကာအကွယ်ပေးရေး ဝန်ဆောင်မှုကိစ္စရပ်များ အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်) နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးတို့ ပူးပေါင်း၍ မတ်လ ၂၁ ရက်က ဒဂုံရောပွဲရုံနှင့် အဝေးပြေးဝင်းတာဝန်ခံရုံး၌ စားသုံးသူအကာအကွယ်ပေးရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေးဟောပြောဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ မြောက်ပိုင်းခရိုင်မှဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ဒဂုံရောပွဲရုံနှင့် အဝေးပြေးဝင်းတာဝန်ခံနှင့်တာဝန်ရှိသူများ၊ အဝေးပြေးယာဉ်လိုင်းများမှ တာဝန်ရှိသူများ၊ စားသောက်ဆိုင်ရောင်းချသူများ စုစုပေါင်း ၆၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြော ဆွေးနွေးရာတွင် လှိုင်သာယာမြို့နယ် ဒဂုံရောပွဲရုံနှင့် အဝေးပြေးဝင်းအခွန်ဌာနမှ ဦးစီးအရာရှိ ဦးစန်းလှိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများပေါ်ပေါက်လာပုံ၊ စားသုံးသူရေးရာ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်၏အဓိပ္ပာယ်၊ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ ဥပဒေပါပြစ်မှုပြစ်ဒဏ်များအကြောင်းကို လည်းကောင်း၊ ဝန်ဆောင်မှုအမျိုးအစားများနှင့် ခရီးသွားဝန်ဆောင်မှုဆိုင်ရာ ဖြစ်ပွားခဲ့မှုများကို ဖြေရှင်းဆောင်ရွက် ပေးခဲ့မှုများ၊ စားသုံးသူ/ခရီးသည်များအတွက် ဆောင်ရွက်ပေးစေလိုသည့်အချက်များနှင့် သက်တမ်းကာလရုံးပိတ်ရက် အတွက် ဆောင်ရွက်ပေးစေလိုသည့်အချက်များနှင့်စားသောက်ဆိုင်ဝန်ဆောင်မှု ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်း ပြောကြားပြီး ယာဉ်လိုင်းပိုင်ရှင်များသည် ခရီးသည်များအတွက် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ စိတ်ကျေနပ်မှုရှိသော ဝန်ဆောင်မှုများပေးအပ်ရေးတို့ကို ကတိပြုထားသည့်အတိုင်း ဆောင်ရွက်ပေးစေလိုကြောင်း၊ စားသုံးသူ/ခရီးသည်များအတွက် ယာဉ်လိုင်းပိုင်ရှင်များ၊ ယာဉ်ပိုင်ရှင်များ၊ ဂိတ်မှူးများ/ ဂိတ်စာရေးများ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်/ ယာဉ်အကူများ၊ စားသောက်ဆိုင် လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိဒေါက်တာဝင်းဖြိုးမောင်က အမျိုးသား အစားအသောက် ဥပဒေ၏ရည်ရွယ်ချက်များ၊ စားသုံးသူ အကာအကွယ်ပေးရေး အတွက် ဈေးကွက်မတင်မီနှင့်ဈေးကွက်တင်ပြီး စိစစ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဈေးကွက်နမူနာကောက်ယူခြင်းနှင့်ပြည်ပမှတင်သွင်းသည့်စားသောက်ကုန်များ၊ ပြည်တွင်းမှထုတ်လုပ်သည့် စားသောက်ကုန်များကို ခွင့်ပြုထောက်ခံချက် ထုတ်ပေးနေမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရသော ခွင့်မပြုဆိုးဆေးများနှင့် ပတ်သက်၍သိကောင်းစရာများကို ဆွေးနွေးပြောကြားခဲ့ပြီး လှိုင်သာယာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်နွဲ့နွဲ့ဌေးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဆေးဆိုင်များတွင် မှတ်ပုံတင်ထားသောဆေးများ၊ သက်တမ်းလွန်ဆေးများ ရောင်းချခြင်းရှိ၊ မရှိ ပူးပေါင်းကွင်းဆင်းခဲ့မှုများ၊ မျှတသော အစားအစာ၊ ကျန်းမာရေးသင့်လျော်သော အစာအာဟာရများကိုသာ စားသင့်ပုံ၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ဖြစ်ရန် မသမာသော ရောင်းချမှုတွေကိုလည်း မလုပ်ရန်လိုအပ်ကြောင်း၊ တွေ့ရှိခဲ့ပါက သက်ဆိုင်ရာဌာနနှင့်ပူးပေါင်းပြီး အရေးယူမည်ဖြစ်ကြောင်းနှင့် ရာသီအလိုက် ဖြစ်တတ်သော ကူးစက်ရောဂါများအကြောင်းတို့ကိုရှင်းလင်းပြောကြား ဆွေးနွေးခဲ့သည်။

အလားတူ မတ်လဒုတိယပတ်အထိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ၁၁နေရာ၊ အနောက်ပိုင်းခရိုင်တွင် ၉ နေရာ၊ တောင်ပိုင်းခရိုင်တွင် ၂၄ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၁၀နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ခင်မြဦး (စားသုံးသူ)ရန်ကုန်**

## ထိုင်းနိုင်ငံ အပျော်တမ်းဆိုင်ကယ်စီးအဖွဲ့ နယ်စပ်မှဝင်ရောက် မြန်မာပြည်တွင်းသို့ ကိုယ်ပိုင်ဆိုင်ကယ်များဖြင့် လည်ပတ်

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ပံ့ပိုးကူညီမှုနှင့်အတူ Myanmar Mystery Land Travels &Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ အပျော်တမ်းဆိုင်ကယ်စီးအဖွဲ့မှ POLLT.COL.WICHIAN Chaisupap ဦးဆောင်သော အပျော်တမ်းဆိုင်ကယ်စီးအဖွဲ့ဝင် ၃၃ ဦးသည် ၎င်းတို့၏ကိုယ်ပိုင် HONDA, YAMAHA, BMW ဆိုင်ကယ်အစီး ၃၀ ဖြင့် တာချီလိတ်နယ်စပ်ဝင်ပေါက် မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအမှတ်(၁)မှ မတ်လ ၁၈ ရက် နံနက်၈နာရီက မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပြီး တာချီလိတ်၊ နမ့်စန်၊ တောင်ကြီး၊ အင်းလေးမြို့များသို့ သွားရောက်လည်ပတ်ခဲ့ကာ မတ်လ ၂၁ ရက်တွင်မန္တလေးမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ မန္တလေးမြို့သို့ ရောက်ရှိစဉ် Hotel Sakura Prinness တွင် ညအိပ်ရပ်နားကာ မန္တလေးမြို့ဝန်းကျင်ဒေသများသို့ သွားရောက်လည်ပတ်ခဲ့ပြီး မတ်လ ၂၂ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့မှပြန်လည်ထွက်ခွာခဲ့ကာ အမြန်လမ်းမကြီးအတိုင်း တံတားဦးလမ်းဆုံအထိ သွားရောက်ကာ မန္တလေး-မြို့သာ-ညောင်ဦးလမ်းမှတစ်ဆင့် မတ်လ ၂၃ ရက်တွင် ပုဂံမြို့တွင် ညအိပ်ရပ်နားခဲ့သည်။ ဆက်လက်ပြီး ပုဂံယဉ်ကျေးမှုနယ်မြေအား လေ့လာခဲ့ကာ နေပြည်တော်သို့ဆက်လက်သွားရောက်ခဲ့ပြီး ရန်ကုန်၊ ကျိုက်ထို၊ မြဝတီမြို့များသို့ သွားရောက်လည်ပတ်ကာ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂)မှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ (မန္တလေး)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (၁)၊ BR (၂)၊ (၇) လွှာ | ၁၅၅၀ သိန်း | ဓာတ်လှေကားပါ၊ အဆင့်မြင့်၊ ပြင်ဆင်ပြီး | ၀၉/၅၁၁၇၂၆၂ |
| ၂။ | ကွန်ဒို | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၀၀၀ စ/ပေ | MB (၁)၊ BR (၁)၊ (၃) လွှာ | ၁၆၀၀ သိန်း | ဓာတ်လှေကားပါ၊ အဆင့်မြင့်၊ ပြင်ဆင်ပြီး | ၀၉/၅၁၁၇၂၆၂ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း | ၆၅၀ စ/ပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၃၇၀ သိန်း | | ၀၉/၉၇၆၂၀၀၁၂၃ |
| ၄။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်၊ မန္တလေးလမ်း | (၁၅ x ၅၀)ပေ | (၆) လွှာ၊ အခန်းဖွဲ့ | ၂၇၀ သိန်း | | ၀၉/၉၇၆၂၀၀၁၂၃ |
| ၅။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်၊ ဖဆပလရပ်ကွက် | (၁၂.၅ x ၅၀)ပေ | လှျာထိုးခင်း၊ အခန်းဖွဲ့ | ၆၀၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |
| ၆။ | တိုက်ခန်း | တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက် | ၇၅၀ စ/ပေ | အခန်းဖွဲ့၊ လှျာထိုးခင်း၊ (၄)လွှာ | ၄၃၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |
| ၇။ | ကွန်ဒို (မြေညီ) | ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း | (၁၅ x ၇၀)ပေ | အခန်းဖွဲ့၊ မြေညီ | ၁၅၅၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |
| ၈။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၂၂၀၀ သိန်း | လောကနန္ဒ ဥယျာဉ်ရှေ့ | ၀၉/၄၅၂၁၉၄၄၃၉ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့၊ ဆင်ခေါင်းလေးရွာ | (၄ x ၆၀)ပေ | မြေသီးသန့် | ၂၃၀ သိန်း | အုတ်တံတိုင်း ကာပြီး | ၀၉/၄၅၂၁၉၄၄၃၉ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါ/အင်ဆိုက် (၂၀၁၁) | K | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ပါဂျဲရိုး (၁၉၉၈) | D | ၁၇၀ သိန်း | 2.8 ဒီဇယ်၊ ရန်ကုန် |
| ၃။ | နွတ်ချ် (၂၀၀၃) | J | ၂၆၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ကလူဂျာ (၂၀၀၄) | G | ၄၁၈ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဝှစ် (၂၀၀၃) | I | ၂၃၈ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အာလ်ဖတ် (၂၀၀၃) | H | ၃၁၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | မတ်(ခ်)တူး (၂၀၀၀) | F | ၁၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | မာဇဒါဒီမီယို (၂၀၀၈) | H | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | ဗီလ်ဒါ (၂၀၀၆) | J | ၂၁၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |

## ချက်လက်မှတ်အတုဖြင့် ဘဏ်မှကျပ်သိန်း ၂၀၀၀ ထုတ်ယူမှုဖြစ်ပွား

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၂၆လမ်းနှင့်၇၄လမ်းထောင့်ရှိ ကမ္ဘောဇဘဏ် (မန္တလေး-၄၄) စိတ္တရမဟီဘဏ်ခွဲတွင် တာဝန်ခံ မကေသီခိုင် (၃၆ နှစ်) တာဝန်ထမ်းဆောင်နေစဉ် မတ်လ ၂၀ရက် နံနက် ၁၁နာရီခွဲက ဒေါ်ခင်သန်းအေး၏စာရင်းရှင် Account ထဲမှကျပ် သိန်း ၂၀၀၀အား ဦးညွန့်မောင်(၂၅နှစ်) ဆင်တပ်မော်ကျေးရွာ၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်နေသူက ကမ္ဘောဇဘဏ်၏ချက်လက်မှတ်အတုဖြင့် ထုတ်ယူမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မွန်းလွဲ ၂နာရီခွဲတွင် ကမ္ဘောဇဘဏ်ဈေးချိုဘဏ်ခွဲတာဝန်ခံ ဒေါ်ခင်မမက ဖုန်းဖြင့်ဆက်သွယ်လာပြီး ဒေါ်ခင်သန်းအေး၏စာရင်းရှင်မှ ငွေကျပ် သိန်း ၂၀၀၀ အား ထုတ်ယူသွားသလားဟု မေးမြန်းသဖြင့်ကောင်တာတွင် စစ်ဆေးကြည့်ရာ ဦးညွန့်မောင် လာရောက်ထုတ်ယူသွားကြောင်းပြောပြရာ Account ပိုင်ရှင် ဒေါ်ခင်သန်းအေးမှ ထုတ်ယူခဲ့ခြင်းမရှိကြောင်း၊ ဦးညွန့်မောင်ဆိုသူကိုလည်း ချက်လက်မှတ်ပေး၍ ထုတ်ခိုင်းခြင်းမရှိကြောင်း သိရသဖြင့် ညနေ ၃ နာရီတွင် ဒေါ်ခင်သန်းအေးက ၎င်း၏ချက်လက်မှတ်အား လာရောက် ပြသရာ ဦးညွန့်မောင် ထုတ်ယူသွားသောချက်သည် ချက်စာအုပ်တွင် ရှိနေသည်ကို စစ်ဆေးသိရှိရသဖြင့် ဦးညွန့်မောင်ဆိုသူ၏ဖုန်းအား ဆက်သွယ်သော်လည်း အဆက်အသွယ်မရ၊ ၎င်းပေးခဲ့သည့်လိပ်စာလိုက်လံရှာဖွေသော်လည်း လိပ်စာမှားဖြစ်ကြောင်း သိရသဖြင့် မတ်လ ၂၁ ရက်တွင် မကေသီခိုင်က အမှုဖွင့်တိုင်တန်းခဲ့ရာ ဦးညွန့်မောင်အား ချမ်းအေးသာစံမြို့နယ်အမှတ် (၈)နယ်မြေရဲစခန်းက(ပ)၁၄၂/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ၄၂၀/၄၆၈ အရ အမှုဖွင့်ပြီးပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။ **မောင်ပြည်သူ (မန္တလေး)**

# ပုသိမ်မြို့ စွမ်းဟိုတယ်တွင် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်များ မိတ်ဆက်ရှင်းလင်းခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းခွဲ ဖွဲ့စည်းနိုင်ရေး အခမ်းအနားကျင်းပ

အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များ မိတ်ဆက်ရှင်းလင်းခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းခွဲဖြစ်မြောက်ရေး အခမ်းအနားကို မတ်လ ၁၄ ရက်က ပုသိမ်မြို့ စွမ်းဟိုတယ်တွင် ကျင်းပခဲ့ရာ ရန်ကုန်မြို့ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးကျော်ကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဧည့်သည်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးကျော်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြား၍ အသိဉာဏ်ပစ္စည်းဆိုင်ရာ စီးပွားရေးအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယဥက္ကဋ္ဌဦးသိန်းအောင်က အောင်မြင်နေသော စီးပွားရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ချိုက အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များ အသင်းဖွဲ့စည်း ပေါ်




ပေါက်လာပုံ၊ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဦးက စက်မှုဒီဇိုင်းနှင့် တီထွင်မှုမူပိုင်ခွင့်များအားလည်းကောင်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအဲလ်ဘတ်ဇော်မင်းက စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်အသင်းအဖွဲ့များမှ ကနဦးတိုင်းဒေသကြီး အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းကို ဥက္ကဋ္ဌအဖြစ် ဦးဇော်မျိုးနိုင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးငွေးလွင်နှင့် အတွင်းရေးမှူးအဖြစ် ဦးသန့်ဇင်တို့ကို အသင်းသား ၁၅ ဦးထဲမှ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ရှမ်းပြည်နယ်တွင် ပထမအကြိမ်အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair 2018) ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၌ ပထမအကြိမ်အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair 2018)ကို မတ်လ ၁၇ ရက်က ရှမ်းပြည်နယ်၊တောင်ကြီးမြို့၊ ပအိုဝ့်အမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း(ခန်းမ)၌ကျင်းပခဲ့ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းပြပွဲဖြစ်မြောက်ရေးအတွက် ရှမ်းပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဦးဆောင်၍ ကမ္ဘာ့ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာရုံး၊ ပါရမီဖွံ့ဖြိုးရေးကွန်ရက်(တောင်ကြီး)တို့ ပူးပေါင်းပြီး ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ၏ ရည်ရွယ်ချက်ကတော့ ရှမ်းပြည်နယ်အတွင်းရှိ အခြားဒေသများမှ ပြည်တွင်း/ပြည်ပအလုပ်အကိုင်ရှာဖွေနေသော လူငယ်များ အသိမြင်ကျယ်စေရေး၊ သင့်လျော် ကောင်းမွန်သော အလုပ်အကိုင် ရရှိစေရေးအတွက် ရည်ရွယ်ဆောင် ရွက်ခြင်းဖြစ်ပါတယ်။ ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ ပြည်တွင်း/ ပြည်ပ အလုပ်အကိုင်နေရာ ချထားရေး၊ လုပ်သားများကျွမ်းကျင်မှု လေ့ကျင့်ပေးရေး၊ ဥပဒေပါအကျိုးခံစားခွင့်များ ရရှိရေးနှင့်လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ အလုပ်သမားရေးရာ သုတေသနနှင့် စာရင်းဇယားများ စုဆောင်းပြုစုရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး စတဲ့ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းပြပွဲသို့ ပါရမီဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့၊ မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် ပြည်တွင်းလုပ်ငန်းရှင်များပါဝင်သောအဖွဲ့ ၁၆ ဖွဲ့၊ ပြည်ပလုပ်ငန်းရှင်များပါဝင်သောအဖွဲ့ ၁၇ ဖွဲ့ စုစုပေါင်း ၃၃ ဖွဲ့တို့မှ လိုအပ်သော အလုပ်အကိုင်ပေါင်း ၂၇၂ နေရာအားပြသခဲ့ရာ လာရောက်ကြည့်ရှုသူများ အနက် ၃၀၂ဦး သည်ပြည်တွင်း အလုပ်အကိုင်လျှောက်လွှာများ တင်သွင်းခဲ့ပြီး ၈၁ ဦး အလုပ်ရရှိခဲ့ပါတယ်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ One Stop Service ပေးမှုကြောင့် ပြည်တွင်းအလုပ်သမား မှတ်ပုံတင်သူ ကျား ၈၄ ဦး၊ မ ၄၄ ဦး၊ ပေါင်း၁၂၈ဦးရှိခဲ့ပြီး ပြည်ပအလုပ်သမား မှတ်ပုံတင်သူ ကျား ငါးဦး၊ မ ရှစ်ဦး၊ ပေါင်း၁၃ ဦးတို့ကို အလုပ်သမား မှတ်ပုံတင်ကတ်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရပါတယ်။

**သန်းတိုး(တောင်ကြီး)**

# မန္တလေး မနော်ရမ္မံပြည်သူ့ရင်ပြင်တွင် ဗန်ကောက်စတိုင် ညဈေးဖွင့်လှစ်

မန္တလေး မဟာအောင်မြေမြို့နယ်၆၂လမ်း၊ ၃၉ လမ်းနှင့်လမ်း ၄၀ ကြားရှိမနော်ရမ္မံ ပြည်သူ့ရင်ပြင်တွင် မတ် ၂၂ ရက်မှ ၂၅ ရက်အထိ ဗန်ကောက်စတိုင် ညဈေးကို ဆိုင်ခန်း ၁၀၀ ခန့်ဖြင့် ဖွင့်လှစ်ခဲ့ရာ လာရောက်လေ့လာသူ၊ ဝယ်ယူသူ၊ စားသုံးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ညဈေးကို ထိုင်းနိုင်ငံမဲဆောက်၊ ဗန်ကောက်မြို့များရှိ ဆိုင်ခန်းပုံစံအတိုင်း တည်ဆောက်ပေးထားပြီး ထိုင်းအစား အစာများ၊ ပင်လယ်စာများ၊ ထိုင်းအကင်မျိုးစုံ၊ ရေညှိထမင်းလိပ်အပါအဝင် စားသောက်ဖွယ်ရာများ၊ ထိုင်းကုမ္ပဏီများမှ တင်သွင်းရောင်းချသော လူသုံးကုန်၊ အလှကုန်များ၊ အဝတ်အထည်များ၊ ကလေးကစားစရာများ ရောင်းချပေးလျက်ရှိသည်။ ညဈေးသို့ လာရောက်သူများကြည့်ရှုနားဆင်နိုင်ရန် Acoustic တေးဂီတအဖွဲ့မှလည်း ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေပေးခဲ့ပြီး သကြ်န်အထိမ်းအမှတ်ပွဲနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်စေရန် PhotoBooth စီစဉ်ပေးထားရာ ဓာတ်ပုံရိုက်သူများဖြင့်လည်း စည်ကားလျက်ရှိခဲ့သည်။ ဗန်ကောက်စတိုင် ညဈေးကို ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**




**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |


**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း


**၂၆-၃-၂၀၁၈ မှ ၁-၄-၂၀၁၈ ရက်နေ့ထိ**

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းနှင့်ပတ်သက်သော အခက်အခဲများ၊ လိုအပ်ချက်များအဆင်ပြေနေတတ်ပါသည်။ စားသုံးဆီနှင့်ဆီထွက်သီးနှံများ၊ အဖျော်ယမကာလုပ်ငန်းများ ကံကောင်းနေတတ်ပါသည်။ အပေါင်းအသင်းများသော်လည်း ချစ်သူရှာရန်ခက်နေမည်။ အိမ်ထောင်ရေးတွင် အိမ်ထောင်ဖက်နှင့် ခရီးအတူသွားရတတ်သည်။ ကျန်းမာရေးအထူးကောင်းမွန်နေမည်။ အပူကြောင့်ဖြစ်သောဝေဒနာ သတိရှိပါ။

**ယတြာ။ ။မွေးနေ့တွင် ဘုရားပရဝုဏ်အတွင်းသန့်ရှင်းရေးလုပ်ပါ။**




**တနင်္လာသားသမီးများအတွက်** မကျွမ်းကျင်သောလုပ်ငန်းရပ်များကို လုပ်ကိုင်ဆောင်ရွက်ရခြင်းဖြစ်နေတတ်သည်။ သံထည်ပစ္စည်းများ၊ စက်ကိရိယာများနှင့် ပတ်သက်ပြီး အကျိုးပေးပါသည်။ အချစ်ရေးကိုရှေ့တန်းမတင်ဘဲ သံယောဇဉ်နှင့် မေတ္တာတရားကို မျှော်လင့်နေမိတတ်သည်။ အိမ်ထောင်ရေးကိစ္စတွင် အမှားအယွင်းများဖြစ်တတ် သည်။ နောင်တမရမိစေရန်အထူးဂရုစိုက်သင့်ပါသည်။ ကျန်းမာရေးတွင် နှလုံးရောဂါ၊ နှလုံးခုန်မြန်ခြင်းနှင့် နှလုံးအားနည်းခြင်းတို့ဖြစ်တတ်သည်။

**ယတြာ။ ။တရားပွဲတွင် တရားနာသောပုဂ္ဂိုလ်များကို လိမ္မော်ရည်တိုက်ပါ။**




**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများသည် ခါတိုင်းနှင့်မတူကံကောင်းမှုများပိုမိုရရှိလာတတ်သည်။ မီးဖိုချောင်သုံး၊ စားသောက်ကုန်များမှ အမြတ်အစွန်းပိုမိုရရှိလာတတ်ပါသည်။ ပညာရေး၊ အောင်မြင်နိုင်သောအကြောင်းများရှိနေတတ်ပါသည်။ အိမ်ထောင်ရေးနှင့် အချစ်ရေးတွင်လည်း ကိုယ်ချစ်ကိုမရှာဘဲ သူချစ်ကိုရှာ၍အိမ်ထောင်ပြုရန် ရည်ရွယ်ထားတတ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်မှုပြုရတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင် ထန်းလျက်ပေါက်ပေါက်လှူ၍ သောက်တော်ရေကပ်ပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** အရင်းအနှီးမတည်ငွေရှိလျှင် ကိုယ့်အတတ်ပညာဖြင့် စီးပွားရှာ၍အဆင်ပြေတတ်သလို အိမ်တွင်းမှုဆိုင်ရာလက်မှုလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းတို့ကို ပို၍သဘောကျတတ်ပါသည်။ မြေတူးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတို့ အကျိုးပေးတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်ကံကောင်းနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် သွားလာလှုပ်ရှားမှုများ၍ ပင်ပန်းနွမ်းနယ်ခြင်းဖြစ်တတ်သည်ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။အရပ် ၁၀ မျက်နှာမေတ္တာပို့ပါ။**



**ကြာသပတေးသားသမီးများအတွက်** လူမှုပတ်ဝန်းကျင်တွင် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာ၌ ပြေလည်မှုရအောင်ပြောဆိုပေါင်းသင်းဆက်ဆံနေရတတ်သည်။ နိုင်ငံခြားဆေးနှင့် တိုင်းရင်းဆေးဝါးများအကျိုးပေးတတ်ပါသည်။ ပညာရေးကံကောင်းနေပြီး အောင်မြင်မှုများရရှိနေမည်။ အချစ်ရေးတွင် သူချစ်၊ ကိုယ်ချစ်၊ အိမ်ထောင်ဖက်မျိုးရရှိတတ်ပါသည်။ ကျန်းမာရေးတွင် အဆုတ်အားနည်းခြင်း၊ သွေးအားနည်းခြင်း၊ နှာစေး၊ နှာမွှန်ဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။ သက်ကြီးရွယ်အိုပုဂ္ဂိုလ်တို့အား ကျွေးမွေးလှူဒါန်းမှုပြုပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးအတွက် နည်းဗျူဟာအသစ်များသုံးစွဲမှုပြုနေရတတ်သည်။ မိုဘိုင်းလ်ဖုန်းနှင့် လျှပ်စစ်ပစ္စည်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များစသည်တို့နှင့် အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် အသိဉာဏ်များ ရှင်သန်လာတတ်သည်။ အချစ်ရေးကံကောင်းသော်လည်း အိမ်ထောင်ရေးကံမကောင်းတတ်ပါ။ ကျန်းမာရေးတွင် အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ခြင်း၊ ပျို့အန်ခြင်းစသည်တို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ ဘဲသားဆန်ပြုတ်လှူဒါန်းပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းအဟောင်းများတွင် မိမိ၏ညီအစ်ကိုမောင်နှမများ အကျိုးတူပါဝင်ထားကြပြီး တိုးတက်မှုများလည်း ရရှိနေသလို မိတ်သစ်ရှယ်ယာဝင်များနှင့်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းသစ်များတွင် ထိုက်သင့်သောမြတ်စွန်းမှုများကိုရရှိနေတတ်ပါသည်။ ဇိမ်ခံပစ္စည်းများ ကူးသန်းသွားလာရေးလုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးတို့သည် သင့်တင့်သောအနေအထားတွင် ရှိပါသည်။

**ယတြာ။ ။ ဆွမ်းဆန်စိမ်းလောင်းလှူပါ။**

# မုံရွာမြို့ ညဈေးတန်းသို့ ကွင်းဆင်းစစ်ဆေးအသိပညာပေး



ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များနှင့် ပြည်သူများအစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် စားသုံးသူများ " အစားအစာလုံခြုံစိတ်ချမှုရှိစေရန်" ရည်ရွယ်ချက်ဖြင့် မုံရွာခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်နှင့် ဝန်ထမ်းလေးဦးတို့ဦးဆောင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့နှင့်အတူ မတ်လ ၁၅ ရက်က မုံရွာမြို့ ညဈေးတန်းသို့ ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မုံရွာမြို့ ညဈေးတန်းတွင် စားသောက်ဆိုင်များဖြစ်သော ပင်လယ်စာ၊ ဝက်သားတုတ်ထိုး၊ အကင်ဆိုင်၊ မာလာဟင်း၊ မြန်မာ/ တရုတ်/ ရှမ်း ချက်ဟင်း အမျိုးမျိုးနှင့် ထမင်းဆိုင်များ၊ အကြော်မျိုးစုံများ၊ ဒံပေါက်၊ အအေးမျိုးမျိုး၊ သစ်သီးဆိုင်၊ အဝတ်အထည်၊ ကလေးကစားစရာအရုပ်ဆိုင်နှင့် ကလေးစားစရာမုန့်မျိုးစုံဆိုင်စသည်ဖြင့် ဆိုင်ပေါင်း ၅၀ ကျော် ခန့်ရှိသည့်အနက် စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ဆိုင် ၂၅ ဆိုင်ကို စစ်ဆေးခဲ့ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှတာဝန်ရှိသူများက အရောင်ဆိုးဆေးပါ ဖျော်ရည်ဗူးများ၊ ဆေးကုလားမ၊ ကျောက်ကျောများ၊ ကြက်သွန်ချဉ်၊ မုန်ညင်းချဉ်၊ ဆော့ချဉ်၊ ဆီတို့ဖူး၊ မျှစ်ချဉ်၊ တရုတ်ပဲငါးပိစသည်တို့ကို ဓာတ်ခွဲစစ်ဆေးရန် နမူနာဝယ်ယူခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရောင်းချနေသော ချက်ဟင်းများနှင့် စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်များကို အဖုံးအအုပ်များနှင့် ရောင်းချရန်၊ အသုံးပြုနေသော အိုးခွက်ပန်းကန်များအား သန့်ရှင်းသော ရေဖြင့် ဆေးကြောရန်၊ ဝက်သားတုတ်ထိုးဆိုင်များဆိုးဆေးများအသုံးမပြုရန်၊ အကြော်ဆိုင်များတွင် အသုံးပြုသည့်ဆီကို အနည်အနှစ်အမဲရောင်ဖြစ်သည်အထိ အကြိမ်ကြိမ်ပြန်ကြော်ခြင်းမပြုလုပ်ရန်၊ သစ်သီးစုံဖျော်ရည်အချိုရည်များတွင် အရောင်ဆိုးဆေးများ အသုံးမပြုကြရန်နှင့် ရက်လွန်အသားချောင်းများကို ရောင်းချခြင်းမပြုရန် မှတ်တမ်းတင်သတိပေးခြင်း ဆောင်ရွက်ခဲ့ပြီး ပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သန်းသန်းတင်(မုံရွာ)**

# တောင်ကြီးမြို့အမှတ်(၂၁၂)ဆက်သွယ်ရေးတပ်ရင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ



တောင်ကြီးမြို့ စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်ဝေဝေနှင်း ဦးဆောင်သော ဝန်ထမ်းများနှင့်အဖွဲ့သည် မတ်လ ၁၅ ရက်က တောင်ကြီးမြို့၊ အမှတ်(၂၁၂)ဆက်သွယ်ရေး တပ်ရင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို ကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ ဟောပြောပွဲသို့ အမှတ်(၂၁၂)ဆက်သွယ်ရေး တပ်ရင်းမှ အရာရှိ/အရာခံ/အကြပ်စစ်သည်များနှင့် ရဲမေအင်အား ၅၈ ဦး တက်ရောက်ခဲ့ကြောင်း သိရပါသည်။

ဆွေးနွေးပွဲတွင် စားသုံးသူဦးစီးဌာန တာဝန်ရှိသူများမှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ ဝန်ဆောင်မှုနှင့် လူသုံးကုန်ပစ္စည်းများကြောင့်ဖြစ်ပေါ်နေသော ထိခိုက်နစ်နာမှုများအကြောင်း၊ စားသုံးရန်မသင့်သော အစားအစာများအကြောင်းသိကောင်းစရာများ၊ ဆိုးဆေးအန္တရာယ်နှင့် ဖော်မလင်အကြောင်းများနှင့် ကင်ဆာဖြစ်စေနိုင်သော အစားအသောက်များနှင့် အမူအကျင့်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များ၊ မေးမြန်းမှုများကို ဦးစီးအရာရှိဒေါ်ဝေဝေနှင်းက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်များ၊ တိုင်ကြားမှုပုံစံနှင့် လက်ကမ်းစာစောင်များအား အမှတ်(၂၁၂)ဆက်သွယ်ရေး တပ်ရင်းတွင် ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **စောနန္ဒာမြင့်(တောင်ကြီး)**

# မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ " ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု ဆင့်ပွားသင်တန်း " ကျင်းပ

'ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနား'ကို မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ မတ်လ ၁၅ ရက်တွင် ကျင်းပခဲ့ရာ ပြည်နယ်ရုံး၊ မော်လမြိုင်ခရိုင်ရုံးနှင့် သထုံခရိုင်ရုံးမှ ဝန်ထမ်းစုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့သည်။

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ပေါ်ပေါက်လာပုံ၊ အပြည်ပြည်ဆိုင်ရာ စားသုံးသူအကာအကွယ်ပေးရေးစံသတ်မှတ်ချက်၊ စားသုံးသူအကာအကွယ်ပေးရေး မူဝါဒဆိုင်ရာအနှစ် ချုပ်နယ်ပယ် ၈ ခု၊ ယခင်နှစ်က ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့မှုများကို ပြောကြားခဲ့သည်။

ထို့နောက် ပဲစားသုံးမှုမြှင့်တင်ရေးအထောက်အကူပြုဆင့်ပွားသင်တန်းအား ဆက်လက်ပြုလုပ်ခဲ့ရာ မတ်လ ၁၉ ရက်မှ ၂၁ ရက်ထိ ကုန်ပစ္စည်းစမ်းသပ် စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး)တွင် ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု နည်းပြရက်တိုသင်တန်း တက်ရောက်ခဲ့သော ဒုတိယဦးစီးမှူး ဒေါ်သူဇာမြင့်နှင့် ဒုတိယဦးစီးမှူး ဒေါ်ဇင်မာချောစုကြည်တို့မှ မတ်ပဲစားသုံးခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများ၊ ပဲစင်းငုံစားသုံးခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်းခဲ့ကြပြီး ပဲစင်းငုံကုလားဟင်း၊ မတ်ပဲဘယာကြော်၊ ပဲဝါလေးကြော်၊ ပဲစင်းငုံအခြမ်းနှပ်၊ ပဲစင်းငုံဆန္ဒွင်းမကင်း၊ ပဲစင်းငုံပူတင်း၊ ပဲစင်းငုံမစ်ရှိတ် ပြုလုပ်ပုံများကို လက်တွေ့သရုပ်ပြမှု ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါသည်။

**မိုးမိုး (စားသုံးသူ -မွန်)**

# ပုဂ္ဂလိကကဏ္ဍ၏ ပထမဆုံးသော အဖွဲ့အစည်းဖြစ်သည့် Myanmar Institute Of Directors (MIoD) ကို စတင်မိတ်ဆက်

ဩစတြေးလျနှင့် ဗြိတိသျှနိုင်ငံ အစိုးရများနှင့် ကမ္ဘာ့ဘဏ်အုပ်စု အဖွဲ့ဝင် IFC ၏ပံ့ပိုးမှုဖြင့် ပုဂ္ဂလိက ကဏ္ဍ၏ ပထမဆုံး ဦးစီးဦးဆောင်ပြုသော အဖွဲ့အစည်းဖြစ်သည့် Myanmar Institute Of Directors(MIoD) ကို စတင်မိတ်ဆက်လိုက်ပြီ ဖြစ်သည်။

အဆိုပါအဖွဲ့အစည်းကို ဖွဲ့စည်းရခြင်းမှာ ဘုတ်အဖွဲ့များ အရည်အသွေး တိုးတက်စေရန်၊ စီးပွားရေးကျင့်ဝတ်များနှင့် ပွင့်လင်းမြင်သာမှုများအားပေးရန်၊ စီးပွားရေးခေါင်းဆောင်များနှင့် အကျိုးသက်ဆိုင်သူများ ချိတ်ဆက်နိုင်စေရန်၊ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုမြင့်မားလာစေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

'ဒီအင်စတီကျုက မြန်မာနိုင်ငံရဲ့ ဈေးကွက်ပြုပြင်ပြောင်းလဲမှုမှာ သိသာထင်ရှားတဲ့ခြေလှမ်းဖြစ်ပါတယ်။ ပြီးတော့ ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှုနဲ့ တာဝန်ခံမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်ပေါ်လာဖို့ ကတိပြုဆောင်ရွက်နေသလို ဘုတ်အဖွဲ့ဝင်ဒါရိုက်တာတွေ လိုအပ်တဲ့သင်တန်းဆောင်ရွက်ပေးတာ၊ အလေ့အကျင့်ကောင်းတွေ မျှဝေပေးတာအတွက် အဓိကကဏ္ဍကနေဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်တဲ့အတွက် သူတို့ရဲ့ကုမ္ပဏီတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ခဲ့ထွင်သွားနိုင်မှာပါ"ဟု MIoD ယာယီဒါရိုက်တာဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က ပြောသည်။

MIoD သည် ဈေးကွက်အတွင်း အရေးပါသော ကုမ္ပဏီအုပ်ချုပ်မှုဆိုင်ရာအကြောင်းအရာများနှင့် ဆက်စပ်သည်များကို အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်ကြားမှုအစီအစဉ်များမှတစ်ဆင့် လုပ်ဆောင်သွားမည်ဖြစ်ပြီး ပထမဆုံးသင်တန်းဖြစ်သည့် စာရင်းစစ်ကော်မတီ မဟာအဆင့် အစီအစဉ်ကိုလည်း ယခုလ ၂၇ နှင့် ၂၈ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# ထိုင်းနိုင်ငံ ဘန်ကောက်ရှိ Plum 89 ကွန်ဒိုအရောင်းပြပွဲ ကျင်းပ

ထိုင်းနိုင်ငံ ဘန်ကောက်ရှိ Plum 89 ကွန်ဒိုအရောင်းပြပွဲကို မတ်လ ၁၇ ရက် တွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်တွင်ကျင်းပခဲ့သည်။

အဆိုပါပွဲကို မြန်မာနိုင်ငံ၏အိမ်ခြံမြေ ရောင်းဝယ်ငှား ဝက်ဘ် ဆိုက်ဖြစ်သော iMyanmarHouse.com (အိုင်မြန်မာဟောက်စ်ဒေါ့ကွန်း) နှင့် ထိုင်းနိုင်ငံ၊ ဘန်ကောက် အခြေစိုက် Angel Real Estate အိမ်ခြံမြေကုမ္ပဏီတို့ အကျိုးတူပူးပေါင်းလုပ်ဆောင် ခြင်းဖြစ်ကြောင်း သိရသည်။

"iMyanmarHouse နဲ့တွဲပြီး အလုပ်လုပ်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဒီနေ့ရန်ကုန်မှာ ပထမဆုံးခြေလှမ်းအဖြစ် ထိုင်းနိုင်ငံက အချက်အချာကျတဲ့ ပရောဂျက်ကို ယူဆောင်လာပြတာပါ။ ဒီပရောဂျက်အတွက် ရင်းနှီးမြှုပ်နှံကြတဲ့အတွက်လည်း ဝမ်းသာပါတယ်"ဟု Angel Real Estate မှ Miss Grace က ပြောသည်။

အဆိုပါအရောင်းပြပွဲတွင် ကျပ်သိန်း ၃၅၀ ကျော်ရှိရုံဖြင့် ထိုင်းနိုင်ငံရှိ Plum 89 ကွန်ဒိုအား ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဘဏ်များဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်များဖြင့်လည်း ရောင်းချခဲ့ကြောင်း သိရသည်။

# ပြည်တွင်းစားသုံးသူဈေးကွက် ပိုမိုရရှိစေရန် SP Bakery ဆိုင်ခွဲများ ထပ်မံဖွင့်လှစ်သွားမည်

SP Bakery အနေဖြင့် စားသုံးသူများ၏ တောင်းဆိုမှုဖြင့် ငါးဆိုင်မြောက်ဆိုင်ခွဲကို သာကေတရှိ Capital Hyper Market တွင် ဖွင့်လှစ်ခဲ့သလို ဆိုင်ခွဲများကိုလည်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဆိုင်ခွဲဖွင့်ဖြစ်တာကလည်း စားသုံးသူတွေရဲ့ တောင်းဆိုမှုကြောင့်ပါ။ နောက်ထပ်လည်း မြန်မာတစ်နိုင်ငံလုံးမှာ ဆိုင်ခွဲတွေ ထပ်ဖွင့်သွားဖို့ရှိပါတယ်။ ပြည်ပကဆိုင်တွေလည်း ဝင်လာတဲ့အတွက် ယှဉ်ပြိုင်မှုနဲ့ စိန်ခေါ်မှုတွေကတော့ အမြဲရှိနေပါတယ်။ အဲ့ဒါကြောင့်လည်း လိုအပ်ချက်တွေကို အမြဲပြုပြင်ပြီးတော့ စားသုံးသူတွေအတွက် ကြိုးစားသွားမှာပါ"ဟု Showroom Manager မခင်သန္တာစိုးက ပြောသည်။

"SP မှာက အစည်းအဝေး၊ မွေးနေ့ပွဲ စတာတွေကို ဝန်ဆောင်မှုပေးသလို အွန်လိုင်းဝန်ဆောင်မှုတွေလည်း လုပ်ပေးပါတယ်။ နောက်ပြီး အဝေးပြေး ယာဉ်လိုင်းနဲ့ လေကြောင်းလိုင်း အပြင် တစ်ဆင့်ပြန်ရောင်းချလိုသူတွေ အတွက်လည်း လုပ်ပေးပါတယ်။ SP ဆိုင်တွေကို ဆရာစံလမ်း၊ ၃၆ လမ်းထိပ်၊ လသာလမ်း၊ နဝဒေးလမ်း(ဒဂုံမြို့နယ်) နဲ့ သာကေတ Capital တို့မှာ ဖွင့်လှစ်ထားပါတယ်"ဟုၡင်းက ဆက်ပြောသည်။

SP လုပ်ငန်းသည် ၁၉၆၉ ခုနှစ်တွင် စံပြမုန့်တိုက်လုပ်ငန်းမှ လုပ်ငန်းစတင်ခဲ့ပြီး ပြည်တွင်းလုပ်ငန်းရှင်ပိုင် လုပ်ငန်းတစ်ခုဖြစ်သလို လက်ရှိတွင်လည်း ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဆိုင်ခွဲပေါင်း ၁၁ ဆိုင် ဖွင့်လှစ်ထားပြီး ဖြစ်ကြောင်း သိရသည်။

# ပဉ္စမအကြိမ် ကံထူးရှင်ရွေးချယ်ပွဲ Yum Yum မှ ကျင်းပ

Yum Yum ၏ ပဉ္စမအကြိမ် မြောက်ကံထူးရှင်ရွေးချယ်ပွဲကို မတ်လ ၂၀ ရက်၌ ရန်ကုန်မြို့ရှိ Park Royal Hotel တွင် ပြုလုပ်ခဲ့သည်။

အဆိုပါကံထူးရှင်ရွေးချယ်ပွဲတွင် ကံထူးရှင်နှစ်ဦးကို ထပ်မံရွေးချယ်ပေးခဲ့ပြီး လက်ရှိအချိန်အထိ ကံထူးရှင်သုံးဦးသာ ပေါ်ထွက်သေးကြောင်း သိရသည်။

Yum Yum ၏ ဒုတိယအကြိမ် ပေါက်မဲနံပါတ်များမှာ ယနေ့အချိန်အထိ ဆက်သွယ်ခြင်းမရှိသည့်အတွက် ကံစမ်းမဲစည်းမျဉ်းစည်းကမ်းအရ မတ်လ ၃၁ ရက်အထိ ဆက်လက်စောင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုရွေးချယ်သည့် ပဉ္စမအကြိမ်မြောက်ကံထူးရှင်ကို ခေါက်ဆွဲခြောက် ထုတ်ပေါင်း ၄၅ သန်းထဲမှ မဲနှိုက်ရွေးချယ်ခဲ့ပြီး ပေါက်မဲနံပါတ်မှာ M745V08H61 နှင့် G402V38K44 တို့ဖြစ်သည်။

အဆိုပါပေါက်မဲများအတွက်ကိုလည်း ၂၀၁၈ခုနှစ် ဧပြီလ ၂၀ ရက်အထိ လာရောက်ထုတ်ယူခြင်းမရှိပါက နောက်ထပ်ကံစမ်းမဲတွင် ထည့်သွင်းကံစမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ Yum Yum ၏ ကံစမ်းမဲအစီအစဉ်တွင် Yum Yum ပုစွန်ချဉ်စပ်နှင့် Xcite ခေါက် ဆွဲခြောက်ထုပ်များ အကျုံးဝင်ပြီး အိတ်ခွံ၏အတွင်းပိုင်းတွင် ကံစမ်းမဲအမှတ်အသား ရိုက်နှိပ်ထားကြောင်း သိရသည်။

# နည်းပညာနှင့် အရည်အသွေးမြင့်သော New Y Series နှင့် Nova 3e တို့အား ပြည်တွင်း၌မိတ်ဆက်

နည်းပညာနှင့် အရည်အသွေးမြင့်သော New Y Series နှင့် Nova 3e တို့အားပြည်တွင်းဈေးကွက်၌ စတင် မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါဖုန်းများကို ယနေ့ခေတ်လူငယ်များအတွက် ရည်ရွယ်၍ ထုတ်လုပ်ခြင်းဖြစ်ပြီး Y Series ကိုလည်း ပုံစံတစ်မျိုးပြောင်း၍ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဖုန်းတွေက Multi Testing ကို ဦးစားပေးထားတဲ့ ဖုန်းတစ်မျိုးပါ။ အရင်က Y Series တွေကဖုန်းအရွယ်အစားကြီးပေမယ့် စခရင်ဆိုဒ်မကြီးဘူး။ အခုဆို Full HD+ ကို ထောက်ပံ့ပေးထား တယ်။ မှန်သားကလည်း 2.5D Curved Design နဲ့လုပ်ထားတယ်။ နောက်ပြီး Multi Testing ပါတဲ့အတွက် လက်ရှိလုပ်ဆောင်နေတဲ့ လုပ်ဆောင်ချက်ကို ရပ်လိုက်စရာမလိုဘူး။ Nova 3e ကလည်း ဓာတ်ပုံရိုက်တာ ဝါသနာပါတဲ့လူငယ်တွေရယ် နည်းပညာအသစ်အဆန်းတွေကိုမှ စတင်အသုံးပြုချင်တဲ့လူငယ်တွေအတွက် ဒီဇိုင်းလှလှနဲ့ အသုံးပြုနိုင်မယ့် ဖုန်းတစ်လုံးဖြစ်ပါတယ်" ဟု Huawei Device Myanmar မှ Marketing Director ဖြစ်သူ မခင်ရတနာဝင်း က ပြောသည်။

"အခုက Y Series ထဲက Y9 2018 နဲ့ Y7 Pro 2018 ကို မိတ်ဆက်သလို Nova 2i ကို အဆင့်မြှင့်ထားတဲ့ Nova 3e ကို မိတ်ဆက်တာပါ။ စတိုင်လ်ကျလှတဲ့ဒီဇိုင်းနဲ့ အဆင့်မြင့်ကင်မရာလုပ်ဆောင်ချက်တို့ပေါင်းပြီး ဖန်တီးထားတဲ့အတွက် ကမ္ဘာအနှံ့မှာရှိတဲ့ လူတိုင်းနဲ့ ထိတွေ့ဆက်ဆံရာမှာ အဆင်ပြေလွယ်ကူအောင်ကူညီပေးနိုင်ဖို့ ပုံဖော်ထားပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

Huawei Nova 3e နှင့် Y9 2018 ကို မတ်လကုန်တွင် စတင်ဝယ်ယူနိုင်မည်ဖြစ်ပြီး ဈေးနှုန်းအနေဖြင့် Y9 2018 ကို ကျပ် ၂၅၉၀၀၀ နှင့် Nova 3e ကို ကျပ် ၃၄၉၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ Y7 Pro 2018 မှာမူ ဧပြီလကုန်မှ ဈေးကွက်အတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

# အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးနှင့် တန်းတူအခွင့်အရေးရရှိရန် BAT မြန်မာမှ ပါဝင်လုပ်ဆောင်သွားမည်

အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ ကျားမဆိုင်ရာ အခွင့်အရေး တန်းတူရရှိစေရေးတို့အတွက် BAT မြန်မာမှ ပါဝင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း BAT Myanmar စက်ရုံတွင် ကျင်းပခဲ့သည့် International Women's Day 2018 မှ သိရသည်။

British American Tobacco (BAT) မြန်မာအနေဖြင့် ကမ္ဘာလုံးဆိုင်ရာအစီအစဉ်တွင် PressforProgress အဖြစ်ပါဝင်သွားမည်ဖြစ်ပြီး အမျိုးသမီးတစ်ရပ်လုံး၏ စွမ်းရည်မြှင့်တင်မှုကိုဖော်ဆောင်သော အဖွဲ့အစည်း(၁၀)ခုတွင်လည်း ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် (၈)ကြိမ်မြောက်ကျင်းပသော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်ပွဲ တွင် British American Tobacco Myanmar Limited မှလည်း ပါဝင်သလို အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ ကျား၊မဆိုင်ရာ တန်းတူအခွင့်အရေး ရရှိရေး၊ စွမ်းဆောင်ရည်ပြည့်ဝသော အမျိုးသမီးများအဖြစ် ရပ်တည်နိုင်ရေး တို့ကို ရည်ရွယ်ဖော်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အမျိုးသမီးများဦးဆောင်နေသည့် စီးပွားရေးလုပ်ငန်း၏ ၆၈ ရာခိုင်နှုန်းသည် တစ်ဦးတစ်ယောက်တည်းပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ၂၁ ရာခိုင်နှုန်းသည် လက်လီ/လက်ကား ဈေးကွက်များတွင် နေရာယူထားကြောင်း၊ ထို့အပြင် ထိပ်ပိုင်း စီမံခန့်ခွဲမှုအပိုင်းများတွင်လည်း အမျိုးသမီးများပါဝင်မှုမှာ ၆၅ ရာခိုင်နှုန်းအထိရှိနေကြောင်း စီးပွားရေးလုပ်ငန်း အစီရင်ခံစာအရ သိရသည်။

ချောစု စုစည်းသည်

# အချိန်နှင့်တစ်ပြေးညီ ခြေရာခံစနစ် (Share My Trip) နည်းပညာဖြင့် UBER ၏ ဝန်ဆောင်မှုစတင်

ရန်ကုန်မြို့တွင်းသွားရောက်နေသော ခရီးလမ်းတစ်လျှောက်လုံးကို အချိန်နှင့်တစ်ပြေးညီ ခြေရာခံစနစ် (Share My Trip)ဖြင့် ဝန်ဆောင်မှုပေးခြင်းကို UBER မှ စတင်ပေးအပ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါနည်းပညာသည် တက္ကစီ တစ်စီးခေါ်ယူသည့်အခါ UBER အက်ပလီကေးရှင်းတွင် Send Status ခလုပ်ကိုနှိပ်လိုက်ပါက ခရီးစဉ်အသေး စိတ်ကို မိတ်ဆွေများနှင့်မိသားစုများထံ မျှဝေနိုင်ကြောင်း၊ ခရီးစဉ်အသေးစိတ်တွင် ယာဉ်မောင်း၏အမည်၊ ယာဉ်၏ အချက်အလက်၊ တည်နေရာတို့ကို အချိန်နှင့်တစ်ပြေးညီ မြင်တွေ့ရမည်ဖြစ်ကြောင်း သိရသည်။

"UBER ရဲ့ Share My Trip နည်းပညာရှိလာတဲ့အတွက် ညဘက်ခရီးသွားလာဖို့ရှိလာရင် ကျွန်မရဲ့ခရီးစဉ်ကို စောင့်ကြည့်ခိုင်းနိုင်တော့မှာဖြစ်လို့ ပိုပြီးလုံခြုံမှုရှိလာတယ်လို့ ခံစားမိပါတယ်။ မေမေကလည်း ကျွန်မရဲ့ခရီးစဉ်ကို စောင့်ကြည့်နိုင်တော့မှာဖြစ်လို့ စိတ်ချလက်ချနေနိုင်မှာဖြစ်ပါတယ်။ UBER အက်ပလီကေးရှင်းထဲမှာ ပါဝင်ပြီးသားဖြစ်တဲ့ ဒီနည်းပညာအကြောင်းကို မသိခင်က ကျွန်မရဲ့ခရီးစဉ်တွေကို မေမေ့ကို စောင့်ကြည့်ခိုင်းဖို့ တခြားအက်ပလီကေးရှင်းတစ်ခုသုံးခဲ့ရတာမို့ အခုဆို ကျွန်မအတွက် အများကြီး ပိုအဆင်ပြေသွားပါတယ်။ အခုဆို ကျွန်မ အက်ပလီကေးရှင်း နှစ်ခုသုံးနေဖို့မလိုတော့ပါဘူး။UBER တစ်ခုရှိရင် ရပြီလေ" ဟု အသက် ၂၃ နှစ်အရွယ် UBER တက္ကစီ စီးနင်းသူ မခိုင်မီမီဝင်းက ဆိုသည်။

UBER၏ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံဆိုင်ရာ အထွေထွေ မန်နေဂျာ Charity Safford က "UBERရဲ့ခရီးသည်တွေ အဆင်ပြေအောင် လုပ်ပေးဖို့ အမြဲတမ်းစဉ်းစားနေပါတယ်။ အဓိကကတော့ UBER ကားစီးရင် လုံခြုံစိတ်ချနိုင်အောင် လုပ်ပေးနေသလိုစီးနင်းသူတွေရဲ့အသံကိုလည်း အမြဲတမ်းနားထောင်နေပြီး အကောင်အထည်ဖော်ပေးနေပါတယ်"ဟုပြောသည်။

တက္ကစီငှားရမ်းလိုသူများသည် UBER ဝန်ဆောင်မှုအသုံးပြုလိုပါက ကုမ္ပဏီသို့ဆက်သွယ်ကာ ဝန်ဆောင်မှုကိုရယူနိုင်ပြီး တက္ကစီငှားရမ်းသူနှင့် အနီးဆုံးရှိ UBER မိတ်ဖက်အငှားယာဉ်မောင်းများကို အွန်လိုင်းမှတစ်ဆင့် ချိတ်ဆက်ကာ အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

# အားလုံးပါဝင်သော ဒစ်ဂျစ်တယ် ဘဏ္ဍာရေးစနစ်တည်ဆောက်ရန် Huawei နှင့် ကမ္ဘောဇဘဏ်လက်တွဲ




အားလုံးပါဝင်နိုင်သော ဒစ်ဂျစ်တယ် ဘဏ္ဍာရေးဂေဟစနစ်တည်ဆောက်နိုင်ရန် ကမ္ဘောဇဘဏ်နှင့် Huawei တို့ သဘောတူ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို မတ်လ ၁၀ ရက်က တရုတ်နိုင်ငံ၊ ရှိန်းကျိန့်မြို့ရှိ Huewai အပြည်ပြည်ဆိုင်ရာ ဌာနချုပ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုသဘောတူညီမှုအရ မြန်မာနိုင်ငံသားများအနေဖြင့် ဘဏ္ဍာရေးစနစ်ကို ပိုမိုအသုံးပြုခွင့်ရရှိလာပြီး ပိုမိုကောင်းမွန်သည့် လူနေမှုဘဝများ ရရှိနိုင်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကမ္ဘောဇဘဏ်၏ အမှုဆောင်အရာရှိချုပ် Mr.Mike Denoma က "ဘဏ်အကောင့်ရှိပြီး အသုံးပြုနေတဲ့ ပြည်သူများဟာ မြန်မာနိုင်ငံလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်း၊ လျှပ်စစ်မီးရရှိအသုံးပြုနိုင်တာက ၃၀ ရာခိုင်နှုန်းပဲရှိပေမယ့် ၉၀ရာခိုင်နှုန်းသော ပြည်သူများမှာ စမတ်ဖုန်းရှိကြပါတယ်။ ကျွန်တော်တို့ရဲ့ အိပ်မက်ကတော့ ၁၀ နှစ်အတွင်း စမတ်ဖုန်းကိုအသုံးပြုပြီး ပြည်သူတွေရာနှုန်းပြည့် ပါဝင်နိုင်တဲ့ ဘဏ္ဍာရေးစနစ် တစ်ခုကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ပဲဖြစ်ပါတယ်။ ပြည်သူများအတွက် အကျိုးရှိစေမယ့် အားလုံးပါဝင်နိုင်တဲ့ ဒစ်ဂျစ်တယ်ဘဏ္ဍာရေး ဂေဟစနစ်ကို အကောင်အထည်ဖော်ဖို့ Huawei ကို Technology Partnar အနေနဲ့ လက်တွဲလုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ထိပ်တန်း နည်းပညာကုမ္ပဏီကြီး Huawei ၏အားသာချက်များ ဖြစ်သည့် သုတေသနနှင့် ဖွံ့ဖြိုးမှု (Research & Development)၊ ခေတ်မီနည်းပညာများဖြင့် မြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်သည့် ဘဏ္ဍာရေးစနစ်ကို ရရှိလာစေရန် ကမ္ဘောဇဘဏ်မှ မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလက ငွေဆောင်ကမ်းခြေ၌ ကျင်းပပြုလုပ်ခဲ့သော Leadership Summit 2018 တွင် ကမ္ဘာ့စံမီခန့်ခွဲမှု အကောင်းဆုံးဘဏ်တစ်ခု ၂၀၂၈ တွင် ဖြစ်လာရန်အတွက် ကမ္ဘောဇဘဏ်က ရည်မှန်းချက်ချမှတ်ခဲ့ကြောင်း သိရသည်။

# ပထမ ပုဂ္ဂလိကဘဏ် အစုရှယ်ယာရှင်များကို အမြတ်ဝေစု ထုတ်ပေးမည့် ရက်ကြေညာ

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် ပထမပုဂ္ဂလိကဘဏ်အစုရှယ်ယာရှင်များကို အမြတ်ဝေစုထုတ်ပေးသွားမည့်ရက်ကို ပထမပုဂ္ဂလိကဘဏ်က ကြေညာခဲ့ကြောင်း သိရသည်။

ယခုနှစ်ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ပထမပုဂ္ဂလိက ဘဏ်ဒါရိုက်တာအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မတ်လ ၃၀ ရက် သောကြာနေ့အရောင်းအဝယ်ပိတ်ချိန်တွင် ပထမ ပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာပိုင်ဆိုင်သူများကိုသာ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခွဲဝေပေးမည်ဖြစ် ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းမှ Record Date ဧပြီ ၄ ရက်နေ့စွဲဖြင့် ပထမပုဂ္ဂလိကဘဏ်သို့ ပေးပို့မည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်စာရင်းမှာ အတည်ဖြစ်ကြောင်း၊ ဧပြီ ၂ရက်မှ စတင်ဝယ်ယူသည့် အစုရှယ်ယာများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစုကို ခံစားခွင့်မရှိကြောင်း သိရသည်။

နှစ်စဉ်အမြတ်ဝေစုကို ပြင်ပစာရင်းစစ် စစ်ဆေးအတည်ပြုပြီးပါက ၂၀၁၈ ခုနှစ် ဇွန်လဆန်းမှစတင်ကာ အစုရှင်များ၏ ပထမပုဂ္ဂလိကဘဏ်ရှိ ငွေစုစာရင်း/စာရင်းရှင်များသို့ ထည့်သွင်းပေးမည်ဖြစ်ပြီး စာရင်းဖွင့်လှစ်ခြင်းမရှိသေးသော အစုရှယ်ယာရှင်များသည် အချိန်မီ နီးစပ်ရာပထမပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့်လှစ်ရမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း စတင်တည်ထောင်

မြန်မာနိုင်ငံ၏ စီးပွားရေး၊လူမှုရေးနှင့် နေထိုင်မှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏အခန်းကဏ္ဍမှာ အရေးပါခြင်းကြောင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကိုမတ်၁၇ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်မှ သတင်းရရှိသည်။

မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနနှင့် UN Global Compact Network Myanmar တို့ ပူးပေါင်းကူညီဖွဲ့စည်း ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က "အခုလို အသင်းဖွဲ့စည်းခြင်းကနေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စုအားလုံးရဲ့ ဒေသတွေမှာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာအောင် တိုင်းရင်းသားမျိုးနွယ်စုတစ်ခုနှင့်တစ်ခု ချိတ်ဆက် ပြီး ပူးပေါင်းဆောင်ရွက်ခြင်းမှယုံကြည်မှုတွေ ရရှိလာမှာဖြစ်လို့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ အထောက်အကူဖြစ်လာမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များရွေးချယ်ရန် တိုင်းရင်းသားမျိုးနွယ်စု (၈) မျိုးကို အခြေခံ၍ မျိုးနွယ်စုတစ်ခုချင်းစီအလိုက် မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို စုစုပေါင်း ၂၇ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

# မြန်မာနှစ်ကူး အတာသင်္ကြန်ပွဲတော်အမှီ Pizza Hut Myanmar က မီနူးအသစ် မိတ်ဆက်




Pizza Hut Myanmar မှ CHEESY BITES Shal မီနူးအသစ်မိတ်ဆက်ပွဲကို မတ် ၂၂ ရက်က ရန်ကုန်မြို့ပြည်လမ်း၊ Marketplace City Mart ရှိ Pizza Hut က ဆိုင်ခွဲ၌ ပြုလုပ်ခဲ့သည်။

ယခု မိတ်ဆက်လိုက်သော CHEESY BITES Shal အသစ်အားမြန်မာ့ရိုးရာအတာသင်္ကြန်နှင့် နှစ်သစ်ကူးအကြိုအဖြစ် အဓိကထား စီစဉ်ဖန်တီးလိုက်ခြင်းဖြစ်ပြီး Meat Supreme၊ BBQ Chicken နှင့် Veggie Supreme Pizza အရသာများကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

CHEESY BITES Shal ပီဇာတစ်ချပ်၏ဈေးနှုန်းမှာ ကျပ် ၁၇၀၀၀ဖြစ်ပြီး SET အလိုက်မှာယူစားသုံးလိုပါက SET 1 အဖြစ် CHEESY BITES ပီဇာ+ Garade (၄)ခု + Pepsi (၂)ခွက်ကို ကျပ် ၁၈၀၀၀ ၊ SET 2 အဖြစ် CHEESY BITES (၆)ခု+ Garlic Bread (၄)ခွက် + Black Pepper Chicken Spaghetti (၁)ခုကို ကျပ် ၂၂၀၀၀ ဖြင့် မှာယူစားသုံးနိုင်ကြောင်း သိရသည်။

အထူး ပရိုမိုးရှင်းအနေဖြင့် CHEESY BITES Shal စားသုံးပြီးနောက် ထပ်မံမှာယူလိုသူများအနေဖြင့် CHEESY BITES ပီဇာတစ်ခုလျှင် ကျပ် ၁၂၀၀၀၊ အခြားပုံမှန်ပီဇာတစ်ခုလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် နှစ်သက်ရာအရသာကြက်တောင်ပံ(၈)ခုကို ကျပ် ၅၀၀၀ နှုန်း၊ ကြက်သားနှင့် မှိုစွပ်ပြုတ်ကို ကျပ် ၂၀၀၀ နှုန်းဖြင့် မည်သည့်အအေးမဆို ကျပ် ၁၃၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ထို့အပြင် CHEESY BITES Shal စတင် မိတ်ဆက်ခြင်းအနေဖြင့် စားသုံးသူများအတွက် အပိုလက်ဆောင်ကူပွန်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းသည်



## မြို့ကြီးများ၏ ၂၆-၃-၂၀၁၈ မှ ၃၀-၃-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၆-၃-၂၀၁၈) | အင်္ဂါ(၂၇-၃-၂၀၁၈) | ဗုဒ္ဓဟူး(၂၈-၃-၂၀၁၈) | ကြာသပတေး(၂၉-၃-၂၀၁၈) | သောကြာ(၃၀-၃-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၀˚F |
| ရန်ကုန်မြို့ | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F |
| မန္တလေးမြို့ | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၉˚F |
| မြစ်ကြီးနား | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၄˚C/၉၃˚F | တိမ်အသင့်အတင့် ၃၄˚C/၉၃˚F |
| လားရှိုး | နေသာ ၃၃˚C/၉၁˚F | ၄၀% ၂၉˚C/၈၄˚F | ၄၀% ၂၉˚C/၈၅˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F |
| ကျိုင်းတုံ | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၈၉˚F |
| တောင်ကြီး | တိမ်အသင့်အတင့် ၄˚C/၄၈˚F | ၁၀% ၂˚C/၅၃˚F | တိမ်အသင့်အတင့် ၂˚C/၄၅˚F | တိမ်အသင့်အတင့် ၃˚C/၄၅˚F | တိမ်အသင့်အတင့် ၈˚C/၄၃˚F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F |
| ဘားအံ | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | တိမ်အသင့်အတင့် ၃၆˚C/၉၆˚ |
| တောင်ငူ | နေသာ ၃၃˚C/၁၀၂˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F |
| မုံရွာ | နေသာ ၃၈˚C/၁၀၀˚F | တိမ်အသင့်အတင့် ၃၇˚C/၉၈ | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F |
| ပုသိမ် | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၄˚F |
| မြိတ် | ၃၀% ၃၂˚C/၉၀˚F | ၅၀% ၃၁˚C/၈၈˚F | ၄၀% ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F |
| စစ်တွေ | နေသာ ၃၁˚C/၈၇˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F |
| မကွေး | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၁˚F |
| ဖလမ်း | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၇˚C/၈၁˚F |

# အိန္ဒိယနိုင်ငံ ကေရာလပြည်နယ်တွင် မိုးအနည်းငယ်ရွာသွန်းပြီး အိန္ဒိယတောင်ပိုင်း၌ ပူပြင်းခြောက်သွေ့နိုင်

အိန္ဒိယတောင်ပိုင်းဒေသများ၌ မတ်လတွင် နွေရာသီ စတင်ဝင်ရောက်လာပြီဖြစ်သည်။ သို့ရာတွင် မတ်လလယ်တွင် မုတ်သုံအကြိုရာသီဥတုအခြေအနေကလည်း စတင်လာတော့မည်ဖြစ်ကြောင်း Skyweather ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြထားသည်။

ယခုနှစ်တွင် မုတ်သုံအကြိုမိုးများ စတင်ရွာသွန်းလာပြီဖြစ်သည့်အတွက် တမီလ်နာဒူးနှင့် ကေရာလဒေသတို့တွင် မတ်လရာသီဥတုမှာ နေထိုင်ကောင်းသော အခြေအနေရှိသည်။ တမီလ်နာဒူးဒေသ၏ ပျမ်းမျှမိုးရေချိန်မှာ ၉ ဒသမ ၈ မီလီမီတာရှိသော်လည်း မတ် ၁၄ ရက်အထိ မိုးရေချိန် ၈ ဒသမ ၈ မီလီမီတာရရှိထားသည်။ ယင်းမိုးရွာသွန်းမှုပမာဏမှာ ၁၀ ရာခိုင်နှုန်းမျှသာကျဆင်းသော အခြေအနေဖြစ်သည်။ သို့ရာတွင် ကေရာလပြည်နယ်မှာမိုးရေချိန် ၈ ဒသမ ၃ မီလီမီတာ သာရရှိသဖြင့် ပျမ်းမျှ မိုးရေချိန် ၁၀ ဒသမ ၆ မီလီမီတာနှင့် နှိုင်းယှဉ်ပါက ၂၂ ရာခိုင်နှုန်းကျဆင်းနေကြောင်း တွေ့ရသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း Lakshadweep ဒေသတွင် မိုးရေချိန် ၁၅ ဒသမ ၂ မီလီမီတာရွာသွန်းသောကြောင့် ပုံမှန်မိုးရေချိန်ဖြစ်သော ၅ ဒသမ ၈ မီလီမီတာနှင့် နှိုင်းယှဉ်ပါက ၁၆၁ ရာခိုင်နှုန်း ပိုမိုခဲ့သည်ကို တွေ့ရသည်။ လာမည့်ရက်များတွင် အိန္ဒိယနိုင်ငံ တောင်ပိုင်းဒေသ၌ ရာသီဥတုအခြေအနေထူးထူးခြားခြား အပြောင်းအလဲ ရှိမည်မဟုတ်ဘဲ မတ်လရဲ့ကျန်နေ့ရက်များတွင် အများအားဖြင့် ပူပြင်းခြောက်သွေ့မည်ဟု ခန့်မှန်းရသည်။

သို့ရာတွင် ကေရာလဒေသတွင်မူ မိုးရွာလိုက်၊ မရွာလိုက်ဖြစ်နိုင်ပြီး တောင်ပိုင်း ကာနာတာကာဒေသတွင်မူ မိုးကွက်ကြားရွာသွန်းနိုင်သော်လည်း အပူချိန်ကွာခြားမှုမှာ များစွာကွာခြားနိုင်မည် မဟုတ်ပေ။ ရာသီဥတုအခြေအနေမှာ ပူနွေးပြီးနေသာနိုင်ကြောင်း တယ်လန်ဂါနာ၊ မြောက်ပိုင်းကာနာတာကာနှင့် ရာယာလာဆီးမားဒေသတို့တွင် အပူချိန်မှာ ၃၇ ဒီဂရီဆယ်လ်ဆီးယပ်နှင့် ၃၈ ဒီဂရီဆယ်လ်ဆီးယပ်အတွင်း ဆက်လက်တည်ရှိနိုင်သည့်အတွက် ပူပြင်းသော အခြေအနေများဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ဉာဏ်တင်

# ရာသီဥတုပြောင်းလဲမှုကြောင့် ဗီယက်နမ်တို့ အလူးအလဲကြိုးပမ်း ရုန်းကန်နေရ

ပူပြင်းခြောက်သွေ့မှု၊ ပင်လယ်ပြင်မြင့်တက်မှု၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းအကြိမ်ကြိမ်ကျရောက်မှုကြောင့် ဗီယက်နမ်နိုင်ငံ၏စီးပွားရေးကို များစွာပျက်စီးဆုံးရှုံးမှုဖြစ်ပွားစေပြီး ဗီယက်နမ်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုမှာ တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းအတွင်း ကျဆင်းနိုင်ကြောင်း (German Society for International Cooperation - GIZ ) ၏ အစီရင်ခံစာကို ကိုးကား၍ ဗီယက်နမ်နက်သတင်းတွင်ဖော်ပြထားသည်။

မတ်လအလယ်က မဲခေါင်မြစ်ဝ ကျွန်းပေါ်ဒေသအချို့နေရာများတွင် ရေရှားပါးမှု စတင်ဖြစ်ပွားခဲ့သည်။ ဆောင်း-နွေဦးရာသီ သီးနှံရိတ်သိမ်းပြီးစ တောင်သူလယ်သမားများသည် နွေ-ဆောင်းဦးရာသီ သီးနှံစိုက်ပျိုးရန် အလျင်အမြန်ပြင်ဆင်နေရသည်။

ပင်လယ်ရေမြင့်တက်မှုနှင့် ဆားငန်ရေများဝင်ရောက်လာမှုတို့ကြောင့် ရေချိုများရှားပါးလာကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ပျက်စီးစေသဖြင့် ပြည်သူတို့၏ လူနေမှုဘဝများကို ထိခိုက်စေခဲ့သည်။ ရာသီဥတုပြောင်းလဲမှုက ရာသီဥတုကို ဖောက်ပြန်စေသည့်အတွက် သဘာဝဘေးအန္တရာယ်များ၊ မုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများနှင့် ဆားငန်ရေဝင်ရောက်မှုများကို မကြာခဏ ဖြစ်ပေါ်စေသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အဆိုအရ ၂၀၁၇ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုမှာ ဗီယက်နမ်ဒေါင် ထရီလီယံ ၆၀ ရှိခဲ့သည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလက ဖြစ်ပွားခဲ့သော ဒမ်ရေးမုန်တိုင်းကြောင့်လူ ၁၀၀ ဦးသေဆုံးပြီး လူလေးသန်းထိခိုက်ခံခဲ့ရပြီး အိမ်အများအပြားပျက်စီးကာ လယ်ယာစိုက်ပျိုးမြေ ဟက်တာ ၂၅၀၀ ကျော်ပျက်စီးခဲ့သည်။

ပူပြင်းခြောက်သွေ့မှုနှင့် ဆားငန်ရေဝင်ရောက်မှုက မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသအတွက် ကြီးမားသော ပြဿနာဖြစ်နေသည်။ ယခင်နှစ်များအတွင်းက ဒေသခံများသည် ရေလွှမ်းမိုးမှုကို မကြာခဏခံစားရပြီးမှသာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရသည်။

ဉာဏ်တင်

# မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဆားမလောက်ရှိ စားသောက်ဆိုင်များအား စားသုံးသူအခြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ ရှောင်တခင်စစ်ဆေးဆောင်ရွက်ခြင်းနှင့် (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ မတ် ၁၂ ရက်တွင် ညောင်တုန်းမြို့ ဆားမလောက်ကျေးရွာရှိစားသောက်ဆိုင် ၁၀ ဆိုင်အား ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့သည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်းဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ဆားမလောက်ကျေးရွာရှိ စားသောက်ဆိုင် ၁၀ ဆိုင်အား အစားသောက်များချက်ပြုတ်သည့်နေရာများ သန့်ရှင်းရေး၊ စားသုံးသူများ၏အခွင့်အရေးနှင့်တာဝန်များ၊ အိုးခွက်ပန်းကန်များ သန့်ရှင်းရေးဆောင်ရွက်ရာတွင် စတီးခွေ(ခေါ်) သံစခွေများ အသုံးမပြုရေးနှင့် ဝန်ဆောင်မှုဆောင်ရွက်ပေးသောလုပ်သားများ တစ်ကိုယ်ရည်သန့်ရှင်းရေးဆောင်ရွက်ရန် စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာများ အသိပညာပေးခြင်းနှင့် စားသုံးသူ စိတ်ကျေနပ်မှုရှိစေရေး ဝန်ဆောင်မှု အလေးပေးဆောင်ရွက်ရန် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

အလားတူ မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် မတ် ၁၃ ရက်တွင် ကျင်းပခဲ့ရာ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့ပြီး ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၏ ပြန်လည်ဆွေးနွေးတင်ပြချက်များကို ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**CONSUMER- MT**

# ဖျာပုံမြို့နယ် ခ-လ-ရ (၉၇)တပ်မိသားစုများအား စားသုံးသူအသိပညာပေး ဟောပြော

ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မတ် ၁၂ ရက်က ခ-လ-ရ(၉၈) အစည်းအဝေးခန်းမတွင် တပ်ရင်းမိသားစုဝင်များအား စားသုံးသူအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူးဦးမြင့်အောင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ပုံမှန် ဆောင်ရွက်နေမှုနှင့် ဈေးကွက်အတွင်း တားမြစ်ကုန်စည်များ စစ်ဆေးဆောင်ရွက်နေမှု အခြေအနေ၊ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ CICC ဖွင့်လှစ်ထားရှိပြီး တိုင်ကြားစာများအား ဖြေရှင်းဆောင်ရွက်နေမှုများ၊ ရပ်ကွက်/ဈေး/စာသင်ကျောင်းများတွင် စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ထိုအဖွဲ့များနှင့်ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ပုံမှန်မြို့နယ်အလိုက် ကွင်းဆင်းစစ်ဆေးမှုနှင့် သိမ်းဆည်းထားသော တားမြစ် ကုန်စည်များအား မှတ်တမ်းထားရှိ၍ မီးရှို့ဖျက်ဆီးမှုအခြေအနေများကို ရှင်းလင်း ဆွေးနွေးပါသည်။

ဆက်လက်၍ မြို့နယ်တာဝန်ခံ ဦးစိုးမင်းထိုက်က FDA မှ တားမြစ်ထားသော ကုန်စည်များ၊ အလှကုန်ပစ္စည်းများ၊ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ အချိုရည်များ၊ ရေသန့်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဈေးကွက်အတွင်းရှိ ဓာတုဆိုးဆေးလေးမျိုးအကြောင်းတို့ကို အကျယ်တဝင့်ဟောပြောဆွေးနွေးပါသည်။ ထို့နောက် ဒုတိယ မြို့နယ်တာဝန်ခံ ဦးမင်းဇော်က ပဲစားသုံးခြင်းကြောင့် ရရှိလာသော ကျန်းမာရေးအကျိုးကျေးဇူးများ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ကုလားပဲစသည့် အမျိုးအစားအလိုက် ပြုလုပ်သော ဟင်းလျာများ၊ မုန့်အမျိုးမျိုး ဖျော်ရည်ပြုလုပ်ပုံနှင့် အချိုမှုန့်အစားထိုးဟင်းခတ်မှုန့် ပြုလုပ်ပုံတို့ကို ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ ခ-လ-ရ(၉၈) တပ်မိသားစုဝင်များ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၅)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်း ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲကျင်းပ



စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံး တောင်ကြီးမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင် ဦးဆောင်သော ဝန်ထမ်းများနှင့် အဖွဲ့သည် မတ် ၁၂ရက်တွင် တောင်ကြီးမြို့ အမှတ်(၅)တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း၊ ဟောပြောပွဲသို့ အမှတ် (၅) တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းမှ အရာရှိ/ အရာခံ/ အကြပ် စစ်သည်အင်အား ၁၈၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ ဝန်ဆောင်မှုနှင့် လူသုံးကုန်ပစ္စည်းများကြောင့် ဖြစ်ပေါ်နေသော ထိခိုက်နစ်နာမှုများအကြောင်းနှင့် ဦးစီးအရာရှိ ဒေါ်ဝေဝေနှင်းက စားသုံးရန်မသင့်သော အစားအစာများအကြောင်း သိကောင်းစရာများ၊ ဆိုးဆေးအန္တရာယ်နှင့် ဖော်မလင်အကြောင်းများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသူများ၏ သိရှိလိုသည်များ၊ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်များ၊ တိုင်ကြားမှုပုံစံနှင့် လက်ကမ်း စာစောင်များအား ကျောင်းအုပ်ကြီးထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောနန္ဒာမြင့် (တောင်ကြီး)**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူရေးရာ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၂)တွင် မတ်လ ၁၃ ရက်၌ ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးသို့ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖိတ်ကြားထားသူများ အပါအဝင် စုစုပေါင်း ၂၀ ဦးတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပုသိမ်ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွဲ့အနေဖြင့် စည်းလုံးညီညွတ်စွာနှင့် စားသုံးသူရေးရာကိစ္စများကို စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်သုံးစွဲနိုင်ရေးအတွက် မိမိလုပ်ငန်းတာဝန်များအပြင် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရပါသည်။ ထို့နောက် အဖွဲ့သည် နိုင်ငံခြားဆေးဆိုင်များသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ပြီး စားသုံးသူများဘေးအန္တရာယ်ဖြစ်စေနိုင်သော သက်တမ်းလွန်ဆေးဝါးများအား သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။

**မောင်ပုသိမ်**

# ကျောမြို့နှင့် ထီးလင်းမြို့ပေါ်ရှိ ကုန်စုံဆိုင်များတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ သက်တမ်းလွန်စားသောက်ကုန်များ ရောင်းချမှုရှိ/မရှိကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးသန်းဦးသည် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့်အတူ မတ် ၁၀ ရက်တွင် ကျောမြို့၊ အမှတ်(၁)(၂)(၃) ရပ်ကွက်ရှိကုန်စုံဆိုင်များတွင်လည်းကောင်း၊ မတ် ၁၁ ရက်တွင် ထီးလင်းမြို့နယ်၊ ရေမျက်နီကျေးရွာရှိ ကုန်စုံဆိုင်များတွင်လည်းကောင်း သက်တမ်းလွန်စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးနန္ဒအောင်၊ ထီးလင်းမြို့ တိုက်နယ်ဆရာဝန် ဒေါက်တာညီညီထွန်း၊ တိုင်းရင်းဆေးမှူး ဦးလှရွှေနှင့် မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့များသည် သက်တမ်းလွန်အမှတ် တံဆိပ်မပါသည့် စားသောက်ကုန်များနှင့် သက်တမ်းလွန် ယမ်းယမ်းခေါက်ဆွဲခြောက်များ၊ ကြာဆန်ထုပ်များ၊ ကိုကာကိုလာ အချိုရည်၊ Blue Mountain အချိုရည်၊ Rocker အချိုရည်၊ Sky Orange အချိုရည်စသည့် အအေးဗူးများ၊ တုတ်ထိုးချိုချဉ်များ၊ တိုင်းရင်းဆေးဝါးများ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုမရှိသည့် မြန်မာစာတမ်းမပါသော ရယ်ဒီမိတ်ကြက်သားဗူး၊ အမဲသားဗူးများ၊ ရောင်စုံပီကေ၊ ချိုချဉ်များ၊ ဘုတ်ဆုံမငရုတ်သီးမှုန့်များကို ရောင်းချနေသည်ကို တွေ့ရှိရသဖြင့် ပူးပေါင်းအဖွဲ့မှ သိမ်းဆည်းအရေးယူခဲ့ပါသည်။

အဆိုပါ သိမ်းဆည်းခဲ့သော စားသုံးရန်မသင့် စားသောက်ကုန်များမှာ ရန်ကုန်၊ မန္တလေး၊ ပခုက္ကူမြို့မှ ဝင်ရောက် လာသည်ဟုသိရှိရကြောင်း၊ စားသုံးသူ ပြည်သူများအနေဖြင့် ရယ်ဒီမိတ် အစားအစာများမှာ စားသုံးရန် လွယ်ကူပြီး ဈေးနှုန်းချိုသာသောကြောင့် ဖြစ်ကြောင်း၊ ရောင်းချသည့်ဆိုင်ပိုင်ရှင်များကိုလည်း မိမိတို့စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းကို တစ်လလျှင်တစ်ကြိမ် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိမ်းဆည်းခဲ့သည့် ကုန်ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် စားသုံးသူ မိဘပြည်သူများရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးသွားမည်ဖြစ်ကြောင်း၊ နောင်အချိန်တွင်လည်း ကုန်စုံဆိုင်များအား ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိပြီး စားသုံးသူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကိုသာ ရွေးချယ်ရောင်းချရန် အသိပညာပေးခဲ့ပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော အချက် ၁၀ ချက်ပါဝင်သည့် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြောင်းသတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

# ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်(၂)စီမံခန့်ခွဲရေးကော်မတီရုံးတွင် ဓာတုပစ္စည်းနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချ၊ သုံးစွဲသူများ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးရန်အတွက် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အစာအာဟာရသိပ္ပံနှင့် နည်းပညာအသင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ် လုပ်ငန်းရှင်များအသင်းတို့နှင့်ပူးပေါင်း၍ မတ်လ ၂၀ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၂)စီမံခန့်ခွဲရေးကော်မတီရုံး၌ စက်မှုဇုန်အတွင်းရှိ ဓာတုပစ္စည်း သိုလှောင်၊ သုံးစွဲ၊ ဖြန့်ဖြူးသည့် စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းများကို ဓာတုပစ္စည်းများနှင့်ပတ်သက်သည့် သိရှိလိုက်နာ ဆောင်ရွက်ရမည့်အချက်များအား အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၂) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုဝင်းက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပါ လူနှင့်တိရစ္ဆာန်များ အန္တရာယ်ကင်းစေရန် ဓာတုပစ္စည်းများ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်း၊ စနစ်တကျ သုံးစွဲခြင်းလုပ်ငန်းများ၊ အဆင့်အလိုက်လူကို အန္တရာယ်ဖြစ်စေနိုင်ခြင်း ပြဋ္ဌာန်းထားရှိမှုအခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံအစာအာဟာရသိပ္ပံနှင့် နည်းပညာအသင်းမှ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းကြည်က အစားအစာများ ဘေးအန္တရာယ်ကင်းစေရန်နှင့် အရည်အသွေးနိမ့်ကျနေသည့် အစားအစာများမဖြစ်စေရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော ဓာတုအန္တရာယ်ကင်းသော စားသောက်ကုန်ကြမ်းများ၊ ဖြည့်စွက်ပစ္စည်းများသာသုံးစွဲရန်နှင့် ထုတ်လုပ်ထုပ်ပိုးသည့် လုပ်ငန်းစဉ်တစ်ခုလုံးတွင် လိုက်နာရမည့်ဆောင်ရန်/ရှောင်ရန် နည်းလမ်းများ၏ အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များ အသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်မေလင်းက ဓာတုပစ္စည်းများကို လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်ပြုလုပ်ထားရန်၊ စနစ်တကျကိုင်တွယ်နိုင်ရေး သင်တန်းတက်ရောက်ရန်၊ အန္တရာယ်ရှိကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် အမှတ်တံဆိပ်အဖြစ် ရုပ်ပုံကားချပ်များကပ်၍ ဖော်ပြပေးရမည့် အခြေအနေများကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသည့် စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်၊ တားမြစ်ချက်၊ အရေးယူဆောင်ရွက်နိုင်မည့် ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူများမှ စားသောက်ကုန်ပစ္စည်းဝယ်ယူစားသုံးရာတွင် နစ်နာမှုရှိ၍ တိုင်ကြားလာလျှင် ဌာနအနေဖြင့် အဆင့်ဆင့်အရေးယူဆောင်ရွက်သည့် အခြေအနေ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချ၊ သုံးစွဲသူများအနေဖြင့် မိမိတို့ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လေ့လာခြင်း၊ ဌာနဆိုင်ရာများကို မေးမြန်းခြင်းများပြုလုပ်ပြီး လိုက်နာဆောင်ရွက်သွားရန်နှင့် စားသုံးသူများကို ဘေးဥပဒ်အန္တရာယ်မဖြစ်အောင် လုပ်ကိုင် ဆောင်ရွက်သွားရန်တို့ကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အစာအာဟာရသိပ္ပံနှင့် နည်းပညာအသင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၂)စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိ စားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းများ စုစုပေါင်း ၅၀ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။

**ခင်သီ (စားသုံးသူ)ရန်ကုန်**

# လွိုင်ကော်မြို့ လေးမိုင်အမှိုက်ကျင်း၌ သက်တမ်းလွန်၊ တားမြစ်စားသောက်ကုန်နှင့် သက်တမ်းလွန်ဆေးဝါးများ မီးရှို့ဖျက်ဆီး

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် မတ်လ ၂၂ရက်က ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ (၂/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ဈေးကွက်ကွင်းဆင်းစစ်ဆေးစဉ်က သိမ်းဆည်းခဲ့သော သက်တမ်းလွန် စားသောက်ကုန် ၅၈မျိုး(ခန့်မှန်းတန်ဖိုး ကျပ် ၄၉၃၁၀၀)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိမ်းဆည်းခဲ့သော သက်တမ်းလွန်ဆေးဝါးနှင့် မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ စုစုပေါင်း ၃၈ မျိုး (ခန့်မှန်းတန်ဖိုး ကျပ် ၃၀၈၈၁၀)၊ တားမြစ်စားသောက်ကုန် ၉ မျိုး(ခန့်မှန်းတန်ဖိုး ကျပ် ၄၈၉၀၀)နှင့် ဆေးဆိုင်လုပ်ငန်းရှင်တစ်ဦးမှအပ်နှံထားသော သက်တမ်းလွန်ဆေးဝါးများ(ခန့်မှန်းတန်ဖိုး ကျပ် ၃၀၀၀၀၀) စုစုပေါင်းတန်ဖိုး ကျပ် ၁၁၅၀၈၁၀ ရှိ ပစ္စည်းများကို မတ်လ ၂၂ ရက်က ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ဆေးဆိုင်လုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများဖြင့် လွိုင်ကော်မြို့ လေးမိုင်အမှိုက်ကျင်း၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

စာမျက်နှာ (၂၀) ➤➤➤ ကုန်သွယ်မှုကဏ္ဍမှ မွေးမြူရေးတောင်သူများ . . . . မှအဆက်

အား (၁၂) ဘီး ယာဉ် (၅) စီးဖြင့် ကသရ (မူဆယ်) ဇုန်မှ စစ်ဆေးခံပြီး တစ်ဖက်နိုင်ငံသို့တင်ပို့ရန် မြင်းခြံမြို့မှ မောင်းနှင်လာစဉ် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ ပင်ပေါက်ကျေးရွာအုပ်စု၊ ကျောက်ကုန်းကျေးရွာ နှင့် နောင်ပင်ကျေးရွာလမ်းခွဲအနီး မိုင်တိုင်အမှတ် (၈၉/၀) ခမမပည (KE-815745) နေရာ အရောက်တွင် ယာဉ်(၅)စီးအနက် တတိယ မြောက်ယာဉ်အား ရပ်တန့်စစ်ဆေးမှု မရှိဘဲ လမ်းဝဲဘက်ခြမ်းရှိ ပေ (၂၀)ခန့်အကွာ တောင်ကုန်းပေါ်မှ သကသအဖွဲ့ (စိစစ်ဆဲ)၊ အင်အား(၇/၈)ဦး ခန့်သည် လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်မှုကြောင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်မှာ ဒဏ်ရာပိုမိုရရှိခဲ့ပါတယ်။ ယာဉ် မောင်းနှင့် ကျွဲထိန်း (၂) ဦးတို့သည် ဝမ်းဗိုက်၊ ခြေ၊ လက်များ ထိမှန် ခဲ့ပြီး ယာဉ်ပေါ်ပါ ကျွဲ (၂၀) ကောင်သည်လည်း ဦးခေါင်း၊ မျက်စိ၊ ခြေ၊ လက်များ ထိမှန်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။

နောက်ထပ်ဖြစ်စဉ်တစ်ခုမှာ ၂၀၁၈ ခုနှစ် မတ်လ ၁၀ ရက်နေ့ ၁၀၃၀ နာရီချိန်ခန့်တွင် အောင်ဆန်းဝင်းကုမ္ပဏီမှ နွားအရှင် (၁၀၀) ကောင်အား(၁၂) ဘီးယာဉ်(၅) စီးဖြင့် ကသရ(မူဆယ်) ဇုန်မှ စစ်ဆေးခံပြီး တစ်ဖက်နိုင်ငံသို့တင်ပို့ရန် မုံရွာမြို့မှ မောင်းနှင်လာစဉ်မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ် နောင်ချို-ကျောက်မဲလမ်းပိုင်း ဂုတ်တွင်းအတက် မိုင်တိုင်အမှတ် (၉၇/၄) အနီး နောင်ပိန်ရွာနှင့် နားအိုက်ခန့်ရွာကြား ပင်တိန်ရွာလမ်းခွဲ ကျောက်တောင်ရှေ့အရောက်တွင် ယာဉ် (၅) စီးအနက် နောက်ဆုံးမှလိုက်ပါလာသော ယာဉ်အား ဆိုင်ကယ် (၁) စီးဖြင့် အရပ်ဝတ်လူ (၂) ဦးမှ ယာဉ်အား ရပ်တန့်ခိုင်းပြီး ယာဉ်ရပ်ပေးသည့်အချိန်တွင် ယာဉ်၏ ညာဘက်မှနေပြီး ဆာလာအိတ်အတွင်း ထည့်ယူသယ်ဆောင်လာသော လက်နက်ငယ်ဖြင့်ပစ်ခတ်ရာ ယာဉ်ဦးခေါင်းခန်းတွင်ပါရှိလာသော ယာဉ်မောင်းနှင့် ဇနီးနှစ်ဦးသေဆုံးပြီး ယာဉ်ဦးခေါင်းနောက်ခန်းရှိ ယာဉ်မောင်း၏သမီး ပခုံးထိမှန်ဒဏ်ရာရရှိခဲ့ပါတယ်။ ယာဉ်ခေါင်မိုးပေါ်မှ လိုက်ပါလာသော နွားထိန်းသည် ယာဉ်နောက်ပိုင်း နွားအုပ်ကြားသို့ ခုန်ဆင်းပုန်းခိုနေခြင်းကြောင့် ယာဉ်ကိုယ်ထည်အား ပစ်ခတ်ရာလူ ထိခိုက်မှုမရှိဘဲ နွား (၂) ကောင်သေဆုံးမှုသည် ကျွဲ၊ နွားသယ်ယူပို့ဆောင်ရောင်းချမှုသမိုင်းမှာ အဆိုးရွားဆုံး ဖြစ်စဉ်ဖြစ်ပွားခဲ့ပါတယ်။

ထိုသို့တစ်ဖက်နိုင်ငံသို့ကျွဲ၊ နွား (အရှင်) များ တရားဝင်လမ်းကြောင်းဖြင့် တင်ပို့သွားလာနေမှုအပေါ် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းကြောင်းတစ်လျှောက်ရှိ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့မှ ဆက်ကြေးကောက်ခံခြင်း၊ တားဆီးနှောင့်ယှက်ခြင်းများကို ကုန်သည်လုပ်ငန်းရှင်များမှ မကြာခဏကြုံတွေ့နေရပါတယ်။ ဒီလိုဖြစ်ပျက်နေမှုတွေကို ဘယ်လိုဖြေရှင်းရင် အကောင်းဆုံးဖြစ်မလဲဆိုတာကို ဝိုင်းဝန်းစဉ်းစားပေးဖို့လိုပါတယ်။

ကျွဲ၊ နွား (အရှင်)များအား တရားဝင်တင်ပို့ခွင့်ပြုခဲ့တဲ့ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၁၈ ခုနှစ် မတ်လ ၂၀ ရက်နေ့အထိ ကျွဲ(အရှင်) ကောင်ရေ ၂၅၅၉ ကောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂၇ သန်း၊ နွား(အရှင်) ကောင်ရေ ၂၀၉၄၇ ကောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၃၆ သန်း တင်ပို့နိုင်ခဲ့တာကို ကြည့်ခြင်းအားဖြင့် ကုန်သွယ်မှုကဏ္ဍ ပိုမိုတိုးတက်ရေးကို များစွာ အထောက်အကူ ဖြစ်စေတာကို တွေ့ရှိရပါတယ်။ ကျွဲ၊ နွား (အရှင်) တင်ပို့တဲ့ တရားဝင်ဈေးကွက်ဖြစ်ထွန်းလာပါက နိုင်ငံတော် အခွန် အခများရရှိပြီး စီးပွားရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၊ ယာဉ်မောင်းများနှင့် လုပ်ငန်းအပေါ် မှီခိုနေကြရတဲ့ အများပြည်သူအတွက် အကျိုးဖြစ်ထွန်းမှုတွေက အသီးသီးရရှိနေကြပြီဖြစ်ပါတယ်။

ကျွဲ၊ နွား (အရှင်) တင်ပို့ရောင်းချခြင်းလုပ်ငန်းကို တရားမဝင်မှောင်ခိုလုပ်ငန်းအဖြစ်ကနေ တရားဝင် တင်ပို့ရောင်းချနိုင်ရေးအတွက် Policy Maker များမှ လမ်းကြောင်းမှန် ဖော်ဆောင်ပေးပြီးနောက်မှာတော့ တရုတ်နိုင်ငံကုန်သည် ဝယ်လက်များကလည်းလိုချင်၊ မိမိတို့ ဆီမှတောင်သူများကလည်း ဈေးကောင်းရရှိလာလို့ရောင်းချင်၊ ဒေသစုံမှ ဝင်ရောက်လုပ်ကိုင်လာကြတဲ့ ကုန်သည်လုပ်ငန်းရှင်များကလည်း ထိုက်သင့်တဲ့အကျိုးအမြတ်ရရှိလို့ လုပ်ချင်၊ အောက်ခြေသက်ဆိုင်ရာဌာနများကလည်း ပို့ကုန်တိုးမြှင့်နိုင်ရေး အမယ်သစ်ပို့ကုန်တစ်မျိုးတိုးလာလို့ ဝိုင်းဝန်းဆောင်ရွက်ပေးချင်ကြတာကို တွေ့မြင်နေရလို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မယ့် လုပ်ငန်းတစ်ခုအဖြစ်လည်း တွေ့မြင်နေရပြီဖြစ်ပါတယ်။

သို့သော်လည်း မိမိနိုင်ငံမှ တရားဝင် တင်ပို့ခွင့်ပြုခဲ့သလို တစ်ဖက်နိုင်ငံမှလည်း တရားဝင် ဝယ်ယူတင်သွင်းခွင့်ပြုရေး၊ တိရစ္ဆာန်များ ကျန်းမာရေးထောက်ခံချက်လက်မှတ် ထုတ်ပေးရေးပိုမိုမြန်ဆန်စွာ စစ်ဆေးဆောင်ရွက်ပေးရန်နှင့် AQS များပြည့်စုံစွာ တည်ဆောက်ပေးနိုင်ရေး တရားဝင်တင်ပို့ရန် စာရွက်စာတမ်းစုံလင်စွာနှင့် ထွက်ခွာလာသော်လည်း သယ်ယူရာ လမ်းကြောင်းတစ်လျှောက် ယခင်ကလို မှောင်ခိုသွားမှာလားဆိုသည့် သံသယနှင့်ဆောင်ရွက်သော အကျင့်ပျက်ဝန်ထမ်း အချို့ကြောင့် အချိန်ကြန့်ကြာမှုများ လျှော့ချနိုင်ရေး၊ ဒေသတည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် တရားဝင် သွားသွား၊ တရားမဝင် သွားသွား လာထားဆိုသည့် အကြမ်းဖက်အဖွဲ့အစည်းများအား ပေးကမ်းရသည့် ကုန်ကျစရိတ်များလျှော့ချနိုင်ရေး၊ ကျွဲ၊ နွားတင်ပို့ ရောင်းချမှုလုပ်ငန်းများ လုံခြုံမှုနှင့် မြန်ဆန်မှုရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် ကျွဲ၊ နွားတင်ပို့ရောင်းချသူအသင်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ မိမိနိုင်ငံဘက်တွင် ဈေးကွက် ဖြစ်ထွန်းလာစေရေး၊ ငွေပေးချေမှုစနစ်များ ခိုင်မာမှုရှိစေရေးစသည့် ရေးပေါင်းများစွာကတော့ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ရဦးမည်ဖြစ်ပေသည်။

ကျွဲ၊ နွား(အရှင်)များအား ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့ခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင်တင်ပို့နေမှုများ ပပျောက်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များရရှိခြင်း၊ တိရစ္ဆာန်ရောဂါများကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ခြင်း၊ ကျွဲ၊ နွား (အရှင်)များ ကုန်သွယ်ရောင်းဝယ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုများပြားလာခြင်း၊ ကျွဲ၊ နွား စီးပွားဖြစ် မွေးမြူရေးခြံများ ထူထောင်လာကြခြင်း၊ ကျေးလက်နေတောင်သူများလည်း တောင်သူလုပ်ငန်းနှင့် တွဲဖက်၍ တစ်နိုင်တစ်ပိုင်မွေးမြူမှု ပိုမိုများပြားလာနိုင်ခြင်း၊ မိမိနိုင်ငံအတွင်း တရားဝင်ဈေးကွက်ဖော်ဆောင်နိုင်ခြင်းကြောင့် ရသင့်ရထိုက်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာပြီး မြန်မာနိုင်ငံ၏ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။



# မက်ဆီထက် ဝင်ငွေယူရိုတစ်သန်း ပို၍လိုချင်ကြောင်း ရိုနယ်ဒိုဖွင့်ဟ

ရီးရဲလ်မက်ဒရစ်အသင်း၏ တောင်ပံတိုက်စစ်ကစားသမား ရိုနယ်ဒိုက မိမိအနေဖြင့် ဘာစီလိုနာမှ မက်ဆီထက်ဝင်ငွေ ယူရိုတစ်သန်း ပို၍လိုချင်ကြောင်း ဖွင့်ဟပြောဆိုလိုက်သည်။

ကမ္ဘာ့ဘောလုံးလောကတွင် ဝင်ငွေအမြင့်ဆုံး ကစားသမားတစ်ဦးအဖြစ် ရပ်တည်လိုကြောင်း ရိုနယ်ဒိုက ပြောကြားခဲ့ခြင်းဖြစ်သည်။ ရိုနယ်ဒိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းတိုး ချုပ်ဆိုထားပြီးဖြစ်သော်လည်း ပီအက်စ်ဂျီ ကစားသမား နေမာနှင့် ဘာစီလိုနာကစားသမား မက်ဆီတို့၏ ဝင်ငွေကိုလိုက်မီခြင်းမရှိသေးကြောင်း သိရသည်။



# နေမာကိုပြန်ခေါ်ပါက ဘာစီလိုနာမှာ ရီးရဲလ်ထက် ပိုကောင်းမည်ဟု အင်နီယေစတာ ပြောကြား

ဘာစီလိုနာအသင်း၏ ကွင်းလယ်ကစားသမား အင်နီယေစတာက နေမာကိုသာ ပြန်လည်ခေါ်ယူနိုင်မည်ဆိုပါက ဘာစီလိုနာအသင်းမှာ ရီးရဲလ်မက်ဒရစ်အသင်းထက် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဘာစီလိုနာအသင်းမှ ပြောင်းရွှေ့သွားခဲ့သည့် နေမာသည် ပီအက်စ်ဂျီအသင်းတွင်ပျော်ရွှင်မှုမရှိဘဲ စပိန်မြေသို့ပြန်လာရန် ကြိုးစားနေကြောင်း သိရသည်။ နေမာကို ခေါ်ယူနိုင်ရေးအတွက် ရီးရဲလ်မက်ဒရစ်အသင်းက ကြိုးစားမှုများရှိနေသော်လည်း ၎င်းကစားသမားက အသင်းဟောင်း ဘာစီလိုနာတွင်သာ ပြန်လည်ကစားလိုကြောင်း ဖွင့်ဟမှုများရှိလာသည်။

အင်နီယေစတာက' အရိုးသားဆုံးပြောရရင် နေမာရဲ့အနာဂတ်က ဘာဖြစ်လာမလဲဆိုတာ မသိသေးပါဘူး။ လတ်တလော ကြားနေရတဲ့ သတင်းတွေအရဆိုရင် သူဟာ ပီအက်စ်ဂျီအသင်းမှာ ပျော်ရွှင်မှုမရှိဘဲ ဘာစီလိုနာအသင်းကို ပြန်လာချင်တယ်လို့ အသံတွေကြားနေရတယ်။ ဒါပေမဲ့ သူ့ကိုခေါ်ယူလိုတဲ့အသင်းတွေက များနေပါတယ်။ ရီးရဲလ်မက်ဒရစ်၊ မန်ယူ၊ မန်စီးတီး စတဲ့အသင်းကြီးတွေရဲ့ စိတ်ဝင်စားမှုကို ခံနေရတဲ့ အခြေအနေမျိုးမှာ ဘာစီလိုနာကို ပြန်ရောက်လာခဲ့မယ်ဆိုရင်တော့ အကောင်းဆုံးပါပဲ။ နေမာသာ ဘာစီလိုနာကို ပြန်လာခဲ့မယ်ဆိုရင် ကျွန်တော်တို့အသင်းဟာ ရီးရဲလ်မက်ဒရစ် အသင်းထက်သာမက ကမ္ဘာ့အကောင်းဆုံး အသင်းတစ်သင်းအဖြစ် ဆက်လက်ရပ်တည်နိုင်ဖို့ရှိနေပါတယ်'ဟု ပြောကြားခဲ့သည်။

ဟန်နေသစ် စုစည်းသည်

## အပြောင်းအရွှေ့သတင်းများ

- **မန်ယူအသင်းသည် ပီအက်စ်ဂျီ ကစားသမား နေမာကို ပေါင်သန်း ၂၆၀ ပေး၍ ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။**
- ဘိုင်ယန်မြူးနစ် အသင်းသည် အသင်းမှ တိုက်စစ်မှူး လီဝန်ဒေါ်စကီး ထွက်ခွာသွားပါက စပါးတိုက်စစ်မှူး ဟယ်ရီကိန်းနှင့် အစားထိုးရန် အဆင်အသင့်ဖြစ်နေကြောင်း သိရသည်။
- **မန်ယူ တောင်ပံကစားသမား ရက်ချ်ဖို့ဒ်သည် ရီးရဲလ်မက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ကစားရန် ရည်မှန်းနေကြောင်း သိရသည်။**
- စပါးအသင်းသည် ဝက်စ်ဘရွန်း နောက်ခံကစားသမား ဂျွန်နီအီဗန် ကို ခေါ်ယူရန်ကမ်းလှမ်းမှုများ ပြုလုပ်နေကြောင်း သိရသည်။

## အင်္ဂလန်အမျိုးသမီးဘောလုံးအသင်း ကမ္ဘာ့အဆင့်(၂)တွင် ရပ်တည်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ ထုတ်ပြန်လိုက်သည့် အမျိုးသမီးဘောလုံးအသင်း ကမ္ဘာ့အဆင့်ရပ်တည်မှုတွင် အင်္ဂလန်အမျိုးသမီး ဘောလုံးအသင်းသည် အဆင့်(၂) နေရာတွင် ရပ်တည်လာနိုင်ခဲ့သည်။ အင်္ဂလန် အမျိုးသမီး ဘောလုံးအသင်းသည် ပြင်သစ်၊ ဂျာမနီနှင့် ကနေဒါတို့ကို ကျော်ဖြတ်ပြီး အဆင့် (၂) နေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးဘောလုံးအသင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် (၁)နေရာ၌ အမေရိကန်အသင်းက ရပ်တည်နေပြီး အင်္ဂလန်၊ ဂျာမနီ၊ ကနေဒါ၊ ပြင်သစ်၊ သြစတြေးလျ၊ နယ်သာလန်၊ ဘရာဇီး၊ ဆွီဒင်နှင့် မြောက်ကိုရီးယားတို့မှာ အစဉ်အလိုက်ရပ်တည်နေကြသည်။



# ပိုကောင်းသည့် အသင်းကို ပြောင်းရွှေ့ခဲ့ဟု ဆန်းချက်ဇ်ဆို



မန်ယူအသင်းကစားသမား ဆန်းချက်ဇ်က မိမိအနေဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့ရခြင်းမှာ ပိုကောင်းသည့် အသင်းကို ပြောင်းရွှေ့လာခဲ့ခြင်းပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဆန်းချက်ဇ်သည် မန်ယူအသင်းသို့ ရောက်ရှိလာချိန်တွင် ပုံမှန်ပွဲထွက်ခွင့် ရရှိခဲ့သော်လည်း ပုံမှန်ခြေစွမ်းပျောက်ဆုံးကာ ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရသူဖြစ်သည်။ ဆန်းချက်ဇ်သည် မန်ယူအသင်းအတွက် တစ်ဂိုးသာသွင်းပေးထားနိုင်ပြီး ဘောလုံးဆုံးရှုံးမှု အများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်နေသည်။

ဆန်းချက်ဇ်က 'ကျွန်တော် မန်ယူအသင်းမှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီအချိန်မှာ ကျွန်တော့်အတွက် ဂိုးတစ်ဂိုးတစ်ဂိုးရဖို့ကို ခက်ခက်ခဲခဲ ရုန်းကန်နေရပါတယ်။ ဒါပေမဲ့ ပိုကောင်းတဲ့ အသင်းကိုပြောင်းရွှေ့ခဲ့တာဖြစ်တဲ့အတွက်ကြောင့် အခက်အခဲတွေကို အကောင်းဆုံးကျော်ဖြတ်ပြီး ပုံမှန်ခြေစွမ်းရရှိနိုင်ဖို့ ကျွန်တော်အစွမ်းကုန်ကြိုးစားသွားမှာပါ' ဟု ပြောကြားခဲ့သည်။

## ဂလက်ဇီသို့ပြောင်းရန် အဆင်သင့်ဖြစ်နေကြောင်း

# မိုဗစ်ဖွင့်ဟ



မန်ယူအသင်းတိုက်စစ်မှူး အီဘရာဟီမိုဗစ်က မိမိအနေဖြင့် အယ်လ်အေဂလက်ဇီအသင်းသို့ ပြောင်းရွှေ့ကစားရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း မတ်၂၃ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

အိုးထရက်ဖို့ဒ်သို့ တိုက်စစ်မှူး လူကာကူ ရောက်ရှိလာပြီးနောက်တွင် မိုဗစ်မှာအသင်း၏ပထမပွဲထွက် လူစာရင်းမှချန်လှပ်ခံရသည့်အပြင် ၎င်းကစားသမားမှာ ဒဏ်ရာပြဿနာများလည်း မကြာခဏကြုံတွေ့နေရခြင်းဖြစ်သည်။

'ကျွန်တော် မန်ယူကထွက်ခွာဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော်က အမြဲတမ်းဘောလုံးကစားချင်နေသူပါ။ တစ်ခါတလေမှ ဝင်ကစားရတာကို ကျွန်တော်မနှစ်သက်ပါဘူး။ ဘောလုံးဟာ ကျွန်တော့်ဘဝပါ။ဒါကြောင့် ကျွန်တော်အသင်းပြောင်းဖို့ စီစဉ်နေတာပါ' ဟု မိုဗစ်က LA Times သို့ပြောကြားခဲ့သည်။

မိုဗစ်က မိမိအနေဖြင့် ဘောလုံးကစားခြင်းဖြင့် ပရိသတ်ကို ပျော်ရွှင်စေလိုကြောင်း၊ အောင်မြင်မှုများကိုလည်း ရယူလိုသဖြင့် အယ်လ်အေဂလက်ဇီအသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း ထပ်မံပြောဆိုခဲ့သည်။ အယ်လ်အေဂလက်ဇီအသင်းကလည်း မိုဗစ်အတွက် ဂျာစီများကိုပင် အဆင်သင့်ပြင်ထားပြီးဖြစ်ကြောင်းနှင့် မိုဗစ်ကို လော့စ်အိန်ဂျလိဂ်စ်မှ ကြိုဆိုကြောင်း LA Times တွင်ဖော်ပြထားသည်။

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ



| ရွှေစင်ဦး |

**ယခင်တစ်ပတ်မှအဆက်**

### ၂။ ဥရောပသမဂ္ဂ (အီးယူ)၏ အထူးကုန်သွယ်မှုကင်းလွတ်ခွင့်

#### ၂၊၁။ အဓိကအကြောင်းအရာ

EU သည် အထူးကုန်သွယ်မှု ကင်းလွတ်ခွင့် (GSP) ကို ၁၉၇၁ ခုနှစ်မှစ၍ ကျင့်သုံးခဲ့သည်။ EU GSP သည် ဖွံ့ဖြိုးဆဲနိုင်ငံ ၉၂ နိုင်ငံ (အချို့နိုင်ငံများသည် မကြာသေးမီနှစ်များအတွင်း GSP ခံစားခွင့် ရရှိထားသော်လည်း) ကို အီးယူ ဈေးကွက်သို့ ဝင်ရောက်ရန် အပြန်အလှန် ကျင့်သုံးရန်မလိုသည့် အထူးအခွင့်အရေး ပေးအပ်ထားသည်။ GSP ပေးအပ် ခြင်း၏ အဓိကဦးတည်ချက်မှာ ဆင်းရဲမွဲတေမှုကို လျှော့ချရာ၌ အထောက်အကူပြုစေရန်နှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုတို့ကို မြှင့်တင်ပေးရန်ဖြစ်သည်။

လက်ရှိကျင့်သုံးနေသော စီမံကိန်းသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်အကျုံးဝင်မည်ဖြစ်ပြီး၊ အဆိုပါစီမံကိန်းသည် သက်တမ်းဆယ်နှစ် ကြာမြင့်မည်ဖြစ်သည်။ သက်တမ်းပြည့်ပြီးနောက် အဆိုပါစီမံကိန်းကို ဆက်လက်အသုံးပြုမည်ဆိုပါက ပြောင်းလဲမှု အနည်းငယ်ရှိလာနိုင်မည်ဖြစ်သည်။ သို့သော် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် EBA စီမံကိန်းအတွက်ကိုမူ သင့်တော်သည့် သက်တမ်း သတ်မှတ်ရန် မဆုံးဖြတ်ရသေးပေ။

ဤသို့ ပြင်ဆင်ပြောင်းလဲထားသည့် GSP ဥပဒေ၏ အဓိက ရည်ရွယ်ချက်မှာ -

(၁) GSP အထူးကုန်သွယ်မှု အခွင့်အရေးများကို အလိုအပ်ဆုံးနိုင်ငံများအတွက် အာရုံစိုက်နိုင်ရန်ဖြစ်သည်။ GSP ကို မလိုအပ်သည့် နိုင်ငံများစွာတို့သည် ထိုအစီအစဉ်၏ အကျိုးမခံစားရတော့ဘဲ ပိုမိုပြိုင်ဆိုင်နိုင်စွမ်း ရှိလာစေရန်။

(၂) အဓိကလူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးများ၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု စံသတ်မှတ်ချက်များအပေါ် လေးစားလိုက်နာမှုများအတွက် မက်လုံးများကို GSP+ အစီအစဉ်များမှတစ်ဆင့် ပိုမိုခိုင်မာအားကောင်းလာစေရန်။

(၃) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် ကုန်သွယ်မှုဆိုင်ရာ လျော့ပေါ့လိုက်လျောမှုများအား 'လက်နက်မှလွဲ၍ အရာရာတိုင်း' အစီအစဉ်ဖြင့် ပိုမိုခိုင်မာလာစေရန်၊ GSP ခံစားခွင့်ရှိသူ ဦးရေကို လျှော့ချခြင်းဖြင့် ပြိုင်ဆိုင်ရသည့် ဖိအားကို လျှော့ချနိုင်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အကောက်ခွန်သက်သာခွင့်များကို ပိုမိုအဓိပ္ပာယ်ရှိစေရန်။

(၄) ကြိုတင်ခန့်မှန်းနိုင်စွမ်း၊ ပွင့်လင်းမြင်သာမှုနှင့် တည်ငြိမ်မှုကို တိုးမြှင့်ရန်။ (အပိုင်း(၅)ကိုရှု)

> တဖက်သတ်အကောက်ခွန်သက်သာခွင့်ကင်းလွတ်ခွင့်များပြုခဲ့သော ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်တွင် ထုတ်ပြန်သည့် ဥရောပ ပါလီမန်နှင့် ကောင်စီ၏ စည်းမျဉ်းစည်းကမ်း (EU) No.978/2012

အစီအစဉ်တွင် အဓိကအစိတ်အပိုင်း သုံးခုပါဝင်သည်။

- ပုံမှန် GSP အစီအစဉ် - ၎င်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အခွန်များကို အများအပြား လျှော့ချပေးသည်။ လက်တွေ့အားဖြင့် ၎င်းသည် ကုန်ပစ္စည်းအမျိုးအစားအားလုံးအနက် သုံးပုံနှစ်ပုံကို အခွန်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝလျှော့ချခြင်းဖြစ်သည်။ ပုံမှန် GSP စီမံကိန်းတွင် (ဥပမာ- ဆန်စပါး၊ ငှက်ပျောသီး၊ သကြား) အဓိက ထုတ်ကုန်များစွာ အထူးသဖြင့် စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းများကို ခြုံငုံမိခြင်းမရှိပါ။
- GSP + အစီအစဉ်တွင် တိုးမြှင့်ထားသည့် အထူးအခွင့်အရေးများက ယေဘုယျ အစီအစဉ်တွင် အကျုံးဝင်သည့် ကုန်ပစ္စည်းအမျိုးအစားများအတွက် အခွန်အတုပ်များကို အပြည့်အဝ ဖယ်ရှားပေးသည်။ ၎င်းတို့ကို လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးများ ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုတို့နှင့် သက်ဆိုင်သည့် နိုင်ငံတကာသဘောတူညီချက်များကို အတည်ပြု အကောင်အထည်ဖော်သည့် နိုင်ငံများသို့ ချီးမြှင့်ခြင်းဖြစ်သည်။
- ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် လက်နက်မှလွဲ၍ အရာရာတိုင်း (EBA) အစီအစဉ်သည် လက်နက်နှင့် ခဲယမ်းမီးကျောက်များမှလွဲ၍ ကုန်ပစ္စည်းအားလုံးအတွက် အကောက်ခွန်ကင်းလွတ်ပြီး ခွဲတမ်းသတ်မှတ်ချက်မရှိသည့် အစီအစဉ်ဖြစ်သည်။

ယေဘုယျ GSP နှင့် GSP + အစီအစဉ်များတွင် အထူးအခွန်ကင်းလွတ်ခွင့်များသည် အကောက်ခွန်ကင်းလွတ်ခွင့် ပုံစံဖြင့်ဖြစ်စေ၊ အခြားကောက်ခံနိုင်သည့် စံသတ်မှတ်အကောက်ခွန်နှုန်းများကို လျှော့ချခြင်းပုံစံဖြင့်ဖြစ်စေ တည်ရှိပြီး အကြမ်းအားဖြင့် အခွန်အတုပ်လိုင်း ၆၆ ရာခိုင်နှုန်း အကျုံးဝင်လျက်ရှိသည်။ (ဂဏန်းရှစ်လုံးအဆင့်ရှိ ဥရောပသမဂ္ဂအကောက်ခွန် သင်္ကေတ (သင်္ကေတ-ကောင်စီဆုံးဖြတ်ချက် (EU) No.952/2013)။ အခွန်ကောက်ခံမှု၏ ၉ ရာခိုင်နှုန်းသည် အဆိုပါ အစီအစဉ်ဖြင့် မသက်ဆိုင်ကြောင်းနှင့် အခွင့်အရေးအများဆုံးရရှိသော နိုင်ငံများတွင် အခွန်ကောက်ခံမှု၏ ၂၅ ရာခိုင်နှုန်းသည် အဆိုပါ GSP အစီအစဉ်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ဆိုလိုခြင်းဖြစ်သည်။

လက်နက်မှလွဲ၍ အရာရာတိုင်း အစီအစဉ်အရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသည် EU ဈေးကွက်သို့ ဝင်ရောက်ရာတွင် (လက်နက်၊ ခဲယမ်းမီးကျောက်မှလွဲ၍) အကောက်ခွန်ကင်းလွတ်ခွင့်နှင့် ခွဲတမ်းကင်းလွတ်ခွင့်ကို ခံစားခွင့်ရှိသည်။ ဆိုလိုသည်မှာ အကောက်ခွန်လိုင်းများ၏ ၉၉ ဒသမ ၈ ရာခိုင်နှုန်း အကျုံးဝင်ခြင်းဖြစ်သည်။ အခြား GSP အစီအစဉ်များနှင့် မတူသည့်အချက်မှာ EBA သည် အချိန်ကန့်သတ်ချက်မရှိ ဖွင့်ပေးထားခြင်းဖြစ်သည်။

#### ၂၊၂။ မြန်မာနိုင်ငံနှင့် EU GSP

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ စာရင်းတွင် ပါဝင်နေသည်။ ထို့ကြောင့် မူအားဖြင့် EU ၏ လက်နက်မှလွဲ၍ အရာရာတိုင်း အစပြုလုပ်ဆောင်ချက်မှ အကျိုးခံစားခွင့်ရရှိရန် အရည်အချင်းပြည့်မီနေသည်။ အာဆီယံဒေသတွင်းရှိ နိုင်ငံများအနက် လာအိုနှင့် ကမ္ဘောဒီးယားတို့သာ မြန်မာနည်းတူ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအဆင့်တွင် ရှိနေပြီး အခြားအိမ်နီးချင်းနိုင်ငံများအနက် ဘင်္ဂလားဒေ့ရှ်တစ်နိုင်ငံတည်းသာ EBA မှ အကျိုးခံစားရသည်။ အီးယူတွင် လူဦးရေစုစုပေါင်း သန်းငါးရာခန့်ရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ပေါင်းစည်းဈေးကွက်တစ်ခုဖြစ်သည်။ အီးယူအဖွဲ့ဝင် ၂၈ နိုင်ငံကို အကောက်ခွန်ဆိုင်ရာ သမဂ္ဂဖြင့် ချိတ်ဆက်ထားသည်။ ဆိုလိုသည်မှာ အီးယူသည် ပြင်ပမှ ကုန်ပစ္စည်းများအား အကောက်ခွန်ကောက်ခံမှုစနစ်ကို တစ်ပြေးညီဆောင်ရွက်ထားသည့် တစ်ခုတည်းသော အကောက်ခွန် နယ်မြေဖြစ်သည်။ ထို့ကြောင့် EU GSP ကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးတွင် ပုံစံတစ်မျိုးတည်းဖြင့် ကျင့်သုံးကြသည်ဟုလည်း အဓိပ္ပါယ်ရသည်။ အီးယူဈေးကွက်သည် မြန်မာနိုင်ငံအတွက် ကြီးမားသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ တစ်ဖက်တွင်မူ မြန်မာနိုင်ငံသည် ၎င်း၏ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ အဆင့်အတန်း၊ လုပ်အားခချိုသာခြင်း၊ နိုင်ငံရေးအရ တိုးတက်မှုရှိလာခြင်းနှင့် စီးပွားရေးတစ်ဟုန်ထိုးဖွံ့ဖြိုးလာစေရန် မျှော်လင့်ထားကြခြင်းတို့ကြောင့် အီးယူထံမှ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မှုအားကောင်းနေသည်။

မြန်မာနိုင်ငံကို အီးယူက စည်းမျဉ်းစည်းကမ်း (EC) No 3218/94 ၏ အပိုဒ် ၉ နှင့် စည်းမျဉ်းစည်းကမ်း (EC) No. 1256/96 ၏ အပိုဒ် ၉ အရ GSP နိုင်ငံများစာရင်းမှ ၁၉၉၇ ခုနှစ်တွင် ဖယ်ရှားခဲ့သည်။ (ကောင်စီစည်းမျဉ်းစည်းကမ်း 552/97)။ ထိုအပိုဒ်များက အိုင်အယ်လ်အို ကွန်ဗင်းရှင်း အမှတ် ၂၉ နှင့် ၁၀၅ တွင် သတ်မှတ်ထားသည့်အတိုင်း မည်သည့်ပုံစံဖြင့် ဖြစ်စေ ဆိုးဆိုးရွားရွားနှင့် စနစ်တကျ အဓမ္မစေခိုင်းသည့် အခြေအနေများတွင် အထူးအခွင့်အရေးများကို ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပွားပြီး နောက်ပိုင်း မြန်မာနိုင်ငံတွင် အဓမ္မစေခိုင်းမှုပပျောက်စေရေးနှင့် ပတ်သက်၍ တိုးတက်မှုများရှိကြောင်း အိုင်အယ်လ်အိုက အပြုသဘောဆောင် အကဲဖြတ်ချက်အပေါ် အခြေခံလျက် ဥရောပကော်မရှင်သည် မြန်မာနိုင်ငံကို ကုန်သွယ်ရေး အထူး အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၂ ရက်က အဆိုပြုတင်ပြခဲ့ပြီး သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းအဆိုပြုလွှာကို အတည်ပြုနိုင်ရန် ဝန်ကြီးများကောင်စီနှင့် ဥရောပပါလီမန်သို့ တင်ပြခဲ့သည်။ ၎င်းစည်းမျဉ်းစည်းကမ်းကို အီးယူ၏ တရားဝင်ဂျာနယ်တွင် ၂၀၁၃ ခုနှစ် ဇွန် ၂၉ ရက်၌ ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၁၃ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် စတင်သက်ရောက်ခဲ့သည်။ သို့သော်လည်း ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးများသည် ၂၀၁၂ ခုနှစ် ဇွန် ၁၃ ရက်မှစ၍ နောက်ကြောင်းပြန်သက်ရောက်မည် ဖြစ်ပြီး ထိုရက်မှာ အိုင်အယ်လ်အို ညီလာခံက မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြုသဘော ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့်နေ့ ဖြစ်သည်။

(ကိုးကား။ ဥရောပသမဂ္ဂ၏အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာ ထူးခြားဖြစ်စဉ်ပြောင်းလဲမှုများနှင့် နိုင်ငံအသီးသီးမှ WTO သတ်မှတ်ချက်နှင့်အညီ လိုက်ပါဆောင်ရွက်မှုများ

**ညီညီအောင် (WTO သံမှူး)**

**(ယခင်တစ်ပတ်မှအဆက်)**

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရှိ Dispute Settlement Body ၏ ၂၀၁၈ ခုနှစ်အတွက် ဥက္ကဋ္ဌတာဝန် အပြောင်းအလဲ**

Dispute Settlement Body (DSB) ၏ ဥက္ကဋ္ဌနေရာသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ဖွဲ့စည်းထားသော ကောင်စီ၊ ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ ဥက္ကဋ္ဌနေရာများအနက် General Council ၏ ဥက္ကဋ္ဌနေရာပြီးလျှင် ဒုတိယအရေးပါဆုံးသော Post တစ်ခုဖြစ်ပါသည်။ အစဉ်အလာအားဖြင့် Dispute Settlement Body (DSB) ၏ ဥက္ကဋ္ဌနေရာအား တစ်နှစ်ထမ်းဆောင်ပြီးပါက နောက်နှစ်အတွက် General Council ၏ ဥက္ကဋ္ဌနေရာသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ အလိုအလျောက် ရွေးချယ်တာဝန်ပေးအပ်ပါသည်။

၂၀၁၈ ခုနှစ်အတွက် Dispute Settlement Body (DSB) ၏ ဥက္ကဋ္ဌတာဝန်အား အလှည့်ကျအားဖြင့် အာရှ-ပစိဖိတ်အုပ်စုမှ တာဝန်ယူရမည်ဟု သိရှိရပါသည်။ ၂၀၁၈ ခုနှစ်အတွက် Dispute Settlement Body (DSB) ၏ ဥက္ကဋ္ဌတာဝန်မှာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စိတ်ဝင်စားမှုများပြားပြီး အုပ်စုများအကြား ယှဉ်ပြိုင်မှု ပြင်းထန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၂၀၁၈ ခုနှစ်အတွက် Dispute Settlement Body (DSB)၏ဥက္ကဋ္ဌသည် ၂၀၁၉ ခုနှစ်အတွက် General Council ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင် ရမည်ဖြစ်ရာ ၎င်းသည် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် (၁၂) ကြိမ် မြောက် ဝန်ကြီးအဆင့် ညီလာခံ အစည်းအဝေးအတွက် အဓိက ဦးဆောင် ကြိုတင်ပြင်ဆင်ရမည့် တာဝန်ရှိပါသည်။

၂၀၁၈ ခုနှစ် DSB ဥက္ကဋ္ဌနေရာအတွက် အာရှ - ပစိဖိတ် အုပ်စုမှ ဝင်ရောက်ရွေးချယ်ခံခဲ့သူများမှာ ထိုင်းနိုင်ငံမှ H.E. Ms. Sunanta Kangvalkulkij ၊ ဟောင်ကောင်မှ H.E. Ms. Irene YOUNG ၊ ကာဇက်စတန်နိုင်ငံမှ H.E.Mrs.Zhanar AITZHANOVA၊ ဆော်ဒီအာရေးဘီးယားနိုင်ငံမှ H.E. Mr. Saleh ALHUSSEINI တို့ဖြစ်ပါသည်။

ဟောင်ကောင်မှ H.E. Ms. Irene YOUNG သည် ၂၀၁၆ ခုနှစ်တွင် Trade Policy Review Body ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် Council for TRIPS ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အတွေ့အကြုံအများဆုံးရှိသူဖြစ်ပါသည်။

ကာဇက်စတန်မှ Ambassador Zhanar AITZHANOVA သည် ၂၀၁၇ ခုနှစ်တွင် Committee on Trade and Environment ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုင်း WTO အဖွဲ့ရုံး၏ အမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီးဖြစ်သူ H.E. Ms. Sunanta Kangvalkulkij နှင့် ဆော်ဒီ WTO အဖွဲ့ရုံး၏ အမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီးဖြစ်သူ H.E. Mr. Saleh ALHUSSEINI တို့ သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကောင်စီ၊ ကော်မတီနှင့် လုပ်ငန်း အဖွဲ့များ၏ ဥက္ကဋ္ဌနေရာများတွင် ပထမဆုံးအကြိမ် ဝင်ရောက် ရွေးချယ်ခံခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အာရှ -ပစိဖိတ်အုပ်စုတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံပေါင်း ၃၆ နိုင်ငံ ရှိပါသည်။ DSB ၏ ဥက္ကဋ္ဌတာဝန်အတွက် အဖွဲ့ကိုယ်စားအမည်စာရင်းတင်သွင်းသူ အဖြစ် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပသော အာရှ-ပစိဖိတ် အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးမှ ထိုင်း WTO အဖွဲ့ရုံး၏ အမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီးအား အများသဘောတူညီချက်ဖြင့် ကန့်ကွက်မှုမရှိဘဲ ရွေးချယ်ခဲ့ပါသည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်အနေဖြင့် ထိုင်းသံအမတ်ကြီး H.E. Ms. Sunanta Kangvalkulkij ၏ မေတ္တာရပ်ခံအကူအညီတောင်းခံချက်အရ DSB ဥက္ကဋ္ဌနေရာအတွက် ထိုင်းသံအမတ်ကြီးအား အာဆီယံအဖွဲ့၏ ကိုယ်စားလှယ်အဖြစ် အဆိုပြုနိုင်ရေး အာဆီယံအဖွဲ့အတွင်း၌ စတင်အဆိုပြုဆွေးနွေးခဲ့သည့်အပြင် အာရှ-ပစိဖိတ်အုပ်စု၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကျင်းပသော ပထမအကြိမ် အစည်းအဝေးတွင် DSB ဥက္ကဋ္ဌနေရာအတွက် ထိုင်းသံအမတ်ကြီးအား ရွေးချယ်နိုင်ရေး ထပ်မံတိုက်တွန်း ဆွေးနွေးခဲ့ပါသည်။ ၎င်းအပြင် DSB ဥက္ကဋ္ဌနေရာအတွက် ထိုင်းသံအမတ်ကြီးအား ထောက်ခံကြောင်းကို ၎င်းကိုသာ အုပ်စုကိုယ်စားလှယ်အဖြစ် စဉ်းစားရန် အကြံပြုချက်ကိုလည်း Acting Group Coordinator ဖြစ်သူ တောင်ကိုရီးယားသံအမတ်ကြီးသို့ အီးမေးလ်ပေးပို့ကာ အာဆီယံအဖွဲ့ကိုယ်စားလှယ် ရွေးချယ်ခံနိုင်ရေး တက်ကြွစွာ အကူအညီပေးနိုင်ခဲ့ပါသည်။ ထိုင်းသံအမတ်ကြီးအား DSB ဥက္ကဋ္ဌ နေရာအတွက် အာရှ-ပစိဖိတ်အုပ်စု ကိုယ်စားအဆိုပြုနိုင်ရေး အောင်မြင်စွာ အကူအညီပေးနိုင်ခဲ့သဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအား တစ်ဖက်တစ်လမ်းမှ မြှင့်တင်နိုင်ခဲ့သည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပိုမိုစည်းလုံးညီညွတ်မှုအတွက် အထောက်အကူပြုပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ General Council ဥက္ကဋ္ဌ၏ နောက်ဆုံးထုတ်ပြန်ချက်အရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထိုင်းသံအမတ်ကြီးအား DSB ဥက္ကဋ္ဌနေရာအတွက် တာဝန်ပေးအပ်ရန် ကန့်ကွက်သူမရှိသဖြင့် ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းသံအမတ်ကြီးအနေဖြင့် ၂၀၁၈ ခုနှစ်အတွက် DSB ဥက္ကဋ္ဌနေရာ တာဝန်ထမ်းဆောင်ပြီးပါက ၂၀၁၉ ခုနှစ်အတွက် General Council ဥက္ကဋ္ဌနေရာအတွက် အလိုအလျောက် တာဝန်ပေးခံရမည်ဖြစ်ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သက်ဆိုင်ရာ ကောင်စီ၊ ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ ၂၀၁၈ ခုနှစ်အတွက် ဥက္ကဋ္ဌ နေရာများကိုလည်း သက်ဆိုင်ရာအုပ်စုများအလိုက် စိတ်ဝင်စားသူများကို အဆိုပြုအမည်စာရင်း တင်သွင်းထားကြောင်း သိရှိရပါသည်။

**ဗီယက်နမ်နိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စု၏ Pangasius ငါးအမျိုးအစား တင်သွင်းမှုဆိုင်ရာ Measures နှင့်ပတ်သက်၍ အငြင်းပွားမှုဖြေရှင်းပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့တင်ပြမှု**

အမေရိကန်ပြည်ထောင်စု၏ Pangasius ငါးအမျိုးအစား တင်သွင်းမှုဆိုင်ရာ Measures ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများအား လိုက်နာမှုမရှိသည့်အတွက် အငြင်းပွားမှု ဖြေရှင်းပေးရန် ဗီယက်နမ်နိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဗီယက်နမ်နိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Dispute Settlement Body ဥက္ကဋ္ဌထံသို့ ကုန် သွယ်မှုအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ သဘောတူညီချက်၏ Article (4.4) အရ ပထမအဆင့်အနေဖြင့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု (Consultation) ပြုလုပ်ပေးနိုင်ရေး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်စွဲဖြင့် တရားဝင်အကြောင်းကြားစာ ပေးပို့ထားကြောင်း သိရှိရပါသည်။

---

**(ယခင်တစ်ပတ်မှအဆက်)**

**အာဆီယံဈေးကွက်အတွင်း အာမခံလုပ်ငန်း M & A အခြေအနေ (၂၀၁၆-၂၀၁၇)**

| လာရောက်ပူးပေါင်းသည့် ကုမ္ပဏီ | အပူးပေါင်းခံသည့် ကုမ္ပဏီ | အပူး ပေါင်းခံ ကုမ္ပဏီ တည်ရှိရာ နိုင်ငံ | ပူးပေါင်းသည့် ရာခိုင်နှုန်း | လုပ်ငန်းတန်ဖိုး (ကန်ဒေါ်လာ) |
|---|---|---|---|---|
| FWD Group | Shentom Insuranc Pte.Ltd. | စင်ကာပူ | ၉၀% | ၂၇. ၄ သန်း |
| "Mitsui Sumitomo Insurance Co." | "First Capital Insurance Ltd." | စင်ကာပူ | ၉၇. ၇၀% | ၁. ၅၅ ဘီလီယံ |
| "Aviva Insurance Corporation" | Vietin Bank Aviva Joint Venture Company | ဗီယက်နမ် | ၅၀% | - |
| FWD Group | "Great Eastern Vietnam" | ဗီယက်နမ် | ၁၀၀% | ၄၈. ၂ ဘီလီယံ |
| "Samsung Fire & Marine Insurance Company Limited" | PJICO | ဗီယက်နမ် | ၂၀% | ၂၇. ၄ သန်း |
| Aetna Inc. | Bupa Thailand | ထိုင်း | ၁၀၀% | - |
| "Etiqa International Holdings Sdn Bhd" | "PT Asuransi Asoka Mas" | အင်ဒိုနီးရှား | ၇၅% | ၁၅. ၉ သန်း |
| "Pudential Financial Inc." | CT Corp, Asuransi Jiwa Mega Indonesia | အင်ဒိုနီးရှား | ၄၉% | - |
| "Zurich Insurance Co.,Ltd." | "MAA Takaful Berhad" | မလေးရှား | ၁၀၀% | ၁၃၄ သန်း |
| "AXA Affin General Insurance Bhd" | "Felda Marketing Services Sdn Bhd" | မလေးရှား | ၇. ၀၇% | ၂၄. ၃ သန်း |

# အာမခံလုပ်ငန်းများ ပိုမိုပေါင်းစည်းလျက်ရှိသော အာဆီယံ

**| သိန်းမြင့်ဝေ |**

**အာမခံဝန်ဆောင်မှုပေးသော ဘဏ်များ၏ အခန်းကဏ္ဍ**

ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် အာမခံကုမ္ပဏီတို့ကြား ပူးပေါင်းဆောင်ရွက်ခြင်းကို အာမခံဘဏ် လုပ်ငန်း (Bancassurance) ဟူ၍ ခေါ်ဆိုသည်။ တစ်နည်းအားဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုက ယင်း၏ ဖောက်သည်များသို့ အာမခံလုပ်ငန်းဝန်ဆောင်မှုများ (Insurance Products) ရောင်းချခြင်းကို ဆိုလိုပါသည်။ ထို့ပြင် အာမခံဘဏ်လုပ်ငန်း အစီအစဉ်အရ အာမခံလုပ်ငန်းများသည် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ ဖောက်သည်များသို့ အာမခံထုတ်ကုန်များ (Insurance Products) ရောင်းချခွင့်ရှိပါသည်။ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းက ဘဏ်နှင့် အာမခံကုမ္ပဏီတို့အတွက် အကျိုးအမြတ်ဖြစ်ထွန်းစေပါသည်။ ဘဏ်နှင့် အာမခံကုမ္ပဏီတို့အတွက် အမြတ်ရရှိရုံမျှသာမက ဖောက်သည်များအတွက်လည်း ပိုမိုအဆင်ပြေသည်ကို တွေ့ရသည်။

၂၀၁၆ ခုနှစ်အထိ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဟောင်ကောင်နှင့် တရုတ်ကဲ့သို့သော အာရှဈေးကွက် များတွင် အသက်အာမခံလုပ်ငန်းများ၏ အမြတ် ၆၀ ရာခိုင်နှုန်းခန့်သည် အာမခံဘဏ်လုပ်ငန်းမှ ရရှိခဲ့ပါသည်။ ဗီယက်နမ်ကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဘဏ်များပိုမိုထူထောင်လာသည်နှင့်အမျှ အာမခံဘဏ်လုပ်ငန်း (Bancassurance) ပိုမိုထွန်းကားလာဖွယ်ရှိပါသည်။

**ရေရှည်ခံမည့် M & A တိုးတက်မှုအလားအလာ**

အာရှ-ပစိဖိတ်ဒေသရှိ အာမခံဈေးကွက်တွင် ကုမ္ပဏီများပေါင်းစည်းခြင်း (M & A) သည် သိသိသာသာ စတင်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ဤတိုးတက်မှုသည် ရေရှည်ဆက်တိုက်ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့် ဆိုသော် အာမခံထုတ်ကုန်များ (Insurance Products) ကို ဝယ်ယူမည့် ဝင်ငွေအလယ်အလတ်တန်းစား စားသုံးသူအရေအတွက် တိုးတက်လျက်ရှိသောကြောင့်ဖြစ်သည်။ ထို့ပြင် အဆိုပါစားသုံးသူများသည် စုဆောင်းခြင်းနှင့် ရင်းနှီး မြှုပ်နှံခြင်းကဲ့သို့သော ဥစ္စာနေစီမံခန့်ခွဲမှုလုပ်ငန်းများ (Wealth Management Services) ကိုပိုမိုအသုံးပြုလာနိုင်သောကြောင့်ဖြစ်သည်။ ထိုမျှသာမက နည်းပညာနှင့် ဆန်းသစ်ပြောင်းလဲခြင်း (Technology and Innovation) ကလည်း ဒေသ၏ အာမခံလုပ်ငန်းနှင့်ဆက်နွယ်နေသော M & A လုပ်ဆောင်ချက်များကို တိုးတက်စေနိုင်သည်။

M&A သည် ဘဏ်များနှင့် အာမခံလုပ်ငန်းများကြားတွင်လည်း ဆောင်ရွက်လာနိုင်သည်။ ဘဏ်နှင့် အာမခံကုမ္ပဏီကြားလုပ်ငန်းပေါင်းစည်းခြင်းကို နည်းလမ်းနှစ်သွယ်ဖြင့်ဆောင်ရွက်နိုင်သည်။ အာမခံကုမ္ပဏီ၏ ငွေကြေးစာချုပ် (Insurance Portfolio) တစ်စိတ်တစ်ပိုင်းကို ဘဏ်များကဝယ်ယူသည့် နည်းလမ်းနှင့်ဘဏ်၏ ငွေကြေးစာချုပ်ကို အာမခံကုမ္ပဏီများက ဝယ်ယူသည့် နည်းလမ်းတို့ဖြစ်သည်။

**Source: aseantoday**

# ကမ္ဘာ့တောင်ဘက်ခြမ်းဒေသများတွင် ပူးပေါင်းဆောင်ရွက်မှုများပိုမိုပြုလုပ်လာသည့် အာဂျင်တီးနားနိုင်ငံ

| ဒေါက်တာရွှေစင်ကို |

တောင်အမေရိကတိုက်တွင် တည်ရှိသည့် အာဂျင်တီးနားနိုင်ငံ၌ Buenos Aires Plan of Action ချမှတ်ပြီးဆယ်စုနှစ်လေးစုအကြာတွင် ကမ္ဘာ့တောင်ဘက်ခြမ်းပူးပေါင်းဆောင်ရွက်မှု (SSC) မှာ ၎င်းနိုင်ငံ၏နိုင်ငံတော်မူဝါဒတစ်ရပ်အဖြစ် ပိုမိုပေါင်းစည်းလာပါသည်။ ထိုသို့အခြားသောနိုင်ငံများနှင့် မိတ်ဖွဲ့၍ပေါင်းစည်းမှုပြုရခြင်းမှာ နိုင်ငံအချင်းချင်းနှင့် နိုင်ငံသုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သည့်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ဦးတည်၍ အတူတကွဆောင်ရွက်သွားကြရန်ဖြစ်ပါသည်။

အာဂျင်တီးနားနိုင်ငံတွင်ဖွံ့ဖြိုးတိုးတက်မှုအတွက် မိတ်ဖက်ဖွဲ့ဆောင်ရွက်ရာ၌နှစ်ပေါင်း ၂၅နှစ်ကျော် အတွေ့အကြုံနှင့် Argentine ရန်ပုံငွေရှိပါသည်။ အာဂျင်တီးနားနိုင်ငံသည်အပြည်ပြည်ဆိုင်ရာ ပူး ပေါင်းဆောင်ရွက်ရေးစီမံကိန်းများတွင် နည်းပညာအကူအညီပေးခြင်းမှတစ်ဆင့် ပိုမိုတွန်းအားပေးလည်ပတ်သည့်ဖွံ့ဖြိုးတိုးတက်မှုရရှိကာအကောင်းဆုံးသောလက်တွေ့ကျင့်သုံးမှုများ၊ ဗဟုသုတနှင့် နည်းပညာဖလှယ်ခြင်းတို့မှတစ်ဆင့် စွမ်းရည်တည်ဆောက်သွားရန် ရည်ရွယ်ထားပါသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းလူမှုအဖွဲ့အစည်းများ၊ ကုန်သည်အသင်းအဖွဲ့များ၊ တက္ကသိုလ်များနှင့် အခြားအဖွဲ့အစည်းများကပါ အာဂျင်တီးနား၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမူဘောင်အတွင်းပါဝင်လာကြသဖြင့် ပိုမိုကြီးမားသည့်သက်ရောက်မှုများရရှိခဲ့ပါသည်။ ၁၉၉၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်းနိုင်ငံပေါင်း ၇၀တွင် အာဂျင်တီးနားနှင့် နိုင်ငံခြားကျွမ်းကျင်သူပေါင်း ၆၅၀၀ကျော်နှင့် ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း ၂၀၀၀ တို့ဖြင့် စီမံကိန်းပေါင်း ၉၅၀၀ ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

အာဂျင်တီးနားနိုင်ငံသည်၁၉၉၂ ခုနှစ်တွင် တည်ထောင်ခဲ့သော နိုင်ငံခြားရေးနှင့် ကိုးကွယ်ယုံကြည်မှုဝန်ကြီးဌာန (အတိုကောက်အမည်မှာ FO.AR)မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်နေခြင်းဖြစ်ပါသည်။ ၎င်းဝန်ကြီးဌာန၏ လုပ်ငန်းနယ်ပယ်များမှာ စိုက်ပျိုးရေးလုပ်ငန်း၊ တီထွင်ဖန်တီးသည့်လုပ်ငန်းများ၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်၊ ကုန်ထုတ်စွမ်းအားရှိသည့် နည်းပညာတီထွင်မှု၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေးနှင့်ယဉ်ကျေးမှု၊ လုံခြုံရေး၊ တရားမျှတရေးနှင့် လူ့အခွင့်အရေး၊ ပြည်သူ့တီထွင်ဆန်းသစ်မှုစီမံခန့်ခွဲမှု၊ လူမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစသည့် အမျိုးအစားများ ပေါ်တွင် အခြေခံကာ စီမံကိန်းများကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

FO.ARမှတစ်ဆင့် ရန်ပုံငွေထောက်ပံ့ပေးသည့် အာဂျင်တီးနား၏ ပူးပေါင်းဆောင်ရွက်မှုပုံစံများမှာ အာဂျင်တီးနားကျွမ်းကျင်သူအဖွဲ့ စေလွှတ်ခြင်း၊ နိုင်ငံခြားပညာရှင်များကိုစေလွှတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကျင်းပပေးခြင်းတို့ ဖြစ်ပါသည်။

အကျိုးအမြတ်မယူသည့် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများသည် နည်းပညာအကူအညီအတွက် FO.ARမှတစ်ဆင့် လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို www.cooperationarg.gob.ar မှ ရယူနိုင်ပါသည်။ ထို့နောက် ၎င်းတို့သည် သတင်းအချက်အလက်နှင့် အကဲဖြတ်မှုများအတွက် ၎င်းတို့နိုင်ငံရှိအာဏာပိုင်များထံသို့ တောင်းဆိုမှုအားပေးပို့နိုင်ပြီး ၎င်းအာဏာပိုင်များကသက်ဆိုင်ရာ အာဂျင်တီးနားသံရုံးဆီသို့ ဆက်လက်ပေးပို့ပေးမည်ဖြစ်ပါသည်။

သက်ဆိုင်ရာနိုင်ငံ၏ အာဂျင်တီးနားသံရုံးသည် ဒုတိယအကြိမ်အကဲဖြတ်မှုပြုလုပ်ပြီး အာဂျင်တီးနားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးညွှန်ကြားရေးမှူးချုပ်ထံသို့ တောင်းဆိုချက်ကို ဆက်လက်ပေးပို့ပါသည်။ ၎င်းအဆိုပြုချက်၏ ဖြစ်နိုင်ခြေဆန်းစစ်ချက်ကို ဆက်လက်ပြုလုပ်ပြီး အကောင်အထည်ဖော်ဆောင်မှုအတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများအားလုံးကို ဆက်လက်ဆောင်ရွက်ပါသည်။ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးချုပ်သည် စီမံကိန်းများကို နောက်ဆုံးအတည်ပြုချက်အတွက် တာဝန်ရှိသည့်အာဏာပိုင်ဖြစ်ပါသည်။

စီမံကိန်းအတည်ပြုမှုအပေါ် စီမံကိန်းတွင် ပူးပေါင်းပါဝင်မည့် ခေါင်းဆောင်များနှင့် ကျွမ်းကျင်ပညာရှင်များအားခန့်အပ်ခြင်း၊ ဦးဆောင်နေသည့် အာဂျင်တီးနားအဖွဲ့အစည်းများနှင့် တိုင်ပင်ဆောင်ရွက်ခြင်းတို့ကိုဆက်လက်ပြုလုပ်သွားခြင်းဖြစ်ပါသည်။ အပြီးသတ်လုပ်ငန်းအစီအစဉ်မူကြမ်းရေးဆွဲခြင်း၊ လက်မှတ်များနှင့် ကျန်းမာရေးအာမခံများ ထုတ်ပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများတွင် ပါဝင်မည့် အာဂျင်တီးနား သို့မဟုတ် နိုင်ငံခြားသားကျွမ်းကျင်သူအတွက်နေ့တွက်စရိတ်ထုတ်ပေးမှုများအပေါ် သက်ဆိုင်ရာနိုင်ငံမှ မိတ်ဖက်များနှင့် အကောင်အထည်ဖော်သည့် အေဂျင်စီများ နှင့်အတူ FO.ARမှ ပူးပေါင်း ဆောင်ရွက်သွားခြင်းဖြစ်ပါကြောင်း အာဂျင်တီးနားနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပေါ် လေ့လာရေးသားလိုက်ပါသည်။

❑

# တရုတ်နည်းပညာသုံး လျှပ်စစ်ဘတ်စ်ကား ပထမဆုံးအကြိမ်အဖြစ် လမ်းကြောင်းရှည်ပြေးဆွဲမည်

ဂျာမန် ကားကုမ္ပဏီတစ်ခု ဖြစ်သော FlixBus သည် လျှပ်စစ်စွမ်းအင်အပြည့်အဝသုံးနိုင်မည့် လျှပ်စစ်ဘတ်စ်ကားဖြင့် ကမ္ဘာ့ပထမဆုံးအကြိမ်အဖြစ် ခရီးဝေးပြေးဆွဲရန်စီစဉ်လျက်ရှိသည်။ အဆိုပါကားသည် တရုတ်ဘတ်စ်ကားတီထွင်သူများ၏ ဖန်တီးမှုလက်ရာသစ်ဖြစ်သည်။ ထို့ပြင် ပြင်သစ်နိုင်ငံရှိ ပဲရစ်မြို့နှင့် အက်မီရန်မြို့တို့တွင်လည်း ပထမဆုံး လျှပ်စစ်ဘတ်စ်ကားများအား လာမည့်ဧပြီလမှစ၍ စမ်းသပ်ပြေးဆွဲမည်ဖြစ်သည်။ အဆိုပါ လျှပ်စစ်ဘတ်စ်ကားများကို တရုတ်နိုင်ငံ၏ ဘတ်စ်ကားကုမ္ပဏီ ဂျန်ဖူးယူတောင်းမှ ဖန်တီးပေးထားခြင်းဖြစ်ကြောင်းသိရသည်။

ဂျာမနီနိုင်ငံ၏ ၂၀၁၈ ခုနှစ် နွေရာသီတွင် ဒုတိယမြောက် FlixBus အားဟက်ဆန်ပြည်နယ်နှင့် ဘာဒန်ဝပ်တာဘက်ပြည်နယ်ကြား လမ်းမကြီး၌ ပြေးဆွဲရန်ရည်ရွယ်ထားပြီး နွေရာသီ ခရီးသွားများအတွက် ပြည်တွင်းခရီးစဉ် လမ်းကြောင်းများတွင်လည်း တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း FlixBus ကုမ္ပဏီက ထုတ်ပြန်ထားသည်။ ထိုခရီးလမ်းကြောင်းတွင် ပြေးဆွဲမည့် လျှပ်စစ်ဘတ်စ်ကားများကိုမူ တရုတ်ဘတ်စ်ကားကုမ္ပဏီ BYD မှ တာဝန်ယူမည်ဖြစ်သည်။

"လျှပ်စစ်စွမ်းအင်သုံးပြီးမောင်းနိုင်တဲ့ယာဉ် (E - Mobility) တွေဟာ အဆန်းသစ်ဆုံးသော အတွေးအခေါ်နဲ့ နည်းပညာ ပေါင်းစပ်မှုကနေတစ်ဆင့် ပေါ်ထွက်လာခြင်းဖြစ်တယ်။ တရုတ်လျှပ်စစ်ဘတ်စ်ကားတွေဟာ သန့်စင်တဲ့ စွမ်းအင်သုံးထားတဲ့အတွက် ပတ်ဝန်းကျင်ထိခိုက်ပျက်ဆီးမှုကို ထိန်းသိမ်းနိုင်တဲ့အပြင် ထွန်းကားမှု အကောင်းဆုံးအနေအထားမှာ လောလောဆယ်ရောက်ရှိနေတယ်လို့ ဆိုရမှာဖြစ်တယ်" ဟု FlixBus ကရှင်းပွားမီဒီယာတွင် ပြောခဲ့သည်။

ထိုလျှပ်စစ်ဘတ်စ်ကားများသည် လက်ရှိတွင် ကီလိုမီတာ နှစ်ရာ ခရီးကို သွားနိုင်ပြီး လျှပ်စစ်ဘတ်စ်ကားတွင် သုံးထားသည့်ဘက်ထရီများအတွက် နည်းပညာများ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသဖြင့် အနာဂတ်ကာလတွင် ပိုမိုကွာဝေးသည့် နေရာများသို့ သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီကားတွေဟာ လျှပ်စစ်စွမ်းအင်သုံးပြီး မောင်းနိုင်တဲ့ယာဉ်တွေအတွက် အလှည့်အပြောင်းတစ်ခုဖြစ်ပြီး အလားအလာကောင်းတစ်ခုလို့ ဆိုရမှာပါ။ ပထမဆုံးလျှပ်စစ်စွမ်းအင် အပြည့်အဝသုံး လျှပ်စစ်ဘတ်စ်ကားတွေဟာ ဒီဇယ်အသုံးပြုကားတွေနဲ့ ဘတ်စ်ကား ထုတ်လုပ်နေတဲ့ လုပ်ငန်းတွေအတွက် တိုးတက်မှုနဲ့ ဖန်တီးမှုအသစ်တွေ လုပ်ဆောင်ဖို့အချက်ပြမှုတစ်ခုပါပဲ။ FlixBus အနေနဲ့ ပထမဆုံး ဒီလိုလျှပ်စစ်စွမ်းအင် အပြည့်အဝသုံး ဘတ်စ်ကားကို ဦးဆုံးပြေးဆွဲနိုင်လို့ ဂုဏ်ယူပါတယ် ။ ရှေ့ဆက်ပြီး လူစီးကားတွေနဲ့ ရထားတွေကိုလည်း ခုလိုလုပ်ဆောင်နိုင်ဖို့ ကြိုးစားသွားမှာပါ "လို့FlixBus တည်ထောင်သူ Andre Schwammlein က ဆိုသည်။




တရုတ်နိုင်ငံ၏ လျှပ်စစ်စွမ်းအင်သုံးယာဉ်များအတွက် နည်းပညာသည် လျင်မြန်စွာ တိုးတက်လျက်ရှိသည်။ ယခင်က ဘတ်စ်ကားများတွင် လျှပ်စစ်စွမ်းအင် အပြည့်အဝအသုံးပြုနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ယခုအခါ ခြေလှမ်းသစ် စတင်နိုင်ခဲ့ပြီဖြစ်ကာ သန့်စင်သောစွမ်းအင်ဖြစ်သည့် လျှပ်စစ်သည် စွမ်းအင်လောကတွင် ရေပန်းစားလျက် ရှိသည်။ FlixBus ကုမ္ပဏီကို ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဥရောပ၏ အကြီးဆုံးအဝေးပြေး ဘတ်စ်ကားကုမ္ပဏီတစ်ခုဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ခရီးသည် သန်းလေးဆယ်ခန့်အား သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကြည်သာသစ်နိုင်**

# ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်တွင် မြေဈေးအဆမတန်မြင့်တက်လာ

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်ရှိ ဆင်ခြေဖုံးဒေသများတွင် ဈေးကွက်လိုအပ်ချက် များပြားလာမှုကြောင့် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှစပြီး မြေဈေးများ အဆမတန် မြင့်တက်နေကြောင်း သိရသည်။

"တရုတ်နှစ်သစ်ကူး ကာလပြီးကတည်းက ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းထိ တဖြည်းဖြည်းတက်နေခဲ့တာ မြို့ပြင်က တချို့နေရာတွေဆိုရင် ၃၀ ရာခိုင်နှုန်းအထိတောင် ဈေးက တက်လာတယ်"လို့ အိမ်ခြံမြေ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီ တစ်ခုကပြောသည်။

"၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းက ဗီယက်နမ်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံ တန်တဲ့ မြေကွက်ကို တရုတ်နှစ်ကူးပြီးမှ ဝယ်မလို့ စီစဉ်ထားတာ အခုအခြားလူက ၃ ဒသမ ၉ ဘီလီယံ ဝယ်သွားတယ်"လို့ မြေဝယ်မည့်သူတစ်ဦးကဆိုသည်။

"ကျွန်တော် အရင်က ဗီယက်နမ်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံနဲ့ဝယ်ထားတဲ့ ၁၂၀ စတုရန်းမီတာ ကျယ်တဲ့မြေကွက်ကို အခု ဗီယက်နမ်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံနဲ့ လာဝယ်တယ်။ ဒါပေမဲ့ မရောင်းသေးဘူး။ ဈေးကတက်ဦးမယ်လို့ ကျွန်တော် ထင်တယ်"ဟု မြေပိုင်ရှင်တစ်ဦးက ပြောသည်။

ဟိုချီမင်းမြို့တော်၏အရှေ့ဘက်ခြမ်းတွင် အိမ်ခြံမြေ အဆောက်အဦများ ထူထပ်များပြားလျက်ရှိသဖြင့် လူနေကျဲပါးသော မြို့တော်အနောက်ဘက်ခြမ်းရှိ မြေလွတ်မြေရိုင်းများကို ဝယ်ယူမှုတို့ကြောင့် ယင်းသို့ ဈေးများတက်လာခြင်းဖြစ်ပြီး စတော့ရှယ်ယာရောင်းဝယ်သူများကလည်း အဆိုပါမြေကွက်များကို ဝယ်ယူလျက်ရှိကြောင်းသိရသည်။ ဘဏ်များ၏ ဘဏ်တိုးနည်းပါးမှုသည်လည်း မြေရင်းနှီးမြှုပ်နှံမှု၏ အကြောင်းရင်းတစ်ရပ်ဖြစ်ပြီး ရှိသင့်ရှိထိုက်သော ဈေးထက်ပိုမိုပေးချေ ဝယ်ယူနေမှုများကို ထိန်းချုပ်ရန်လိုအပ်ကြောင်း အိမ်ခြံမြေဈေးကွက်မှ သိရသည်။

**ကြည်သာသစ်နိုင်**




# International Trade Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

Call Centre : (+951) 231 7770
Hotline :
(+951) 378 644 - Trade (Import/ Export)
(+951) 378 643 - Outward Remittance
(+951) 378 645 - Inward Remittance

www.cbbank.com.mm
CBBankmyanmar
trade.dept@cbbank.com.mm

# Shwe Pu Zun
## Cafeteria & Bakery House





























**SHWE PU ZUN Cafeteria & Bakery House**

**Shop(1)** No.246/248, Anawrahta Rd, Lanmadaw Township,Yangon.
*Tel : 01-222305, 211709, 227171, Fax : 951-227771*

**Shop(2)** No.14-A, Minnandar Rd, Dawbon Township, Yangon.
*Tel : 01-553062, 553063, 553064*

**Shop(3)** No.42, Oaktarathiri Township, Near InGyinPanWyne, Nay Pyi Taw
*Tel : 067-417100, 417200, 417201*

# COMMERCE INTERNATIONAL




## စင်ကာပူ၏ နေထိုင်မှု အရည်အသွေး အဆင့်အတန်းသည် အာရှတွင်ထိပ်ဆုံး၌ရှိ

စင်ကာပူသည် အာရှတိုက်၌နေထိုင်မှု အဆင့်အတန်း အမြင့်မားဆုံးအနေအထားကို ဆက်လက်ထိန်းသိမ်းထားကြောင်း လူသား အရင်းအမြစ် စစ်တမ်းကောက်ယူရေးလုပ် ငန်း Mercer ၏ အကြိမ် (၂၀) မြောက် နေထိုင်မှု အရည်အသွေး အဆင့်အတန်းနှစ်ပတ်လည် စစ်တမ်းကို ကိုးကား၍ စထရိတ်တိုင်းမ်သတင်း တွင်ဖော်ပြသည်။

စစ်တမ်းသုံးသပ်ချက်ကို ပြုစုရာတွင် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာအထိ ကောက်ခံထားသော အချက်အလက်များကို အခြေခံဖော်ပြထားခြင်းဖြစ်သည်။ နှစ်ပတ်လည်စစ်တမ်းကို မြို့ကြီး ၂၃၁ မြို့အား ကောက်ခံပြုစုထားခြင်းဖြစ်သည်။

နေထိုင်၍ အကောင်းဆုံးမြို့များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်နေကြသော လုပ်ငန်းရှင်များကို ဆွဲဆောင်မှုပေးနိုင်ကြောင်း Mercer ၏ အာရှ၊ အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် တူရကီဆိုင်ရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် မစ္စတာ မာရီယို ဖာရာရိုကပြောသည်။

"စင်ကာပူလို အောင်မြင်မှုရတဲ့မြို့က တွေ့ရဖို့နည်းပါတယ်။ စင်ကာပူက မျိုးဆက် တစ်ခုတည်းရဲ့အချိန်ကာလအတွင်းမှာ တတိယ ကမ္ဘာနိုင်ငံဘဝမှ ပထမကမ္ဘာနိုင်ငံဘဝသို့ ရောက်ရှိအောင်ဆောင်ရွက်ပြီး အနာဂတ်လုပ်ငန်းစဉ်များအတွက် အသင့်အနေအထားကို ရောက်ရှိခဲ့တဲ့ မြို့ဖြစ်ပါတယ်"ဟု သူကပြောသည်။

တစ်ကမ္ဘာလုံး ခြုံကြည့်မည်ဆိုပါက ဗီယင်နာမြို့သည် ပထမနေရာတွင် ကိုးနှစ်ဆက်တိုက်ရောက်ရှိခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ၊ မြို့တစ်မြို့ဖြစ်သော ဇူးရစ်က ဒုတိယနေရာကို ရယူထားသည်။ မြူးနစ်နှင့် အောက်ကလန်မြို့တို့က တတိယနေရာကို ပူးတွဲယူထားသည်။ ဥရောပဒေသတွင် စီးပွားရေး မတည်မငြိမ်ဖြစ်နေသော်လည်း ဥရောပရှိ မြို့အများစုမှာ ကမ္ဘာ့အရည်အသွေး အဆင့်အတန်း အမြင့်မားဆုံးမြို့များအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း Mercer က ပြောသည်။

အာရှတိုက်တွင် ဂျပန်နိုင်ငံ၏ မြို့ကြီးများက ထိပ်ဆုံးသုံးမြို့အဖြစ် ပါဝင်နေသည်။ တိုကျိုနှင့် ကိုဘီမြို့များက အာရှတွင် ပူးတွဲ ဒုတိယနေရာနှင့် ကမ္ဘာ့အတိုင်းအတာအရ အမှတ် ၅၀ နေရာတွင် ရရှိထားသည်။ ယိုကိုယားမားမြို့က အာရှတွင် တတိယနှင့် ကမ္ဘာ့အဆင့်အရ အမှတ် ၅၅ နေရာတွင်ရှိသည်။ ကမ္ဘာ့အဆင့်အရ တရုတ်နိုင်ငံ၏မြို့များအနက် ဟောင်ကောင်က အဆင့် ၇၁၊ ရှန်ဟဲနှင့် ပေကျင်းက အဆင့် ၁၀၃ နှင့် ၁၁၉ နေရာတို့တွင် ရှိသည်။ ဒေသတွင်း၌ နိုင်ငံရေးမတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ဆိုးလ်မြို့သည် အဆင့် ၃ ဆင့် ကျဆင်းကာ အမှတ် ၇၀ နေရာတွင်ရှိကြောင်း Mercer က ပြောသည်။

အရှေ့တောင်အာရှဒေသတွင်း၌ ကွာလာလမ်ပူမြို့သည် ဒုတိယနေရာတွင်ရှိပြီး ကမ္ဘာ့အတိုင်းအတာအရ အဆင့် ၈၅ နေရာကို ရယူထားပြီး ဗန်ကောက်မြို့က ၁၃၂ နေရာကိုရယူထားသည်။ ပစိဖိတ်ဒေသမြို့များအနက် ဆစ်ဒနီမြို့သည် ကမ္ဘာ့အတိုင်းအတာအရ အမှတ် ၁၀၊ ဝယ်လင်တန်က အမှတ် ၁၅ နှင့် မယ်လ်ဘုန်းက အမှတ် ၁၆ နေရာကို ရယူထားကာ ကမ္ဘာ့အတိုင်းအတာအရ ထိုမြို့များမှာ အမှတ် ၂၀ အတွင်းတွင် ပါဝင်လျက်ရှိသည်။ မြောက်အမေရိကတွင် ကနေဒါမြို့ ဗင်ကူးမားက ကမ္ဘာတွင် အဆင့်ငါးနေရာကို ရယူထားပြီး ဥရုဂွေးနိုင်ငံမှ မွန်တက်ဗီဒီယိုက အဆင့် ၇၇ နေရာတွင်ရှိသည်။

## တောင်ကိုရီးယားလူငယ်များအတွက် အလုပ်အကိုင်ဖန်တီးရန် ပင်လယ်ရပ်ခြားသို့ ရောက်ရှိနေသော စီးပွားရေးလုပ်ငန်းများကိုပန်ကြား

လူငယ်များအတွက် အလုပ်အကိုင်ဖန်တီးရေးလုပ်ငန်းများကို တိုးမြှင့်ထောက်ပံ့ရန်နှင့် ကိုင်တွယ်ဖြေရှင်းမပေးပါက ကပ်ရောဂါသဖွယ် ဖြစ်လာနိုင်သည့်အတွက် လူငယ်အလုပ်လက်မဲ့နှုန်းမြင့်မားမှုကို ကူညီလျှော့ချပေးရန် ပင်လယ်ရပ်ခြားသို့ရောက်ရှိနေသော တောင်ကိုရီးယားကုမ္ပဏီများအား သမ္မတ မွန်ဂျေးအင်းက မတ် ၂၃ ရက်က နှိုးဆော်တိုက်တွန်းကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

"အားလုံးသိကြတဲ့အတိုင်းပါပဲ။ ဒီကနေ့ခေတ်ကာလမှာ ကျွန်တော်တို့ရဲ့ လူငယ်တွေအတွက် ကျွန်တော်တို့အများကြီး ပူပန်နေရပါတယ်။ အထူးသဖြင့် အသက် ၂၀ ကျော်အရွယ် လူငယ် အလုပ်လက်မဲ့အရေအတွက်က လာမယ့်သုံးနှစ်ကနေ လေးနှစ်အတွင်း လျင်မြန်စွာ တိုးပွားလာမှာဖြစ်တဲ့အတွက် အခက်အခဲတွေ အများကြီး ကြုံရမယ်လို့ ခန့်မှန်းထားပါတယ်" ဟု သမ္မတက အာဆီယံအသင်းဝင် ၁၀ နိုင်ငံရှိ တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းများက မိမိတို့ဆန္ဒအလျောက် အလုပ်အကိုင်ဖန်တီးရေး အစီအစဉ်စတင်သော အခမ်းအနားတွင် ပြောခဲ့သည်။ သမ္မတမွန်းသည် အခမ်းအနားကျင်းပရာ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ သုံးရက်ကြာ အလည်အပတ်လာရောက်ခြင်းဖြစ်သည်။ မွန်းသည် ဗီယက်နမ်သမ္မတ ထရန်နိုင်ကွမ်းနှင့် နှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အစီအစဉ်အရ အာဆီယံနိုင်ငံများရှိ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်း ၂၀၀ ခန့်က အနည်းဆုံး ကိုရီးယားဝန်ထမ်းသစ်တစ်ဦးကိုခန့်ထားပေးရန် ကတိပြုခဲ့သည်။

"အစိုးရက မတ် ၁၅ ရက်နေ့မှာ လူငယ်အလုပ်အကိုင်ခန့်ထားရေးအစီအမံများကို ကြေညာခဲ့ပါတယ်။ နောက်ထပ်ဖြည့်စွက်ဘတ်ဂျက်ရေးဆွဲပြီး အလုပ်အကိုင်သစ်တွေဖန်တီးဖို့ အစိုးရက အစွမ်းကုန်ကြိုးစားသွားမှာဖြစ်ပါတယ်။ ဒါပေမယ့် လူငယ်လူရွယ်တွေအတွက် အလုပ်အကိုင်ဖန်တီးရေးမှာ တစ်ဟုန်ထိုး တိုးမြှင့်အောင် ဖြေရှင်းနိုင်တဲ့ နည်းလမ်းမရှိသေးပါဘူး" ဟု သမ္မတက ပြောသည်။

အာဆီယံနိုင်ငံများရှိ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများအားလုံးက အနည်းဆုံးဝန်ထမ်းသစ်တစ်ဦးစီ ခန့်ထားသွားပါက လူငယ် ၉၀၀၀ နီးပါး အလုပ် အကိုင်ရနိုင်ကြောင်းနှင့် ဤအချက်မှာ ပြဿနာအတွက် အဖြေဖြစ်နိုင်ကြောင်း သူကဆိုသည်။

ညဏ်တင် စုစည်းသည်

## နည်းပညာအသုံးချမှုက မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ဗီယက်နမ် စီးပွားရေးလုပ်ငန်းများအား အထောက်အကူပေး

ခေတ်မီနည်းပညာကို အသုံးပြုမှုက ဗီယက်နမ်မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ စီးပွားရေးလုပ်ငန်းများအား ထူးခြားသောရလဒ်များ ရရှိစေခဲ့မှုကို ကိုကန်သိုစီးတီး ဗီယက်နမ်ကုန်သည်ကြီးများအသင်းမှ မကြာသေးမီက ပြုလုပ်သော စစ်တမ်းအရ သိရကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။ ရလဒ်ကောင်းများရရှိပြီး ဝင်ငွေနှင့် အကျိုးအမြတ် ကောင်းမွန်ခဲ့သော ကုမ္ပဏီအရေအတွက်မှာ တစ်ဟုန်ထိုးမြင့်တက်ခဲ့ကြောင်း စစ်တမ်းအရ သိရသည်။

ဒေသတွင်း၌ အခြေစိုက်လုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီ ၃၉ ရာခိုင်နှုန်းနီးပါးမှာ လုပ်ငန်းများတိုးတက်ကောင်းမွန်လျက်ရှိပြီး ခုနှစ်ရာခိုင်နှုန်းနီးပါးမှာ ၂၀၁၆ ခုနှစ်ကထက် အခြေအနေတိုးတက်ကောင်းမွန်ခဲ့သည်။ ကုမ္ပဏီအားလုံး၏ ၆၄ ရာခိုင်နှုန်းမှာ ဝင်ငွေမြင့်တက်လာသည့်အတွက် သုံးနှစ်အတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ကြောင်း ဗီယက်နမ်ကုန်သည်ကြီးများအသင်းက ပြောသည်။

ကုမ္ပဏီပေါင်း၏ ၅၇ ရာခိုင်နှုန်းကျော်သည် ၂၀၁၇ ခုနှစ်က အကျိုးအမြတ်များ ရရှိခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်မြင့်တက်ခဲ့သည်။ ကုမ္ပဏီများ အောင်မြင်မှုရရှိခြင်းမှာ နည်းပညာကို အသုံးချမှုအပြင် လူသားအရင်းအမြစ်ကို လေ့ကျင့်သင်တန်းပေးခြင်းနှင့် လုပ်သားများ၏ စွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းတို့လည်း ပါဝင်ကြောင်း ကုန်သည်ကြီးများအသင်းက ပြောသည်။ ထို့အပြင် ကုမ္ပဏီများသည် ကုန်ကြမ်းများပေးသွင်းသူများ ရရှိရေးနှင့် ကုန်ချောဝယ်လက်များ ရရှိရေးအတွက် ကြိုးစားရှာဖွေပြီး ကုန်ကျစရိတ်သက်သာ၍ အရည်အသွေးကို တိုးတက်ကောင်းမွန်စေရန်အတွက် စီမံခန့်ခွဲမှုအရည်အသွေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အောင်မြင်မှုရရှိနေသော ကုမ္ပဏီများအနက် အများစုမှာ ကုန်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေ စသည့်လုပ်ငန်းများ ပါဝင်သည်။ ယခင်နှစ်က ကုန်ကျစရိတ်မြင့်မားခြင်း၊ တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ယှဉ်ပြိုင်မှုမြင့်မားခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်းတို့ကြောင့် ငါးမွေးမြူရေးလုပ်ငန်း ကုမ္ပဏီများမှာ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း ကုန်သည်ကြီးများအသင်းက ပြောသည်။

စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန်အတွက် စတုတ္ထစက်မှုတော်လှန်ရေးနည်းပညာ လူသားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ကုန်အမှတ်တံဆိပ် တိုးတက်ကောင်းမွန်ရေးတို့ကို အလေးပေးဆောင်ရွက်ကြရန် ကုမ္ပဏီများအား ကုန်သည်ကြီးများအသင်းက တိုက်တွန်းသည်။ ကုန်သည်ကြီးများသည် ဈေးကွက်၊ မူဝါဒများနှင့် ကုန်သွယ်ရေးသဘောတူစာချုပ်များအကြောင်းကို ရှင်းလင်းစွာ သဘောပေါက်နားလည်ထားရန်လိုကြောင်း အသင်းကပြောသည်။ ၂၀၁၇ ခုနှစ်က မြစ်ဝကျွန်းပေါ်ဒေသ၏ စီးပွားရေးသည် ၇ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ တစ်နိုင်ငံလုံး တိုးတက်နှုန်းဖြစ်သော ၆ ဒသမ ၈ ရာခိုင်နှုန်းထက် ပိုမိုခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ကုမ္ပဏီသစ် ၉၀၀၀ ကျော်ဖွဲ့စည်းထူထောင်ခဲ့ရာ ၂၀၁၆ ခုနှစ်ကရှိခဲ့သော ၇၇၆ ခုထက် ပိုမိုမြင့်မားခဲ့သည်။ လုပ်ငန်းများရပ်တန့်ထားရာမှ ပြန်လည်လုပ်ငန်းလုပ်ဆောင်သော ကုမ္ပဏီ ၂၀၀၀ နီးပါးရှိခဲ့သည်။